မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၃၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ မေ ၃၀ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဂျပန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တာတီရှိ ဟိုင်ဂူချီသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တာတီရှိ ဟိုင်ဂူချီအား နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အသစ်တည်ဆောက်မည့် ပန်းဆိုးတန်းဆိပ်ခံဘောတံတားသစ်ကြီး၏ ပုံစံငယ်ကိုတွေ့ရစဉ်။

ရန်ကုန်မြို့ ပန်းဆိုးတန်း ဆိပ်ခံဘောတံတားကို အဆင့်မီဆိပ်ခံဘောတံတားအဖြစ် တည်ဆောက်မည်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့နှင့် တစ်ဖက်ကမ်းရှိ ဒလတို့ကို ကူးလူးဆက်သွယ်သွားလာရာတွင် အဓိကနေရာဖြစ်သည့် ပန်းဆိုးတန်းဆိပ်ခံဘောတံတားကို ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အဆင့်မီ ဆိပ်ခံဘောတံတားအဖြစ် ပြန်လည်တည်ဆောက်မည်ဖြစ်ရာ မေ ၃၁ ရက်တွင် ပန္နက်တင် မင်္ဂလာအခမ်းအနားပြုလုပ်မည်ဖြစ်ပြီး ဇွန် ၁ ရက်မှစတင်ကာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်သွားမည်

လက်ရှိ ပန်းဆိုးတန်းဆိပ်ခံဘောတံတားသည် အရှည်ပေ ၁၂၀၊ ပေါင်းကူးတံတား ပေ ၈၀ နှင့် ချဉ်းကပ်တံတား ပေ၇၀ခန့်ရှိပြီး နှစ်ပေါင်း ၆၀ ကျော်ကြာအသုံးပြုခဲ့ပြီးဖြစ်၍ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နှစ်စဉ်ပြုပြင်ထိန်းသိမ်းမှုများ အစဉ်တစိုက်ပြုလုပ်နေရသည်။ အဆိုပါဆိပ်ခံဘောတံတားကို နေ့စဉ်အသုံးပြု၍ ပြည်သူသုံးသောင်းကျော်တို့သည် ဒလနှင့်တစ်ဖက်ကမ်း တွံတေး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီး၊ ခနောင်တိုစသည်တို့မှ ရန်ကုန်မြို့သို့ ကူးလူးသွားလာလျက်ရှိကြသည်။ ထိုသို့အသုံးပြုမှု ပိုမိုများပြားလာသည့်အလျောက် ကူးတို့သင်္ဘောများကိုလည်း အဆင့်မြှင့်ခဲ့ပြီး ပြည်သူများအတွက် ဘေးကင်းလုံခြုံသည့် ဆိပ်ခံဘောတံတားကို ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် တစ်နှစ်အတွင်းအပြီး အကောင်အထည်ဖော်

စာမျက်နှာ ၃ ကော်လံ ၃ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိခင်နို့တိုက်ကျွေးခြင်းသည်သာအကောင်းဆုံး

နို့တိုက်မိခင်များအနေဖြင့် ကလေးများကိုမွေးကင်းစမှ အသက်ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသင့်ကြောင်း ကလေးကျန်းမာရေးဆရာဝန်များက တိုက်တွန်းထားပါသည်။ မိခင်နို့ထဲတွင် ရေဓာတ် ၈၀ ရာခိုင်နှုန်းပါဝင်ခြင်းကြောင့် ရေနှင့်အခြားမည်သည့်ဖြည့်စွက်စာကိုမျှ တိုက်ကျွေးရန်မလိုဘဲ မိခင်နို့တစ်မျိုးတည်းသာ အသက်ခြောက်လပြည့်သည်အထိ တိုက်ကျွေးရမည်ဖြစ်ပါသည်။

ကလေးမိခင်များအနေဖြင့် အာဟာရဓာတ်စုံလင်စွာစားသုံးပေးသင့်ပါသည်။ နို့၊ ကြက်ဥ၊ သားငါးနှင့်အသီးအနှံများ လုံလောက်စွာ စားသုံးပေးသင့်ပါသည်။ သို့မှသာ ကလေးအတွက် အာဟာရပြည့်စုံလုံလောက်စွာရရှိမည်ဖြစ်ပါသည်။ မိခင်နို့သည် ကလေးအတွက် အာဟာရဖြစ်သကဲ့သို့ ဆေးလည်းဖြစ်ပါသည်။ မိခင်နို့တိုက်ကျွေးသော ကလေးများသည် ကျန်းမာသန်စွမ်းကြပြီး ခန္ဓာကိုယ်ကြီးထွားနှုန်းကို မြန်ဆန်စေနိုင်ပါသည်။ မိခင်နို့သည် ကလေးများအတွက် အကောင်းဆုံးဖြစ်ပါသည်။

သို့သော် အချို့သောမိခင်များက မွေးဖွားပြီးကလေးများကို နို့မှုန့်၊ နို့ဘူးများသာတိုက်ကျွေးကြသဖြင့် ကလေးများကျန်းမာရေးချို့တဲ့ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ခန္ဓာကိုယ်ကြီးထွားနှုန်းနှေးကွေးခြင်းတို့ဖြစ်တတ်ပါသည်။ နို့မှုန့်အချို့တွင် မယ်လ်မင်းကဲ့သို့သော အစာချေဖျက်နိုင်စွမ်းနည်းသည့် ဓာတ်ပစ္စည်းများပါဝင်တတ်ခြင်းကြောင့် ကလေးကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

အချို့သောမိခင်များက မွေးကင်းစကလေးများအား နို့မှုန့်၊ နို့ဘူးများသာမက ရေ၊ ပျားရည် အစရှိသဖြင့် တိုက်ကျွေးကြ၍ ကလေးများဝမ်းပျက်ဝမ်းလျှောကဲ့သို့ ရောဂါများဖြစ်ပွားရပါသည်။ မွေးကင်းစမှ အသက်ခြောက်လပြည့်သည့်တိုင်အောင် မိခင်နို့မှတစ်ပါး အခြားမည်သည့်အရာမျှ တိုက်ကျွေးခြင်းမပြုသင့်ပါ။ အသက်ခြောက်လကျော်လွန်မှသာ ကယ်လိုရီနှင့် အာဟာရဓာတ်များ ကျွေးမွေးသင့်ပါသည်။

အသက်ခြောက်လပြည့်သည်နှင့် နို့၊ ကြက်ဥ၊ ငါး၊ အသီးအနှံများ တဖြည်းဖြည်းကျွေးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ကယ်လိုရီနှင့် အာဟာရဓာတ်များရရှိလာပြီး ခန္ဓာကိုယ်ကြီးထွားခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးခြင်းအစရှိသဖြင့် ဇီဝကမ္မဖြစ်စဉ်များ တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

မွေးကင်းစကလေးများကို အိတ်ချ်အိုင်ဗွီရောဂါကူးစက်ခံနေရသည့် မိခင်များသည်ပင်လျှင် မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးရမည်ဟု ပညာရှင်တို့က တိုက်တွန်းထားပါသည်။ ထို့ကြောင့် မွေးကင်းစ ကလေးများအား အသက်ခြောက်လပြည့်သည့်တိုင်အောင် ရေအပါအဝင် အခြားဖြည့်စွက်စာများ လုံးဝတိုက်ကျွေးခြင်းမပြုဘဲ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အစီအစဉ်များဆွေးနွေး

နေပြည်တော် မေ ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့ (FAO) တို့ပူးပေါင်း၍ Inception Workshop on Formulation of National Action Plan for Poverty Alleviation and Rural Development Throught Agriculture ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် အမျိုးသားအဆင့် အစီအစဉ်များ ချမှတ်ခြင်း၊ စီမံကိန်းမှ ဆောင်ရွက်သွားမည့်အစီအစဉ်များ ချမှတ်ခြင်း၊ ဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၈ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အမှာစကားပြောကြားသည်။ ယင်းနောက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAOမှ Lead Technical Officer ဖြစ်သူ Mr. Aidam Gulliver က စီမံကိန်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းအစီအစဉ်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး FAO ရုံးချုပ်မှ Modderator ဖြစ်သူ Mis.Elisenda ကလည်း အုပ်စုအဖွဲ့များစုဖွဲ့၍ ဆွေးနွေးခြင်းတွင် နည်းပညာပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုတို့အား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော DRD, FAO,Lift Fund တို့မှ ကိုယ်စားလှယ်များသည် အုပ်စုအဖွဲ့များစုဖွဲ့၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအား လယ်ယာစိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် အမျိုးသားအဆင့် အစီအစဉ်များ ချမှတ်ခြင်း၊ စီမံကိန်းမှ ဆက်လက်ဆောင်ရွက်သွားမည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီပေါ၌ မြို့နယ်လုံးဆိုင်ရာ နွေရာသီ ရှမ်းစာပေသင်တန်းဆင်းပွဲကျင်းပ

သီပေါ မေ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ ရှမ်းစာပေသင်တန်းဆင်းပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီဝင်များ၊ ရှမ်းစာပေသင်တန်းသားများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဦးစိုင်းငို့ကွမ်းက သင်တန်းအစမှ အဆုံးတိုင်တက်ရောက်ကြသော သင်တန်းသားများကို ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ရှမ်းစာပေ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်သူများကို ဂုဏ်ပြုချီးမြှင့်၍လည်းကောင်း၊ သင်တန်းသားများကို ရှမ်းစာပေတတ်မြောက်သည်အထိ သင်ကြားပေးခဲ့သော ဆရာ ဆရာမများကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းချီးမြှင့်ပေးအပ်ကြသည်။ (ဓာတ်ပုံ)

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ရှမ်းရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

စိုင်း(သီပေါ)

ရွှေရတနာကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

စဉ့်ကိုင် မေ ၂၉

ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး နိုင်ငံနှင့် အဝန်းဆောင်ရွက်လျက်ရှိရာ စဉ့်ကိုင် မြို့နယ်ဆည်ရွာအခြေခံပညာ အတန်းကျောင်းတွင် အလှူရှင် ဦးချစ်ဆွေ- ဒေါ်ခင်လေးမြင့် မိသားစုက ဆောက်လုပ်လှူဒါန်းသော ရွှေရတနာကျောင်းဆောင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးညွန့်လွင်က အမှာစကားပြောကြားပြီး အလှူရှင် ဦးချစ်ဆွေက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်း

အဆိုပါ ရွှေရတနာကျောင်းဆောင်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိပြီး စာသင်ခန်း ကိုးခန်းပါကာ ငွေကျပ်သိန်းပေါင်း ၂၇၀ ကျော် အကုန်အကျခံကာ စဉ့်ကိုင်မြို့နယ်မင်းလှကျေးရွာနေ ဦးချစ်ဆွေ-ဒေါ်ခင်လေးမြင့်မိသားစုကဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

သောက်သုံးရေအတွက် ရေချိုရရှိစေရန် ကျေးရွာအတွင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

မိတ္ထီလာ မေ ၂၉

မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်း ကျေးရွာအုပ်စု မကြီးချောက်ကျေးရွာတွင်သောက်သုံးရေအတွက်ရေကောင်းရေသန့်များရရှိစေရန်နှင့် ကျေးရွာလူထု ရေခပ်ရေသယ်ကိစ္စအဆင်ပြေချောမွေ့လွယ်ကူစေရန်နှင့် ရေစင်မှ ရေပိုက်သွယ်တန်းနိုင်ရန် လိုင်းကျင်းများတူးဖော်ပြီး ရေပိုက်များစတင်သွယ်တန်းလျက်ရှိကြောင်း သိရသည်။

မကြီးချောက်ကျေးရွာတွင် အိမ်ခြေ ၂၀၀ ကျော်ရှိသော်လည်း ရေချိုရရှိသည့်နေရာမှာ အနည်းငယ်သာရှိသည်။ သောက်သုံးရေအတွက် ရေချိုကို ရွာ၏တောင်ပိုင်းမှာသာရရှိပြီး ကျန်ရှိသည့်နေရာများတွင် ရေငန်များသာရရှိသောကြောင့် သောက်သုံးရေအခက်အခဲများ ကြုံတွေ့ကြရသည်။

"ကျေးရွာမှာ တစ်ယူနစ်ငွေကျပ် ၅၀ နှုန်းဖြင့် ရေပေးနေပေမယ့် နွေရာသီမှာ ရေခန်းခြောက်ပြီး နေရာအနှံ့ရောက်ခြင်းမရှိတဲ့အတွက် သောက်သုံးရေလုံလောက်မှုမရှိဘူး၊ ဒါကြောင့် ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်းပြီး ရွာတောင်ဘက်ရှိ စည်ပင်ဦးစီးဌာနက တူးဖော်ပေးထားတဲ့ လေးလက်မ အဝီစိစက်ရေတွင်းမှ ကျေးရွာအတွင်းသို့ ရေဖြန့်ဝေပေးနိုင်ရေးအတွက် ရေစက်အတွက် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေစင်တည်ဆောက်ခြင်းပြီးစီး၍လိုင်းကျင်းများ တူးဖော်ပြီး မိန်းလိုင်းများကို သုံးလက်မရေပိုက်များ သွယ်တန်းပြီး ကျေးရွာအတွင်းရှိ အိမ်များသို့ သွားသည့်ပိုက်များကို နှစ်လက်မရေပိုက်တွေနဲ့ သွယ်တန်းသွားမှာဖြစ်ပါတယ်။ ရေပိုက်သွယ်တန်းပြီးလျှင်လည်း ကျေးရွာအတွင်းရှိ အိမ်များသို့ ရေမီတာစနစ်နဲ့ ပေးဝေသွားမည်ဖြစ်ပြီး ထိုသို့ပေးဝေရာတွင်လည်း အသက်သာဆုံးစနစ်နဲ့ ရေရှည်ခိုင်ခံ့အောင် ကော်မတီများ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးဆောင်ရွက်ပြီးစီးပါက ကျေးရွာအတွင်း နေရာအနှံ့သောက်သုံးရေအတွက် ရေချိုရရှိမှာဖြစ်ပါတယ်" ဟု ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးကော်မတီတစ်ဦးက ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

အမည်ပြောင်း

ဦးဉာဏ်သိန်း-ဒေါ်ခင်သန်းအေးတို့၏သမီး ဇင်းကျိုက်မြို့(အထက)မှ သတ္တမတန်းအောင် မနှင်းမြွေဖူးအား မစုအိန္ဒြေဟု အမည်ပြောင်းခေါ်ပါရန်။

မစုအိန္ဒြေ

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အိုမန်နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ရှိတ်ဆူတန် ဘင်ဆာဖ်ဘင်ဟေလာအယ်လ်မာရူကီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ရှိတ်ဆူတန်ဘင်ဆာဖ် ဘင်ဟေလာအယ်လ်မာရူကီ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

အောင်ဘာလေသိန်းထီ ဇွန် ၁ ရက်ဖွင့်မည်

ရန်ကုန် မေ ၂၉

ဇွန် ၁ ရက် တနင်္ဂနွေနေ့တွင် (၃၀၅)ကြိမ် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဇွန်လတွင် ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ သုံးဆု အပါအဝင် ဆုမဲပေါင်း ၂၃၄၆၃ ဆု ချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့လာသော ၁၉၀၉ ခုနှစ် ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီစည်းဝေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုချက်ဖြင့်ပေးပို့လာသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းစိစစ်သည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ရုံး အိုင်ဆောင်အမှတ်(၂)အပေါ်ထပ်တွင်ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်နှင့် တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ဝင်း၊ ဒေါ်သင်းသင်းခိုင်၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသော အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ဒေါ်ဒွဲဘူက ပြင်ပလက်တွေ့အခြေအနေတွင် ငွေချေးယူကြရာ၌ ဖြစ်ပေါ်နေသော အခြေအနေများအရ တရားစွဲဆိုရာတွင် ကာလစည်းကမ်းသတ်ဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် အခက်အခဲမဖြစ်စေရေး ပြင်ဆင်ရန် တင်ပြချက်များအပေါ်တွင် ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ-အမေရိကန် နှစ်နိုင်ငံပွဲ့ စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် အမေရိကန်ပြည်ထောင်စု လူနည်းစုကာကွယ်ရေး ဥပဒေပါမောက္ခ Mr. Tobias Wolff ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ၏ ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့်ကိစ္စရပ်များ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာလွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအတွင်းရေးမှူး ဦးအေးမောက်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်ထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မေတ္တာမွန်အဖွဲ့ (၇၂)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မေ ၂၉

အမှတ်(၂)တပ်မတော်ဆေးရုံခုတင် ၅၀၀ ၌ မေ ၂၈ ရက် နံနက် ၈ နာရီတွင် ရှိုင်းဟုပ်ကုမ္ပဏီမေတ္တာမွန်အဖွဲ့မှ သွေးလှူရှင် ၇၀တို့သည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအသုံးပြုရန် (၇၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။သွေးလှူဒါန်းပွဲတွင် ရှိုင်းဟုပ်ကုမ္ပဏီမေတ္တာမွန်အဖွဲ့မှ ဒေါက်တာခင်ဌေးဇော်က သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ရောဂါဗေဒဌာနဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်မိုးကြွယ်က သွေးနှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ တပ်မှူးဗိုလ်မှူးချုပ်စိန်လင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ **ရှေ့ဖုံးမှ**

တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

" ဒီပန်းဆိုးတန်း ဆိပ်ခံဖောတံတားကို အဆင့်မြှင့်တည်ဆောက်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေ နေ့စဉ် သောင်းချီသွားလာနေတာကို ဘေးအန္တရာယ်ကင်းကင်းနဲ့ အဆင့်မီမီသွားလာနိုင်စေဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်နဲ့ ဆိပ်ကမ်းအာဏာပိုင်က အကောင်အထည်ဖော်တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒီဆိပ်ခံဖောတံတားဟာဆိုရင် သက်တမ်းနှစ်ပေါင်း ၆၀ ကျော် ၇၀ လောက်နီးပါးရှိပါပြီ။ နှစ်စဉ်လည်း အထူးပြုပြင်ပေးနေရပါတယ်။ ဒီ့အပြင် ကူးလူးသွားလာတဲ့ ပြည်သူတွေ များလာတာနဲ့အမျှ အရင်ကတော့ ဒီဆိပ်ခံတံတားတစ်ခုတည်းနဲ့ အဆင်ပြေပါတယ်။ ဒါပေမယ့် နောက်သဘောက ထပ်တိုးလာဦးမှာဆိုတော့ ဒီဆိပ်ခံတံတားနဲ့သွားတဲ့ခရီးသည်ရော၊ ပြန်တဲ့ခရီးသည်ပါ ဘယ်လိုမှအဆင်ပြေမှာမဟုတ်ပါဘူး။ ဒါကြောင့်အဆင့်လည်းမြင့် ခရီးသွားပြည်သူတွေအတွက်လည်း အဆင်ပြေစေမယ့် အသွားအပြန်အဆင့်မြင့် ဆိပ်ခံဖောတံတားကို တိုးချဲ့တည်ဆောက်ပေးခြင်းဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မြို့ပြအင်ဂျင်နီယာ ဦးမြသန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုအသစ်တစ်ဖန်အဆင့်မြှင့်တည်ဆောက်မည့် ဆိပ်ခံဖောတံတားကို ဂျပန်နိုင်ငံ JFE ကုမ္ပဏီက တည်ဆောက်မည်ဖြစ်ပြီး မူလဆိပ်ခံဖောတံတား၏ အနောက်ဘက်(ဆူးလေ)ဘက်သို့ ပေ ၃၀၀ ကျော်အကွာတွင် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ အဆင့်မီ ဆိပ်ခံဖောတံတားကြီးသည် စုစုပေါင်း ပေ ၂၀၀ ကျော်ရှိမည်ဖြစ်ပြီး အသွား/အပြန် ဖောတံတားနှစ်စင်းနှင့်အဆင့်မြင့် နှစ်ထပ်ခရီးသည်ရိပ်သာကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆိပ်ကမ်းဖောတံတားနှင့်အပြိုင် ဒလဘက်ကမ်းရှိ ဆိပ်ခံဖောတံတားအဆင့်မြှင့်တင်မှုကိုလည်း ဂျပန်နိုင်ငံ JICA ၏အကူအညီဖြင့် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်
၁၃၇၆ခုနှစ်၊ နယုန်လဆန်း ၂ရက်
၂၀၁၄ခုနှစ်၊ မေ ၃၀ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟို ကော်မတီသည် ၂၀၁၄ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့တွင် ၂၀၁၄ခုနှစ်၊ ဇွန် ၂၄ရက်မှ ဇူလိုင် ၆ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၄ခုနှစ်၊ မေ ၁၉ ရက်မှ ဇွန် ၁၁ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC)လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့် အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ၂၀၁၄ခုနှစ်၊ ဇွန် ၂ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံးများတွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများတွင် ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော ပြည်တွင်းရတနာကုန်သည်များကိုလည်းကောင်း၊ ဇွန် ၁၆ရက်မှ ၂၅ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကိုလည်းကောင်း ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှ တစ်ဆင့်လျှောက်ထားလိုပါက Website www.mge.gov.mm ၊ On-line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၄ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ဖွင့်လှစ်ထားရှိသော စီမံရေးရာလုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မြင့်စိုး ၁၂/လမန(နိုင်) ၁၀၆၀၈၆၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မမြင့်မြင့်စိုး ဖုန်း-၀၉-၄၅၀၀၆၄၃၀

စနိုးဒန်း အမေရိကန်သို့ပြန်လာရန် ဂျွန်ကယ်ရီတိုက်တွန်း

ဝါရှင်တန် မေ ၂၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ထောက်လှမ်းရေးသတင်းများဖွင့်ချသူ စနိုးဒန်းအား အမေရိကန်သို့ပြန်လာပြီး တရားရင်ဆိုင်သင့်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။ အသက် ၃၀ အရွယ်ရှိ မစ္စတာစနိုးဒန်းသည် အမေရိကဌာရှိလိမ့်မည်ဟုယုံကြည်ရပြီး ၎င်းအနေဖြင့် အမေရိကန်တရားရေးစနစ်ကို ယုံကြည်သင့်ကြောင်းဖြင့်လည်း မစ္စတာကယ်ရီက ထပ်လောင်းပြောကြားလိုက်သည်။

မစ္စတာစနိုးဒန်းက ရုရှားတွင် ခိုလှုံခွင့်ရလိုမှုအပေါ် ပြောကြားခဲ့ပြီး အင်န်ဘီစီနှင့်တွေ့ဆုံမေးမြန်းစဉ် မစ္စတာကယ်ရီက ပြောကြားလိုက်ခြင်းဖြစ်သည်။ မစ္စတာစနိုးဒန်းက သူ့ကိုယ်သူ စပိုင်လေ့ကျင့်သင်ကြားပေးသူတစ်ယောက်ဖြစ်ကြောင်းကိုလည်း ပြောကြားသည်။

မစ္စတာစနိုးဒန်းအနေဖြင့် အမေရိကန်သို့ ပြန်လာမည်ဆိုလျှင် ယနေ့ပင်လေကြောင်းခရီးစဉ်စီစဉ်ပေးမည်ဖြစ်ကြောင်း မစ္စတာဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

မစ္စတာစနိုးဒန်းသည် ၂၀၁၃ ခုနှစ် မေလကအမေရိကန်နိုင်ငံမှ ထွက်ပြေးသွားခဲ့သည်။ ၎င်းသည် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက မှတ်တမ်းတင်ထားသော အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းက ဖုန်းခေါ်ဆိုမှုသန်းပေါင်းများစွာကို ဖွင့်ချခဲ့မှုကြောင့် ပြည်ပခေါင်းဆောင်နှင့် အမေရိကန်တို့အကြား ဆက်ဆံရေး ထိခိုက်မှုရှိခဲ့သည်။

(ဘီဘီစီ)

အီဂျစ်စစ်ဘက်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီးစီစီ အီဂျစ်သမ္မတ ရွေးကောက်ပွဲတွင်အနိုင်ရ

ကိုင်ရို မေ ၂၉

အီဂျစ် စစ်ဘက်အကြီးအကဲဟောင်း အဗ္ဗဒယ်ဖတ်တာအယ်လ်စီစီသည် အီဂျစ်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားကြောင်း ပြည်နယ်ဆိုင်ရာ ရွေးကောက်ပွဲရလဒ်များအရ သိရသည်။

၎င်းသည် ရေတွက်ပြီး မဲရုံများ မဲစာရင်းအရ ၉၆ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိသွားကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားလိုက်သည်။

မစ္စတာစီစီသည် မဲ ၁၀ ဒသမ ၅ သန်းရရှိချိန် ၎င်း၏ပြိုင်ဘက် ဟမ်ဒင်းဆာဘာဟိုင်က မဲ ၃၅၀၀၀၀ သာရခဲ့သည်ဟု သတင်းများက ဆိုသည်။

မစ္စတာစီစီသည် သမ္မတမိုဟာမက်မော်စီအား ဆန္ဒပြမှုများအကြီးအကျယ်ဖြစ်ပွားပြီးနောက် ပြီးခဲ့သည့် ဇူလိုင်လက ရာထူးမှဖယ်ရှားလိုက်သည်။ ၎င်းသည် မစ္စတာမော်စီ၏ မွတ်စလင် ညီနောင်များအဖွဲ့ကိုလည်း သွေးထွက်သံယိုဖြိုခွင်းခဲ့ရာ လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ပြီး ၁၆၀၀၀ ကို ဖမ်းဆီးခဲ့သည်။ အဆိုပါ သမ္မတရွေးကောက်ပွဲကို သပိတ်မှောက်သင့်ကြောင်း မွတ်စလင်ညီနောင်များအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါသမ္မတ ရွေးကောက်ပွဲသည် မဲပေးခွင့်ရှိသူ ၅၃ ဒသမ ၈ သန်းတွင် ၂၅ သန်းခန့်သာ မဲလာရောက်ပေးကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောသည်။ ယင်းမှာ နိုင်ငံတစ်ဝန်းမဲပေးခွင့်ရှိသူ၏ ၄၆ ရာခိုင်နှုန်းသာရှိသည်။ ယင်းမှာ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းက မော်စီ သမ္မတအဖြစ်အနိုင်ရရှိစဉ်က ၅၂ ရာခိုင်နှုန်းရှိခဲ့ခြင်းထက် နည်းပါးခဲ့သည်။ နောက်ဆုံးရွေးကောက်ပွဲရလဒ်များကို တနင်္ဂနွေသို့မဟုတ် တနင်္လာနေ့တွင် ထုတ်ပြန်ဖွယ်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

ရာပေါင်းများစွာသော စီစီ ထောက်ခံသူများက ကြာသပတေးနေ့အစောပိုင်း ရွေးကောက်ပွဲရလဒ်များအရ ကိုင်ရိုမြို့လမ်းများပေါ်တွင် အီဂျစ်အလံများ ဝှေ့ယမ်း၍လည်းကောင်း၊ မီးကျည်မီးပန်းများပစ်လွှတ်၍လည်းကောင်း၊ ကားများဟွန်းတီး၍လည်းကောင်း အောင်ပွဲခံခဲ့ကြသည်။ **(ဘီဘီစီ)**

ဗိုလ်ချုပ်ကြီးဟောင်း စီစီအား ထောက်ခံသူများ အောင်ပွဲခံနေစဉ်။

ကမ္ဘာတစ်ဝန်းအဝလွန်သူများတိုးလာ

ဝါရှင်တန် မေ ၂၉

ကမ္ဘာတစ်ဝန်း အဝလွန်သူဦးရေသည် ၂ ဒသမ ၁ ဘီလီယံထိ ရောက်ရှိလာကြောင်း၊ ယင်းမှာ ၁၉၈၀ ပြည့်နှစ်က ၈၇၅ သန်းရှိရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း လင်းဆက်မှထုတ်ပြန်သော နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

အမေရိကန်၊ တရုတ်နှင့်ရုရှားတို့သည် အဝလွန်သူဦးရေ အမြင့်ဆုံးတိုးတက်များပြားလာကြောင်း၊ ယူကေနိုင်ငံမှာ ဥရောပအနောက်ပိုင်း၌ အဝလွန်သူဦးရေ တတိယအများဆုံးဖြစ်ကြောင်း နိုင်ငံပေါင်း ၁၈၈ နိုင်ငံ လေ့လာမှုစာရင်းအရ သိရသည်။ အဆိုပါ မြင့်တက်လာမှုသည် ကမ္ဘာကြီး ခေတ်မီတိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ အလွှာအားလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများနည်းပါးလာကြောင်း ၎င်းတို့ကပြောကြားသည်။

ဝါရှင်တန်အခြေစိုက် အဆိုပါသုတေသနအဖွဲ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစိုးရဝက်ဘ်ဆိုက်များကဲ့သို့သောနေရာများမှ အဆိုပါစာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ အဝလွန်သူများ ကမ္ဘာတစ်ဝန်း တိုးပွားလျက်ရှိရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် အမြင့်ဆုံးဖြစ်ဆဲဖြစ်ကြောင်း အဆိုပါစစ်တမ်းက ဖော်ပြသည်။ **(ဘီဘီစီ)**

ရုရှားလိုလားသူ ခွဲထွက်ရေးသူပုန်များ နိုင်ငံတကာစောင့်ကြည့်လေ့လာသူ လေးဦးကိုဖမ်းဆီးထား

ကီယက်ဗ် မေ ၂၉

ယူကရိန်းအရှေ့ပိုင်းရှိ ရုရှားလိုလားသူ ခွဲထွက်ရေးသမားများက နိုင်ငံတကာစောင့်ကြည့် လေ့လာသူလေးဦးကို ဖမ်းဆီးထားကြောင်း၊ ယင်းတို့အား မကြာမီလွှတ်ပေးမည်ဖြစ်ကြောင်း အင်တာဖက်သတင်းဌာနက ပြောကြားလိုက်သည်။

အဆိုပါ လုံခြုံရေးအဖွဲ့တွင် ဥရောပ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များကို တနင်္လာနေ့က ဒိုနက်စကီမြို့အနီး၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

မကြာသေးသည့် ရက်များက ကီယက်ဗ်လိုလားသူများနှင့် သူပုန်တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့ရာ အခြေအနေမှာ ပို၍ဆိုးရွားလျက်ရှိသည်။

အဆိုပါ ပျောက်ဆုံးနိုင်ငံခြားသားများမှာ တူရကီ၊ ဆွစ်ဇာလန်၊ အက်စတိုနီးယားနှင့် ဒိန်းမတ်တို့ဖြစ်သည်။ ယင်းတို့လေးဦးသည် အဆိုပါဒေသ၌ လုံခြုံရေးစောင့်ကြည့်လေ့လာသူများအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည်။

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်တို့ သိနေပါတယ်၊ သူတို့အားလုံး ကျန်းကျန်းမာမာရှိကြပါတယ်" ဟု မိမိကိုယ်မိမိ မြို့တော်ဝန်ဟု ပြောဆိုနေသူ မီရာချေးစလပ် ဟိုနိုမာယော့က အင်တာဖက်သတင်းဌာနကို ပြောကြားလိုက်သည်။

ယင်းတို့အား ခွဲထွက်ရေးသမားများနေထိုင်ရာ အဆိုပါဒေသသို့မသွားရောက်ရန် သတိပေးထားခဲ့သည့်ကြားမှ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရွေးကောက် တင်မြှောက်ခံရသော ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုက ယူကရိန်းအရှေ့ပိုင်း မငြိမ်သက်မှုများကို ထိန်းချုပ်သွားရန် သန္နိဋ္ဌာန်ချထားသည်။ ပြီးခဲ့သည့်လက သူပုန်များက ဆလိုဗီးယန်း၌ သီတင်းတစ်ပတ်ကြာ OSCE နှင့် ဆက်နွှယ်သောစစ်ဘက် လေ့လာသူများကိုလည်း ဖမ်းဆီးခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယ၌ မိန်းကလေးနှစ်ဦး ကြိုးဆွဲချသေဆုံး

နယူးဒေလီ မေ ၂၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ရွာတစ်ရွာရှိ သစ်ပင်တစ်ပင်၌ ဂိုဏ်းဖွဲ့စော်ကားခံရသော အိန္ဒိယမိန်းကလေးနှစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားလိုက်သည်။

အဆိုပါမိန်းကလေးများပျောက်ဆုံးနေမှုအပေါ် ရဲအရာရှိနှစ်ဦးကို ရာထူးမှဖယ်ရှားလိုက်ပြီး လူသတ်မှုများနှင့် ဆက်နွှယ်သူ အမျိုးသားတစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း ရဲအဖွဲ့ကပြောကြားလိုက်သည်။ အိန္ဒိယနိုင်ငံ၌ ၂၀၁၂ ခုနှစ်က ဒေလီမြို့ ဘတ်စ်ကားတစ်စီးပေါ်တွင် ကျောင်းသူတစ်ဦးအား ဂိုဏ်းဖွဲ့စော်ကား သတ်ဖြတ်ခဲ့ပြီးနောက် လိင်မှုဆိုင်ရာအကြမ်းဖက်မှုများ ကြီးမားလျက်ရှိသည်။

အဆိုပါအကြမ်းဖက်မှုကြောင့် အိန္ဒိယအစိုးရက ပြီးခဲ့သောနှစ်တွင် လိင်မှုဆိုင်ရာအကြမ်းဖက်မှုဥပဒေများဖြင့် တင်းကျပ်စွာဆောင်ရွက်ခဲ့သည်။ အဆိုပါ မိန်းကလေးနှစ်ဦးကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဘာဒါအန်ခရိုင် ကာထရာ ရှာဟာဒက်ဂန်ရွာရှိ သစ်ပင်တစ်ပင်ပေါ်တွင် ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရကြောင်း ရဲအရာရှိ အာတူးဆာ ဇာနာက ဘီဘီစီသို့ပြောကြားသည်။ (ဘီဘီစီ)

ဂျပန်ကမ်းလွန်၌ ရေနံတင်သင်္ဘောမီးလောင်

တိုကျို မေ ၂၉

ဂျပန်ကမ်းလွန်၌ ရေနံတင်သင်္ဘောတစ်စင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တန်ချိန် ၉၉၈ တန်ရှိ ရှိုကိုမာယုအမည်ရှိ အဆိုပါသင်္ဘောသည် ၎င်း၏ရေနံများ ဟိုဂိုစီရင်စုဆိပ်ကမ်း၌ ရေနံများမချမီ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

အဆိုပါ ရေနံတင်သင်္ဘောမှ ကပ္ပတိန် ပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်ရဲအဖွဲ့က ပြောကြားသည်။ အခြားသင်္ဘောသားခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ကမ်းခြေစောင့်ရဲအဖွဲ့က မီးလောင်နေသော ယင်းသင်္ဘောကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပါဖြစ်ပွားမှုကိုကြေညာရန် ကြာသပတေးနေ့က ပါလီမန်၌ ကြားဖြတ်စကားပြောကြားလိုက်သည်။

ဟိုဂိုစီရင်စုကမ်းလွန်၌ အဆိုပါ ရေနံတင်သင်္ဘောပေါက်ကွဲခဲ့ကြောင်း၊ လောလောဆယ် မီးလောင်ကျွမ်းလျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ သင်္ဘောသားများအနက် လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ၎င်း သင်္ဘောသားများအားလုံးသည် ဂျပန်နိုင်ငံသားများ ဖြစ်ကြသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ပြန်လည်စွန့်လွှတ်သည့် မြေယာများအား မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်

မကွေး မေ ၂၉

မကွေးတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံသို့ စိုက်ပျိုးရာသီအမီပေးအပ်နိုင်ရေး လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ၌ ပြန်လည်စွန့်လွှတ်မြေယာ ၁၁၄၆၃ ဒသမ ၇၄ ဧကတွင် မူလတောင်သူ ၉၀၁ဦး၊ မြေဧရိယာ ၄၀၃၈ ဒသမ ၄၅ ဧကကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည်။

မကွေးခရိုင်တွင် ပြန်လည်စွန့်လွှတ်မြေ ၁ဒသမ၅၇ ဧကကို တောင်သူ တစ်ဦးသို့လည်းကောင်း၊ ပခုက္ကူခရိုင်တွင်ပြန်လည်စွန့်လွှတ် မြေ ၄၃၇ ဧက၊ တောင်သူ ၁၀၄ ဦးသို့လည်းကောင်း၊ ဂန့်ဂေါခရိုင် တွင် ပြန်လည်စွန့်လွှတ်မြေ ၂၃၀၁ ဒသမ ၆၀ ဧက၊ တောင်သူ ၅၃၂ ဦးသို့လည်းကောင်း၊ မင်းဘူးခရိုင်တွင် ပြန်လည်စွန့်လွှတ်မြေ၀၁၈ ဒသမ ၂၈ ဧက၊ တောင်သူ ၁၉၉ ဦးသို့လည်းကောင်း၊ သရက်ခရိုင် တွင်ပြန်လည်စွန့်လွှတ်မြေ ၂၆၀ ဧက၊ တောင်သူ ၆၅ ဦးတို့ကို လည်းကောင်း ယာယီလုပ်ကိုင်ခွင့်ပုံစံ ၃ ဖြင့် သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

လွှဲပြောင်းရန် ကျန်ရှိနေသေးသည့် မြေယာများကို စိုက်ပျိုးရာသီအမီ လွှဲပြောင်းပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်ခွင့်ရရှိရေး ရုံးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြေအသုံးချရေးကော်မတီ)

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် ဆိပ်ကြီးကျွန်းအငူ ကမ်းပြိုထိန်းသိမ်းရေးတည်ဆောက်ထားသော ကျောက်စီနံရံကမ်းနဖူးအသစ်အနီး တွံတေးတူးမြောင်းဘက် လက်ခတ်သမ္မန်ဆိပ်တွင် ကမ်းပါးပြိုမှုထပ်မံဖြစ်ပွားခဲ့သဖြင့် ကမ်းစပ်ရှိ နှစ် ၆၀ ခန့်ရှိသော သက်တမ်းရင့်ညောင်ပင်ကြီးတစ်ပင် မြစ်ထဲလဲပြိုကျနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ သန်းဌေး(ဒလ)

MNL အမှတ်ပေးပြိုင်ပွဲ ဇွန် ၂ ရက်တွင် ပြန်လည်စတင်မည်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ လက်ကျန်ပွဲစဉ်များကို ဇွန် ၂ ရက်မှစ၍ ကျင်းပသွားမည်ဖြစ်သည်။

ကျင်းပမည်

MNL အမှတ်ပေးပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော AFC Challenge cup ပြိုင်ပွဲကြောင့် ရပ်နားထားခဲ့ခြင်းဖြစ်ပြီး ဇွန် ၂ ရက်တွင် ရွှေ့ဆိုင်းထားသော ပွဲနှစ်ပွဲကို စတင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် နေပြည်တော်အသင်းတို့၏ AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များကြောင့် ယင်းနှစ်ပွဲကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး ဇွန် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးနှင့်နေပြည်တော်၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဇွဲကပင်တို့ယှဉ် ပြိုင်ကစားမည်ဖြစ်ကာ ပွဲစဉ် ၁၀ ၏ လက်ကျန်ပွဲစဉ်များလည်း ဖြစ်သည်။ ပထမအကျော့၏ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၁၁ ကို ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ကိုလည်း ပထမအကျော့အပြီးတွင် မရပ်နားဘဲ ဆက်တိုက် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ ခေတ္တရပ်နားချိန်တွင် ရတနာပုံအသင်းက ၁၀ ပွဲကစား (၂၄) မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး နေပြည်တော်အသင်းက ကိုးပွဲကစား ၂၂ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းကကိုးပွဲကစား ၁၈ မှတ်ဖြင့် တတိယ၊ ကမ္ဘောဇအသင်းက ၁၀ ပွဲကစား ၁၈ မှတ်ဖြင့် စတုတ္ထ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ကိုးပွဲကစား ၁၇ မှတ်ဖြင့် ပဉ္စမတို့ ရရှိထားသည်။ **ဖိုးသော်ဇင်**

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ ဝင်ရောက်နိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှအားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

ဖောင်ပိတ်သတင်း

ယူကရိန်းစစ်ဘက်ရဟတ်ယာဉ် သူပုန်ပစ်ချ၊ ဗိုလ်ချုပ်ကြီးတစ်ဦးအပါအဝင် ၁၄ ဦးသေဆုံး

ကီယက်ဗ် မေ ၂၉

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဆလိုဗီယန်စကီမြို့အနီး စစ်ဘက်ရဟတ်ယာဉ် တစ်စင်းကို ရုရှားလိုလားသူ သူပုန်များက ပစ်ချလိုက်ရာ **(ယာပုံ)** ဗိုလ်ချုပ်ကြီးတစ်ဦးအပါအဝင် ၁၄ ဦးသေဆုံးသွားကြောင်း နုတ်ထွက်သွားသော ယူကရိန်းယာယီသမ္မတက ပြောသည်။

အဆိုပါသူပုန်များသည် ရုရှားလုပ်လေယာဉ်ပစ်ဒုံးကျည်ကို အသုံးပြု ပစ်ချလိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် ကြည်းတပ်ဗိုလ်ချုပ်ကြီး တစ်ဦးလည်းပါဝင်ကြောင်း အလက်ဇန္ဒြား တာချီနော့ဗ်က ပြောသည်။

အဆိုပါမြို့သည် မကြာသေးသည့်သီတင်းပတ်က ခွဲထွက်ရေးသမားများနှင့် အစိုးရတပ်များတိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် မြို့ဖြစ်သည်။ ၎င်းရဟတ်ယာဉ်သည် ဆလိုဗီယန်စကီနှင့် ခရာမာတိုစကီတို့အကြား တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားနေစဉ် သူပုန်များကပစ်ချလိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းရဟတ်ယာဉ်သည် တပ်ဖွဲ့ဝင်များကို စစ်စခန်းသို့မချမီ ပစ်ချခံရခြင်းဖြစ်ကြောင်းသတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

အာကာကျော်
ဘာသာပြန်သည်

✻ ကျောဖုံးမှ

Slovakia အလှမယ်၊ Korea Wave Star Award ကို Bulgaria အလှမယ်၊ Popularity Award ကို မြန်မာအလှမယ်၊ World Star Award ကို Ecuador အလှမယ်၊ Best Personal Talent Award ကို Armenia အလှမယ်တို့က ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးအဆင့်ယှဉ်ပြိုင်ပွဲကို မေ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မေမြတ်နိုးအား အင်တာနက်မှ https;//www.facebook.com/missosology.info/app-376474729030486 မဲပေးမှုတွင် မဲပေးသူအရေအတွက်အများဆုံးရရှိထားပြီး အဆိုပါမဲပေးမှုအတွက် Missosologists' Choice Award ဆုရရှိရန် သေချာသလောက် ရှိနေပြီဖြစ်သည့်အပြင် နိုင်ငံတကာအလှမယ်ပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ထိုပြိုင်ပွဲ၏ အလှမယ်သရဖူဆုကိုလည်း ရယူရန် တစ်ကြိုပေးခံရသူသုံးဦးစာရင်းတွင် ဖိလစ်ပိုင်အလှမယ်နှင့်အတူ ရေပန်းစားလျက်ရှိသည်။

"အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ နိုင်ငံတကာပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရလို့ ဖော်မပြတတ်အောင်ဝမ်းသာမိပါတယ်။ အခက်အခဲတွေလည်း အများကြီးရှိခဲ့ပါတယ်။ မဲပေးကြတဲ့ မြန်မာပရိသတ်ကြီးကို ကျေးဇူးလည်းတင်ပါတယ်။ တစ်ရက်အချိန်ရှိပါသေးတယ်။ မြတ်နိုးကိုအားပေးကြပါဦးလို့ ပြောချင်ပါတယ်။ မြန်မာအလှမယ်တွေ အခုလို ကမ္ဘာ့အလှမယ်စင်မြင့်ပေါ်မှာ တက်လှမ်းခွင့်ရတာကို ဂုဏ်လည်းယူမိပါတယ်။ အလှအပတစ်ခုတည်းနဲ့တင်မဟုတ်ဘဲ ကိုယ်ရည်ကိုယ်သွေး၊ ကျန်းမာကြံ့ခိုင်ခြင်းနဲ့ ဉာဏ်ပညာတွေ ပေါင်းစပ်ယှဉ်ပြိုင်ခွင့်ရတာ မြတ်နိုးကျေနပ်ပါတယ်။ ဆုရဖို့ အများကြီး ကြိုးစားထားပေမယ့် မမျှော်လင့်ရဲပါဘူး" ဟု အွန်လိုင်းမှ တစ်ဆင့် မေမြတ်နိုးကပြောသည်။ ထို့အပြင် မြန်မာအလှမယ်မေမြတ်နိုးအားကိုရီးယားနည်းပညာကုမ္ပဏီတစ်ခုမှ သံတမန်အဖြစ် ခန့်အပ်ထားပြီး ယခုနှစ် Miss Asia Pacific World 2014 ပြိုင်ပွဲဝင်အလှမယ် ၄၀ အနက် ပထမဆုံးခန့်အပ်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

ဆောင်းပါး

ဆေးလိပ်နှင့် ဆေးရွက်အန္တရာယ်ကာကွယ်ဖို့ စာသင်ကျောင်းကစကြစို့

ဒေါက်တာအောင်ထွဏ်း

အဆိပ်လိပ်

ဆေးလိပ်သောက်ခြင်းသည် ဆေးလိပ်သောက်သူ၏ ကျန်းမာရေးကိုသာမက ဆေးလိပ်ငွေ့ကိုတစ်ဆင့်ခံရှူရှိုက်ရသောသူတို့၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ လူတစ်ဦးဆေးလိပ်သောက်လိုက်သောအခါ ၎င်းဆေးလိပ်ငွေ့ကြောင့် ပတ်ဝန်းကျင်ရှိလူအများကို အတင်းအကျပ်ရှူခိုင်းသကဲ့သို့ဖြစ်စေသည်။ ဆေးလိပ်သောက်သူ၏ ခံတွင်းမှမှုတ်ထုတ်လိုက်သော ဆေးလိပ်ငွေ့ကို 'ပင်မဆေးလိပ်ငွေ့' (main stream smoke) ဟုခေါ်ပြီး မီးညှိထားသော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဘီဒီစသည်တို့မှထွက်သော ဆေးလိပ်ငွေ့ကို 'ဘေးထွက်ဆေးလိပ်ငွေ့' (side stream smoke) ဟုခေါ်သည်။ အဆိုပါပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့နှစ်မျိုးစလုံးကို 'ပတ်ဝန်းကျင်ရှိဆေးလိပ်ငွေ့'(Environmental Tobacco Smoke - ETS) ဟူ၍ခေါ်သည်။ အဆိုပါပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့(သို့မဟုတ်) တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကို 'တစ်ဆင့်ခံ' ဆေးလိပ်သောက်ခြင်း (Passive Smoking)ဟုခေါ်သည်။

ပင်မဆေးလိပ်ငွေ့နှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့နှစ်မျိုးစလုံးတွင် လူကို အန္တရာယ်ဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သည်။ ထုတ်လုပ်ပြီး ဆေးလိပ်/ဆေးရွက်ကြီးတွင် ဓာတုပစ္စည်းအနည်းဆုံး ၂၅၅၀ ပါရှိပြီး ဆေးလိပ်ငွေ့တွင်မူ **နီကိုတင်း၊ ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား**စသော လူကိုသေစေတတ်သည့် ကင်ဆာရောဂါဖြစ်စေတတ်သောပစ္စည်း ၄၃ မျိုးအပါအဝင် ဓာတုပစ္စည်း ၄၃၀၀ ကျော် ပါဝင်ပေသည်။ အဆိုပါ ဓာတုပစ္စည်းများသည် ၎င်းတို့၏ ဆိုးကျိုးကို ချက်ချင်းပင်ပြတတ်သည့်အတွက် လူငယ်လူရွယ်များ ဆေးလိပ် /ဆေးရွက်ကြီး စတင်းသုံးစွဲသည်နှင့်တစ်ပြိုင်နက် ကျန်းမာရေးကို ထိခိုက်စေသည်။ အထူးသဖြင့် အဆုတ်ကိုထိခိုက်စေပြီး ကြံ့ခိုင်မှုကို လျော့နည်းစေသည့်အတွက် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်ပျက်စီးစေပြီး ဖြစ်လေသည်။ ၎င်းတို့ကို ရှူရှိုက်မိသူ၏ ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအပေါ်တွင် ဆိုးကျိုးသက်ရောက်စေသည်။ တစ်ဆင့်ခံ ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများဖြစ်ပွားစေပါသည်။

ဆေးလိပ်ကြောင့်ဖြစ်သောရောဂါများ

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းဆေးစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် အောက်ပါရောဂါများဖြစ်ပွားနိုင်ပါသည်။

နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း။

အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့်အခြားကင်ဆာများ ဖြစ်ပွားခြင်း၊ ခြေပုပ်၊ လက်ပုပ်ရောဂါဖြစ်ခြင်း။

အမျိုးသားများတွင် အိမ်ထောင်ရေး သုခအပြည့်အဝမခံစားနိုင်ခြင်း (Impotency)။

ဆေးလိပ်သောက်သုံးသူ၏ ပတ်ဝန်းကျင်အန္တရာယ်

ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပွန်ရောင်ခြင်း။

လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း။

ဆေးလိပ်သောက်သုံးသူ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် ပတ်ဝန်းကျင်ရှိလူများကိုထိခိုက်စေခြင်း။

ကျောင်းသားလူငယ်လူရွယ်ဘဝမှ စတင်သည့် ဆေးလိပ်/ဆေးရွက်ကြီးသောက်သုံးမှု

ကမ္ဘာပေါ်ရှိလူအများဆုံးသေဆုံးရသော အကြောင်းအရင်းများထဲတွင် ဆေးလိပ်/ဆေးရွက်ကြီးသောက်သုံးမှုသည် ထိပ်တန်းသို့လျင်မြန်စွာဖြင့် ရောက်ရှိလာသောအကြောင်းအရင်းတစ်ခုဖြစ်ပေသည်။ ဆေးလိပ်/ဆေးရွက်ကြီးသောက်သုံးမှုသည် လူငယ်ဘဝမတိုင်မီတွင်ပင် စတင်နိုင်၍ လူကြီးပိုင်းရောက်သည်အထိ ဆက်လက်သုံးစွဲသွားနိုင်ပေသည်။ အရှေ့တောင်အာရှဒေသတွင် ဆေးလိပ်သောက်ဖူးသူကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းသည် အသက် ၁၀ နှစ် မရောက်မီကပင် ဆေးလိပ်ကိုစတင်သောက်သုံးခဲ့သည်ကို တွေ့ရှိရပြီး လက်ရှိဆေးလိပ်သောက်သုံးသူ (current smoker) ၈၀ ရာခိုင်နှုန်းမှာမူ အသက်(၁၈ နှစ်)မရောက်မီ စတင်သောက်သုံးသည်ကို တွေ့ရှိရပါသည်။ နေ့စဉ်ကမ္ဘာတစ်ဝန်းတွင် လူငယ်လူရွယ် ၈၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဆေးလိပ်/ဆေးရွက်ကြီး စတင်စွဲလမ်းမှု ဖြစ်လျက်ရှိနေပြီး စတင်သောက်သုံးသည့် အသက်ငယ်လေလေ ဆေးလိပ်/ဆေးရွက်ကြီးဖြတ်တောက်ရန် ခက်ခဲလေလေဖြစ်ကြောင်း တွေ့ရပါသည်။ လက်ရှိ ဆေးလိပ်/ဆေးရွက်ကြီး သောက်သုံးမှုနှုန်းသည် ဤအတိုင်းသာဆက်လက်ရှိသွားပါက ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကလေးများနှင့် လူငယ်လူရွယ်သန်းပေါင်း ၂၅၀ သည် အရွယ်မတိုင်မီ သေဆုံးခြင်းဖြင့် အဆုံးသတ်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင် (Global Youth Tobacco Survey-GYTS) သုတေသန စစ်တမ်းအရ ကျောင်းသား လူငယ်များ၏ စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ်တွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ် စစ်တမ်းတွင်မူ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ ထို့ပြင် ကျောင်းသားလူငယ်များအတွင်း ကွမ်းစားခြင်းကဲ့သို့ အခြားဆေးရွက်ကြီးထွက်ပစ္စည်းအသုံးပြုမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၁၁ ခုနှစ်တွင် ၁၇ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်များပြားလာခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးပဝေသဏီကာလကပင် ဆေးလိပ်၊ ဆေးရွက်၊ ကွမ်းတို့မှာ အိမ်ဦးခန်းတွင် ဧည့်သည်ကိုတည်ခင်းသော ပစ္စည်းများအဖြစ်နေရာယူခဲ့ပါသည်။ ဆေးလိပ်၊ ဆေးရွက်နှင့်ပတ်သက်စပ်ဆိုထားသော ပျို့ကဗျာ၊ လင်္ကာများကိုလည်း မြန်မာစာပေတွင် အထင်အရှားတွေ့နိုင်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆေးလိပ်ဆေးရွက်သုံးစွဲမှု အန္တရာယ်ကိုဖော်ပြခြင်းနှင့် ရှောင်ကြဉ်ရန်တားမြစ်ချက်တို့ အားနည်းကာ အကောင်းဘက်ကိုညွှန်းသော သင်္ကေတအနေဖြင့်သာ ထင်ရှားခဲ့ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းစီမံချက်နှင့် ဆေးလိပ်ဆေးရွက်ကင်းစင်ကျောင်းများ ထူထောင်ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဖော်ထုတ်မှုဖြင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း သဘောတရားကို ၁၉၉၆ တွင် ကမ္ဘာ့နိုင်ငံများ၌ စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၉၈မှစတင်ကာသမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းများအစား ကျန်းမာရေးအဆင့်မြှင့်ကျောင်းပုံစံဖြင့် အစီအစဉ်ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သော မူမှန်လူနေမှုဘဝဟန်များကို ငယ်စဉ်ကာလကျောင်းနေအရွယ်တွင် စတင်သင်ကြားပြီး လေ့ကျင့်ပေးခြင်းသည် ကျန်းမာရေးအဆင့်မြှင့်ကျောင်း၏ အဓိကသဘောတရားဖြစ်ပါသည်။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းအစီအစဉ်အရ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်၍ ကျန်းမာရေးအဆင့်မြှင့်တင်ရန် ဝိုင်းဝန်းဆောင်ရွက်ပါသည်။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းများတွင် ကျောင်းသားများအား ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုးဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထများကို လေ့ကျင့်ပေးနိုင်သကဲ့သို့ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းစသော ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်အပြုအမူများကို ရှောင်ကြဉ်ရန် သင်ကြားပေးခြင်း၊ တားမြစ်ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

ဆေးလိပ်ဆေးရွက်သည် ကလေးများ၊ ကျောင်းသားလူငယ်လူရွယ်များနှင့် အရွယ်ရောက်ပြီးသူ သန်းပေါင်းများစွာအား အန္တရာယ်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဆေးလိပ်ဆေးရွက်သုံးစွဲမှုလေ့လာချက်များအရ သုံးစွဲသူအများစုသည် အသက်ငယ်စဉ်ကပင် စတင်စွဲလမ်းခဲ့ကြောင်း၊ အသက်ငယ်ငယ်မှစတင်ခြင်းသည် ပိုမိုဖြတ်ရခက်ခဲကြောင်းနှင့် ကျန်းမာရေးကိုပိုမိုထိခိုက်စေနိုင်ကြောင်းနှင့် တစ်ဆင့်ခံဆေးလိပ်မီးခိုးငွေ့များ ရှူရှိုက်ရခြင်းဖြင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်းတို့ကို တွေ့ရှိရသည်။

ထို့ကြောင့်လည်း ကျောင်းသားလူငယ်များအား ဆေးလိပ်ဆေးရွက်အန္တရာယ်များကို ပညာပေးသင်ကြားပြီး သုံးစွဲခြင်းကိုအစပျိုးမည့်အချိန်ကတည်းကပင် လုံးဝတားမြစ်ထားသည့်ကလေးများအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်၊ ဆေးလိပ်ဆေးရွက်ကင်းစင်ကျောင်းများ(Tobacco Free Schools)ထူထောင်ရေးမှာ အခြေခံပညာကျောင်းတိုင်းဆောင်ရွက်သင့်သော လုပ်ငန်းရပ်ပင်ဖြစ်ပါသည်။

၂၀၀၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးလိပ်ဆေးရွက်ကင်းစင်ရေးကျောင်းထူထောင်ရေး စီမံချက်ကိုစတင်ခဲ့ရာ ယခုအချိန်တွင် အခြေခံပညာကျောင်းစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ လက်ရှိကျင့်သုံးနေသော ကျန်းမာရေး အဆင့်မြှင့်ကျောင်းအစီအစဉ်တွင် ဆေးလိပ်ဆေးရွက်ကင်းစင်ကျောင်းများ ထူထောင်ခြင်းကိုထည့်သွင်းခြင်းဖြင့် ပိုမိုသင့်လျော်ကောင်းမွန်ကာ အောက်ပါအကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

> "ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထား"

- ကျောင်းနေအရွယ်ကလေးများ၏ အချိန်အများစုသည် ကျောင်းတွင်ကုန်လွန်ရခြင်း၊
- ကျန်းမာရေးပညာပေးရာတွင် ကျောင်းများတွင် စုစည်းပြီးစနစ်တကျရှိခြင်း၊ ကလေးသူငယ်များသည် လူကြီးများထက်ပိုမိုစိတ်ဝင်စားစွာ နာယူမှတ်သားတတ်ကြခြင်း၊
- ကျောင်းများတွင် ဆေးလိပ်ဆေးရွက်ကင်းစင်ရေးဆောင်ရွက်ခြင်းဖြင့် ဆယ်ကျော်သက်ရွယ်ကျောင်းသားလူငယ်များအားမသုံးစွဲရန် အသိပညာနှင့် အလေ့အထများကို ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ အဆိုပါအလေ့အကျင့်များသည်အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုကိုပါ ကာကွယ်နိုင်ခြင်း၊
- ကျောင်းမှပြည်သူသို့ အသိပညာနှင့်အလေ့အကျင့်များပျံ့နှံ့စေခြင်းတို့စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ဆေးလိပ်ဆေးရွက်ကင်းစင်ကျောင်းများ ထူထောင်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

- ဆေးလိပ်ဆေးရွက်ကင်းစင်ကျောင်းဆိုင်ရာ ကျောင်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း။
- ကျောင်းမူဝါဒလမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- ဆေးလိပ်အန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား နည်းမျိုးစုံဖြင့်ကျန်းမာရေးပညာပေးခြင်း။
- ဆေးလိပ်ကင်းစင်သော ကျောင်းပတ်ဝန်းကျင်ထူထောင်ခြင်း။
- ဆေးလိပ်ကာကွယ်ရေးကျောင်း ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း။
- မိသားစုနှင့်ပြည်သူလူထုပူးပေါင်း၍ ဆေးလိပ်တားမြစ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။
- ပညာရေးဝန်ထမ်းများ ဆေးလိပ်မသောက်ရန်နှင့် ဆေးလိပ်ဖြတ်ရန်ဆောင်ရွက်ခြင်း။
- အားကစား၊ ဖျော်ဖြေရေးနှင့် ကာယလှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။
- အတိုင်ပင်ခံဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးပေးခြင်း။
- လုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်း။
- ကျောင်းသားများမှတစ်ဆင့် မိသားစုများ၊ ပြည်သူလူထုကိုပါဝင်စေခြင်း။
- လုပ်ငန်းဆန်းစစ်ခြင်း။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ

မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့မှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက်ပါရှိစေခြင်းစသည်တို့ ပါဝင်ပါသည်။

ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာအသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဥပဒေသည် ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့မှာ စတင်အာဏာသက်ဝင်ပြီး ဖြစ်ပါသည်။

ဆေးလိပ်သောက်သူအများစုသည် ကလေးသူငယ်ဘဝတွင် ဆေးလိပ်ကို စတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ်ကို အသက် ၁၈ နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများတို့ကို ဥပဒေတွင် အသေးစိတ်ဖော်ပြထားရှိပါသည်။ ဥပဒေကို တိကျစွာလိုက်နာစေရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့် ညွှန်ကြားလွှာများ ထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက် အန္တရာယ်ကာကွယ်ဖို့ စာသင်ကျောင်းက စကြစို့

သို့ဖြစ်၍ ကျောင်းသားလူငယ်များအပါအဝင် မိဘဆရာ၊ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်းကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေးအတွက် စာသင်ကျောင်းကစတင်ကြ၍ အောက်ပါအချက်များကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဆရာနှင့် လူကြီးမိဘအုပ်ထိန်းသူများဘက်မှလည်း ကျောင်းသားလူငယ်များ အတုမြင်အတတ်ရ မဖြစ်စေရန် ကိုယ်တိုင်ဆေးလိပ်မသောက်ခြင်း၊ ကလေးများအား ဆေးလိပ်မီးမညှိခိုင်းခြင်း၊ ဆေးလိပ်မဝယ်ခိုင်းခြင်း၊ ဆေးလိပ်သောက်ခြင်းအန္တရာယ်ကိုရှင်းပြ၍ ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်း ကျောင်းသားလူငယ်များ ဆေးလိပ်သောက်ခြင်းရှိ မရှိ အိမ်၊ ကျောင်း၊ လမ်းနှင့်ပတ်ဝန်းကျင်တို့တွင် လေ့လာတားမြစ်ခြင်းများကို ပြုလုပ်နေသင့်ပါသည်။ ထို့ပြင် ကျောင်းသားလူငယ်များ အပေါင်းအသင်းမမှားရေး၊ မကောင်းမှုများအတု မယူရေး၊ စိတ်ဓာတ်ခိုင်မာရေးတို့အတွက် ငယ်စဉ်ကပင် ဂရုတစိုက်ဆုံးမပြုပြင်ပေးသင့်ပါသည်။ အားလပ်ချိန်များတွင် မိမိတို့ရင်သွေးများအား လူမှုရေးနှင့် ဘာသာရေးလုပ်ငန်း၊ အားကစားလုပ်ငန်း၊ ဖွံ့ဖြိုးရေးသင်တန်းများ၊ ဆောင်ရွက်စေသင့်သည်။ စာဖတ်ဝါသနာပါအောင်လေ့ကျင့်ပေးခြင်း နည်းလမ်းဖြင့်လည်း စိတ်မလေစေရန် စိတ်ဓာတ်ကြံ့ခိုင်စေရန် ပျိုးထောင်ပေးနိုင်ပါသည်။ မိမိသားသမီးတပည့်များ ဆေးလိပ်စွဲနေပါကလည်း ဖြတ်ရန်စည်းရုံးဆောင်ရွက်ပေးသင့်ပါသည်။ ဆေးလိပ်အန္တရာယ်ဆိုင်ရာ ဟောပြောပွဲများကိုလည်း ရပ်ကွက်၊ ကျောင်းအတန်းများတွင် အခါမလပ်ပြုလုပ်ပေးသင့်ကြသည်။

ကျန်းမာရေးဝန်ထမ်းများမှလည်း မိမိကိုယ်တိုင် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်သောက်သူများအား ဖြတ်နိုင်ရန် စည်းရုံးကူညီပေးသင့်သည်။ ဆေးလိပ်အန္တရာယ်ပညာပေးမှုများကိုလည်း တစ်ဦးချင်းသာမက အုပ်စုအလိုက်ပါ အခါအခွင့်သင့်တိုင်းပြုလုပ်သင့်သည်။ အထူးသဖြင့် စာသင်ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဆေးလိပ်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ဆရာနှင့် ကျောင်းသားများအား စည်းရုံးပညာပေးသင့်သည်။

ကျောင်းသားလူငယ်များသည်လည်း ဆေးလိပ်ကို လုံးဝရှောင်ကြရန်၊ အစမ်းသဘောမျိုးဖြင့်ပင် မသောက်သုံးမိစေရန် အလွန်အရေးကြီးပါသည်။ "အစရှိ တနောင်နောင်"ဆိုသကဲ့သို့ စမ်းရင်းက စွဲသွားတတ်ပါတယ်။ ဆေးလိပ်နှင့်ဆက်စပ်နေသော မူးယစ်ဆေးဝါးနှင့် အရက်တို့ကိုလည်း ရှောင်ရှားကြပါ။ ဆေးလိပ်စသောက်တတ်သော လူငယ်များသည် ဆေးလိပ်ကို အမြန်ဖြတ်ရန် ကြိုးစားသင့်ကြ၏။ မိမိပတ်ဝန်းကျင်နှင့် သူငယ်ချင်းများ ဆေးလိပ်သောက်နေလျှင်လည်း ဆေးလိပ်ဖြတ်ရန် စည်းရုံးပါ။ ထို့ပြင် ကျောင်းအားချိန်တွင် အားကစားလုပ်ငန်း၊ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးယဉ်ကျေးမှု သင်တန်းများတက်ခြင်းတို့ကို ဆောင်ရွက်သင့်ကြပါသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်ပသို့သစ်အလုံးလိုက်တင်ပို့မှုကိုရပ်ဆိုင်း၊ ပြည်တွင်းသစ်အခြေခံစက်ရုံအလုပ်ရုံ ကုန်ကြမ်းလိုအပ်ချက်ဖြည့်ဆည်းပေးရန်သာ သစ်ထုတ်လုပ်ခြင်းဖြစ်

နေပြည်တော် မေ ၂၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်ပြ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက နိုင်ငံတော်၏ သစ်ထုတ်လုပ်ရေးကဏ္ဍတွင် သစ်လုံးများထုတ်လုပ်ရောင်းချခြင်းကို ၂၀၁၄ ခုနှစ်အထိသာ ခွင့်ပြုတော့မည်ဖြစ်ကြောင်း မူတစ်ရပ်အနေဖြင့် သိရှိရသော်လည်း ယနေ့အခြေအနေတွင် ၂၀၁၄ ခုနှစ် မကုန်ဆုံးမီ တစ်နိုင်ငံလုံးရှိသစ်များ အပြောင်ရှင်းမည့် အနေအထားဖြင့် ထုတ်လုပ်နေခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အကျိုးစီးပွားအတွက် များစွာထိခိုက်နစ်နာသည်ကို မည်သို့တားဆီးကာကွယ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့် စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်**က ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့တိုးပွားစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို အထောက်အကူဖြစ်စေရန် သစ်ထုတ်လုပ်မှုပမာဏကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျွန်းသစ် ၁၇ ရာခိုင်နှုန်းနှင့် သစ်မာ ၂၀ ရာခိုင်နှုန်း၊ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျွန်းသစ် ၃၁ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် သစ်မာ ၄၉ဒသမ ၉၂ ရာခိုင်နှုန်းအထိ လျှော့ချထုတ်လုပ်ခဲ့ပါကြောင်း၊ ပြည်တွင်းသစ်ထုတ်လုပ်မှုကို သိသိသာသာလျှော့ချခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ခြင်းကို ရပ်ဆိုင်းခဲ့ပြီး သစ်ထုတ်လုပ်ခြင်းကိုမူ နိုင်ငံတော်၏လိုအပ်ချက်အရ ရပ်ဆိုင်းခြင်းမပြုသေးဘဲ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျွန်းသစ်ထုတ်လုပ်မှုကို သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းလျာထားချက်ပါ နှစ်စဉ်ထုတ်လုပ်မည့်ပမာဏကို အခြေခံကာ ၈၃ ဒသမ ၈ ရာခိုင်နှုန်းအထိလျှော့ချ၍ သစ်မာထုတ်လုပ်မှုကို နှစ်စဉ် ထုတ်လုပ်ရမည့် ပမာဏထက် ၆၂ ဒသမ ၆ ရာခိုင်နှုန်းအထိ လျှော့ချထုတ်လုပ်ပြီး ထုတ်လုပ်ရရှိသည့်သစ်များကို သစ်အခြေခံ သစ်အချောထည်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းခြင်းနှင့်ပြည်ပတင်ပို့ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အခြေအနေသည် ၂၀၁၄ ခုနှစ် မကုန်မီ တစ်နိုင်ငံလုံးရှိသစ်များ အပြောင်ရှင်းသစ်ထုတ်မှုအခြေအနေမျိုးမဟုတ်ပါကြောင်းနှင့် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကိုရပ်ဆိုင်းပြီး ပြည်တွင်း သစ်အခြေခံစက်ရုံ၊ အလုပ်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် သဘာဝတောများ ထိခိုက်မှုအနည်းဆုံးဖြင့် သစ်ထုတ်လုပ်ခြင်းသာ ဖြစ်ပါကြောင်း ဖြင့်ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်း(ခ)ဒူဝါခမိုင်တန်(ကိုယ်စား) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ်းက ပြည်ထောင်စုလွှတ်တော် ၂၀၁၄ -၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒပါ မြို့နယ်တစ်မြို့နယ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေ သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီစဉ်ချမှတ်ပေးရန် တောင်းခံမှုကို ပြည်ထောင်စုအစိုးရအဖွဲ့မှ မည်သည့်နည်းဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာလင်းအောင်က ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းထောက်ပံ့သည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်တစ်မြို့နယ်လျှင် ကျပ်သိန်းတစ်ထောင်နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၃ ဘီလီယံကို လျာထားပေးခဲ့ပါကြောင်း၊ ၎င်းအသုံးစရိတ်များကို လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပါဝင်သည့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တို့မှ ညှိနှိုင်းသတ်မှတ်သော လုပ်ငန်းများအတွက် သုံးစွဲရန်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးသည့်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။ (သတင်းစဉ်)

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီစဉ်ချမှတ်ပေးရန်ကိစ္စသည် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းရည်မှန်းချက်များ၊ ဘဏ္ဍာရန်ပုံငွေအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် အထူးလိုအပ်နေသည့် အခြေအနေတို့ပေါ်မူတည်ကာ အကောင်အထည်ဖော်ဆောင်ရွက်လိုသည့်လုပ်ငန်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အမျိုးသားစီမံကိန်း ဥပဒေကြမ်းရေးဆွဲရာတွင် ထည့်သွင်းပြီး ၎င်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည့်အခါ ရန်ပုံငွေစီစဉ်တောင်းခံမှုကို သက်ဆိုင်ရာက ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့က **လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က ပြန်လည်ဖြေကြားခဲ့သည်။

လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ မြေစာရင်းပုံစံ ၁၀၅ နှင့် ၁၀၆ တို့တွင် ပိုင်ရှင်အမည်ပေါက်မဟုတ်သူက ရောင်းချပြီး မြေပိုင်ရှင်အဖြစ် အလွဲဖော်ပြချုပ်ဆိုခဲ့သည့် မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်အရာရှိကို စာချုပ်ပြုလုပ်သူများကဲ့သို့ မမှန်သက်သေခံဖန်တီးရာတွင် တာဝန်မကင်းဟုဆိုပါက မှန်/မမှန်နှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဦးခင်ဇော်**က စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဟု အကြောင်းပြချက်မရှိဘဲ သက်ဆိုင်ရာမြေပေါ်တွင် ပိုင်ဆိုင်မှုမရှိဟူ၍ လည်းကောင်း၊ ဂရန်သက်တမ်း ကုန်ဆုံးသည်ဟူ၍လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်မသက်ဆိုင်သည့်အကြောင်းပြချက်များဖြင့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးရန်ငြင်းဆို၍ မရနိုင်ပါကြောင်း၊ ဥပဒေညွှန်ကြားချက်အရဖော်ပြထားသဖြင့် မြေပိုင်ရှင်အဖြစ် အလွဲဖော်ပြ စာချုပ်ပြုလုပ်သူများတွင် တာဝန်ရှိမည်ဖြစ်ကြောင်း၊ စာချုပ်မှတ်ပုံတင်အရာရှိ၏ ဆောင်ရွက်ချက်သည် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါက အရေးယူဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအရ တာဝန်ယူဆောင်ရွက်သည့်အရာရှိရှေ့တွင် မမှန်မကန်ထွက်ဆိုအစစ်ခံခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသို့ မမှန်ကန်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ရန်ဖြစ်စေ၊ ဘာသာပြန်ဆိုချက်ကို ဖြစ်စေ၊ မမှန်

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ကန်သည့် မြေပုံဖြစ်စေ၊ စာချုပ်မိတ္တူကိုဖြစ်စေ တင်ပြပေးအပ်ခြင်း၊ သူတစ်ပါးဟန်ဆောင်၍ သူတစ်ပါးအသွင်အနေဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်သွင်းခြင်း၊ အစစ်ဆေးခံခြင်းများပြုလုပ်ပါက ထိုသူကို ထောင်ဒဏ်ခုနစ်နှစ်ဖြစ်စေ(သို့မဟုတ်)ငွေဒဏ်ဖြစ်စေ (သို့မဟုတ်) ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် မမှန်သက်သေခံဖန်တီးသူများကို အကျိုးနစ်နာသူမှ အထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာတရားရုံးများတွင် ဥပဒေအရ တရားစွဲဆိုအရေးယူနိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ တောင်သူလယ်သမားများအတွက် နှစ်ရှည်ချေးငွေများ ချေးနိုင်၊ မချေးနိုင်နှင့် အရစ်ကျပေးဆပ်ရာတွင် သီးနှံပေါ်ချိန်ကာလတွင် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဦးခင်ဇော်**က “တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ” အရ ရေးဆွဲလိုက်သည့် “တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ” အတည်ပြုအသက်ဝင်လာပါက ဥပဒေနှင့်ညီညွတ်စွာ အစိုးရမှ အသိအမှတ်ပြုသည့် ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ချေးငွေများတိုက်ရိုက်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး ထိုအချိန်တွင် နှစ်ရှည်ချေးငွေ ထုတ်ချေးပေးနိုင်ရေးကိစ္စများသည် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဆန္ဒအတိုင်း ပေါ်ပေါက်လာနိုင်ဖွယ် အလားအလာရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

“တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၂၁)ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်များအနက် (၁၆)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြ၍ အချက်(၅)ချက်ကို သဘောမတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော်၏ “တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အပေါ် သဘောကွဲလွဲချက်(၅)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက အဆိုတင်သွင်းပြီး ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးတင်ပြရာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၉၅) နည်းဥပဒေခွဲ (က)အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကောက်ခံရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီကောက်ခံလျက်ရှိ

နေပြည်တော် မေ ၂၉

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အစီအစဉ် (၉) ခုဖြင့်ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **“မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် ကညနခွန်နှင့် အခြား အခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်းမဟုတ်ဘဲအသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြည်ပမှ မော်တော်ယာဉ်နှင့် စက်ယန္တရားများ တင်သွင်းခွင့် လိုင်စင်/ပါမစ် လျှောက်ထားရာတွင် သွင်းကုန်လိုင်စင်၏ ဆိပ်ကမ်းရောက်တန်ဖိုး(CIF)အပေါ် မူတည်၍ သွင်းကုန်လိုင်စင်ကြေး အနည်းဆုံးကျပ် ၂၅၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိနှင့် Online ကြေးအဖြစ်ကျပ် ၂၅၀၀ သာပေးသွင်းစေပြီး သွင်းကုန်လိုင်စင်/ပါမစ်တို့ကို ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ် အမျိုးအစားအလိုက် မူလတန်ဖိုး(FOB) ဈေးနှုန်းအပေါ် မှတ်ပုံတင်ခကို လုပ်ငန်းသုံးယာဉ်များနှင့် ကုန်တင်ယာဉ်များအား ၅ ရာခိုင်နှုန်း၊ ခရီးသည်တင်ယာဉ် (ယာဉ်မောင်းသူအပါအဝင် ၁၀ ဦးနှင့်အထက်) အား ၅ရာခိုင်နှုန်း၊ စက်စွမ်းအား ၁၃၅၀ စီစီနှင့်အောက်အား ၃၀ ရာခိုင်နှုန်း၊ စက်စွမ်းအား ၁၃၅၁ စီစီမှ ၂၀၀၀ စီစီအထိ ၅၀ ရာခိုင်နှုန်း၊ စက်စွမ်းအား၂၀၀၁ စီစီမှ ၅၀၀၀ စီစီအထိ ၈၀ ရာခိုင်နှုန်း၊ စက်စွမ်းအား ၅၀၀၁ စီစီနှင့်အထက်အား ၁၂၀ ရာခိုင်နှုန်း၊ လူနှင့်ကုန်နှစ်မျိုးသုံးယာဉ်များအား ၄၀ ရာခိုင်နှုန်းဖြင့် ၂၀၁၄ ခုနှစ်ဧပြီ ၁ ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံရန် သတ်မှတ်ထားပါကြောင်း၊ စက်ယန္တရားကြီးများအား တင်သွင်းရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခအား ကောက်ခံခြင်းမပြုပါကြောင်း။

ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကောက်ခံရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး ကနဦးမှတ်ပုံတင်လုပ်ငန်းမှ အခွန်အခငွေများအား တစ်ပြေးညီ တစ်သမတ်တည်းကောက်ခံလျက်ရှိပါကြောင်း၊ နယ်မြေခွဲခြားသတ်မှတ်၍နှုန်းထား ကွဲပြားစွာကောက်ခံမည်ဆိုပါက ကောက်ခံနှုန်းနည်းပါးသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးလိပ်စာများဖြင့် မော်တော်ယာဉ်များ စုပြုံဝင်ရောက်ဆောင်ရွက်ကြပြီး မကြာမီ အခြားဒေသများသို့ နေရပ်လိပ်စာပြန်လည်ပြောင်းလဲ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်။ (သတင်းစဉ်)

သွားနိုင်ခြင်း၊ မှတ်ပုံတင်ထားသည့် နယ်မြေတွင် အသုံးမပြုဘဲ အမှန်သုံးစွဲမည့်နေရပ်တွင်သာ သုံးစွဲနေကြမည်သာဖြစ်သဖြင့် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေလျော့နည်းနိုင်ခြင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း၌သာ မောင်းနှင်အသုံးပြုနိုင်ရန်အတွက် ကြီးကြပ်ကန့်သတ်ရန် ခက်ခဲခြင်းများဖြစ်ပေါ်လာနိုင်ပါကြောင်း။

၁/၄ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများနှင့်ကုန်တွဲများ တင်သွင်းလျှင် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းနှင့် အပေါ့စားဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ့စား ဝက်ဂွန်ကားများ၊ ကူပေးကားများအားတင်သွင်းလျှင် ကုန်းပေါ်အရောက်တန်ဖိုးအပေါ်တွင် ၂၅ ရာခိုင်နှုန်းတစ်ပြေးညီ ကောက်ခံလျက်ရှိပါကြောင်း၊ ကောက်ခံသည့် အခွန်များနှင့်ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲခြားကောက်ခံခြင်းမရှိဘဲ တစ်ပြေးညီ ကောက်ခံလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **“နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့်ဆေးရုံများအားအနိမ့်ဆုံးခုတင် ၅၀ ဆံ့ဆေးရုံများအဖြစ် ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က တိုင်းဒေသကြီးများ/ ပြည်နယ်များအတွင်း ယနေ့အထိ ဖွင့်လှစ်ထားရှိပြီးဖြစ်သော ၂၅ ခုတင်ဆံ့မြို့နယ် ဆေးရုံ ၁၉၀၊ ခုတင် ၅၀ ဆံ့ဆေးရုံ ၆၈ ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ၂၅ ခုတင်ဆံ့ဆေးရုံ သုံးရုံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ၁ရုံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ငါးရုံနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့သော ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံများကို လိုအပ်ချက်နှင့်အညီ ခုတင် ၅၀ ဆံ့သို့ တိုးမြှင့်ဖွင့်လှစ်လျက်ရှိပြီး ၂၅ ခုတင်ဆံ့ ဆေးရုံများ အားလုံးကို အနိမ့်ဆုံးခုတင် ၅၀ ဆံ့ ဆေးရုံများအဖြစ်သို့တိုးမြှင့်ရန် မလိုအပ်သေးပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန *စာမျက်နှာ ၁၀ ကော်လံ ၅ သို့*

ပြည်တွင်းသတင်း

✷ *ကျော့ဖုံးမှ*

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး လုပ်ငန်းဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေတာရှည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို တက်ရောက် အားပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသား ကျောင်းသူပေါင်း ၈ သန်း ၇ သိန်းခန့်ရှိပြီး အဆင့်မြင့်ပညာ ကျောင်းသားကျောင်းသူပေါင်း ၆ သိန်းကျော်နှင့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးသင်ကြားသူများ အပါအဝင် စုစုပေါင်းကျောင်းသားကျောင်းသူ ၉ သန်းကျော်ရှိပါကြောင်း၊ နိုင်ငံ့လူဦးရေနှင့် တွက်ကြည့်လျှင် ခြောက်ပုံတစ်ပုံခန့်သာ ပညာသင်ကြားနေသည်ကို တွေ့ရသည့်အတွက် ကျောင်းစာသင်ကြားမှုနှုန်း မြင့်တက်လာအောင် ကျောင်းအပ်နှံရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နှစ်စဉ်ကျောင်းအပ်သည့်နေရာတွင် မူလတန်းမှအလယ်တန်းကိုလည်းကောင်း၊ အလယ်တန်းမှ အထက်တန်းကိုလည်းကောင်း အခက်အခဲအမျိုးမျိုးကြောင့် မတက်နိုင်သူများကို ကူညီနိုင်သည့်နည်းလမ်းရှိလျှင် ကူညီသွားရန်၊ လုံးဝဆက်မတက်နိုင်သူများကိုလည်း အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးနိုင်ရန် စီစဉ်ပေးသွားရန်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အနေဖြင့် လူဦးရေစုစုပေါင်း ၄ သန်း ၆ သိန်းကျော်အနက် ကျောင်းသားပေါင်း ၈ သိန်းကျော် ဖြစ်သည့်အတွက် အချိုးအားဖြင့် ငါးပုံတစ်ပုံခန့်ရှိပါကြောင်း၊ အလားတူကျောင်းစာသင်ကြားနှုန်း မြင့်တက်အောင် အားပေးသကဲ့သို့ စာတတ်မြောက်နှုန်းမြင့်မားလာအောင် ယခင်က ရပ်တန့်နေသည့် အသုံးလုံးကြေ သင်တန်းကိုလည်း ယခုနှစ်မှစ၍ ပြန်လည် အားပေးဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ရေး ရေတို၊ ရေရှည်လုပ်ငန်းများတွင် ပညာရေးကဏ္ဍသည် အဓိကဖြစ်နေပါကြောင်း၊ အထူးသဖြင့် ၂၁ ရာစုခေတ်တွင် ပညာရေးသည် မရှိမဖြစ်လိုအပ်လာသည့် အရာဖြစ်ပါကြောင်း၊ ပညာရေးဟုဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ နေရာတိုင်း၊ ဌာနတိုင်း၏ ပညာရေး ပါဝင်ပတ်သက်နေမှုကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ နိုင်ငံရေးစသည့် မည်သည့်ကဏ္ဍတွင်မဆို ပညာရှင်လိုအပ်ပါကြောင်း၊ အားလုံးသည် ပညာရေးအခြေခံနှင့် ပညာရှိရန် ပညာရှင်ဖြစ်ရန် လိုအပ်နေသည်ချည်းဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတွင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ဟုခေါ်သည့် အုပ်ချုပ်ရေး မဏ္ဍိုင်ဖြစ်သည့် အစိုးရယန္တရားတွင် ပညာရှင်အရေးကြီးပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၊ တရားရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့တွင် ပညာရှင်အရေးကြီးပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် မီဒီယာတွင်လည်း ပညာရေးအခြေခံကောင်းမှသာ နိုင်ငံတကာအဆင့်မီ မီဒီယာကောင်းဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ခေတ်သစ်စစ်ရေး စစ်ရာစီမံခန့်ခွဲမှုတွင် ကမ္ဘာ့အနောက်ခြမ်း တစ်နေရာမှနေပြီး ကမ္ဘာ့ရှေ့ခြမ်း တစ်နေရာသို့ ကွန်ပျူတာပညာဖြင့် စစ်ဆင်ရေးလုပ်နေကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

ပညာရေးအစွမ်းထက်မှုကို နမူနာပြရမည်ဆိုလျှင် ပညာရည်တွင် သာလွန်သည့်အတွက် နိုင်ငံကငယ်ပြီး လူဦးရေ ၆ သန်းလောက်သာရှိသော်လည်း သန်း ၁၀၀ ကျော်ရှိ ပတ်လည်ဝန်းရံခံနေရသည့် ရန်သူနိုင်ငံများကြားတွင် ခေါင်းမော့ရပ်တည်နေသည့် နိုင်ငံတစ်နိုင်ငံအရှေ့အလယ်ပိုင်းဒေသတွင် ရှိပါကြောင်း။

ထို့အတူ ကမ္ဘာ့မြေပုံပေါ်တွင် အစက်အပျောက်လေး လောက်သာရှိသည့် နိုင်ငံလေးတစ်နိုင်ငံသည် ဖွံ့ဖြိုးပြီးချမ်းသာသည့်နိုင်ငံအဖြစ် ရပ်တည်နေသည့် နိုင်ငံတစ်နိုင်ငံအာရှတွင်လည်း ရှိပါကြောင်း၊ ပညာကိုသုံး၊ ဦးနှောက်ကိုသုံးပြီး အစစအရာရာ အနိုင်ယူနေကြပါကြောင်း၊ ယင်းသည် ပညာရေး၏ သာလွန်မှုသာဓကများပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကမ္ဘာကြီးရွာငယ်ဖြစ်ပေါ်နေသည့် ခေတ်ကြီးထဲတွင် ကာယစွမ်းအားထက် ဉာဏစွမ်းအားက ပိုမိုလိုအပ်လာသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ပညာရေးကို မဖြစ်မနေ မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပညာရေးအခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းစာသင်ကြားရေး၊ စာသင်အရွယ်ရောက်သူတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးတို့ကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းကြောင့် သက်ဆိုင်သူ ကျောင်းသား မိဘများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူအားလုံးက ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေးလှုပ်ရှားမှု ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒေါက်တာဒေါ် ခင်စန်းရီနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ကျောင်းဝတ်စုံ ၈၃ စုံ၊ စာရေးခုံ ၂၀၊ ကျောင်းသုံးစာအုပ်များ၊စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြောက်နန်ချွန်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး အသုံးအဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တောင်ငူမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ အလှူငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းအတွင်း ကျောင်းအပ်နှံနေမှုများကိုကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်ငူမြို့နယ် မိုးကောင်းအခြေခံပညာ အလယ်တန်း ကျောင်းခွဲ၊ လေးမိုင်အခြေခံပညာ အထက်တန်းကျောင်းနှင့် လေးမိုင်ရွာဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့၌ ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရေတာရှည်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းအပါအဝင် ကျောင်းပေါင်း ၂၃၂ ကျောင်းရှိပြီး ကျောင်းအပ်လက်ခံရမည့်ဦးရေ ၃၆၀၀၀ ကျော်အနက် ယခုအခါ ၆၂ ဒသမ ၃၇ ရာခိုင်နှုန်း ကျောင်းအပ်နှံပြီးဖြစ်သည်။

အလားတူ တောင်ငူမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်းအပါအဝင် ကျောင်းပေါင်း ၁၈၉ ကျောင်းရှိပြီး ကျောင်းအပ်လက်ခံရမည့်ဦးရေ စုစုပေါင်း ၄၄၀၀၀ ကျော် အနက် ၆၂ ဒသမ ၂၄ ရာခိုင်နှုန်း ကျောင်းအပ်နှံပြီး ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အခမဲ့ပညာရေးစနစ်ဖော်ဆောင်ပေးချိန်မှာ ဝိုင်းဝန်းပံ့ပိုးမှုတွေကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ကြလိမ့်မယ်လို့ယုံကြည်

သတင်း - ရန်ကြီးအောင်
ဓာတ်ပုံ - နေလင်း(မြန်/ဆက်)

နေပြည်တော် မေ ၂၉

လာမည့်ဇွန်လ ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ပေတော့မည်။ အဆိုပါ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ ကျောင်းဖွင့်ရာသီတွင် ကျောင်းနေအရွယ်ကလေးအားလုံးတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့ သတင်းအဖွဲ့သည် ရေတာရှည်နှင့် တောင်ငူမြို့နယ်အတွင်း ကျောင်းအပ်နှံရေးလှုပ်ရှားဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သွားရောက်လေ့လာခဲ့ပြီး ဆရာမများ၊ ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုသို့ မေးမြန်းခဲ့ရာတွင် ၎င်းတို့၏ ဖြေကြားချက်များကို အောက်ပါအတိုင်း ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

ဒေါ်ခင်မျိုးဆွေ
အလယ်တန်းပြ
ရေတာရှည် အထက(၁)

ဒီနှစ်မှာ အလယ်တန်းအဆင့်ကိုပါ အခမဲ့ပညာသင်ကြားရမှာဖြစ်တဲ့အတွက် ကျောင်းသားဦးရေ ပိုများလာမယ်လို့ မျှော်လင့်ရပါတယ်။ ဒီလို မျှော်လင့်ထားတဲ့အတွက် နိုင်ငံတော်ကလည်း ကျွန်မတို့ကျောင်းကို သင်ကြားဖို့ နေရာ အခက်အခဲမဖြစ်အောင် အဆောက်အအုံတစ်လုံး တိုးချဲ့ချထားပေးတယ်လို့ သိရပါတယ်။

ဦးတင်အောင်
မြို့နယ်ပညာရေးမှူး
တောင်ငူမြို့နယ်

အခုလို မူလတန်းတင်မက အလယ်တန်း အဆင့်အထိပါ အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးတဲ့အတွက် ပညာတတ်တွေပိုပြီး တိုးတက်လာမယ်လို့ထင်ပါတယ်။

အရင်က ကျွန်မတို့မြို့နယ်မှာ ကျောင်းမတက်နိုင်တဲ့ ကလေးတွေ ရှိခဲ့ပါတယ်။ ဒီကလေးတွေကို ကျောင်းသားတွေကို တာဝန်ယူပြီး ကျောင်းထားပေးခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းပြင်ပ ပညာရေးကိုလည်း ဖွင့်လှစ်ပေးထားတာရှိပါတယ်။ ဒါပေမယ့် ခုလိုအခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်တာဟာ ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ပိုပြီးထိရောက်တဲ့လုပ်ငန်းစဉ်တစ်ခုလို့ မြင်မိပါတယ်။

မအိန္ဒြေဦး
အဋ္ဌမတန်းကျောင်းသူ
အထက(၁)ရေတာရှည်

အရင်က မူလတန်းကို အခမဲ့

ဒေါ်ခင်မျိုးဆွေ
အလယ်တန်းပြ
ရေတာရှည် အထက(၁)

ပညာသင်ကြားရေးစနစ် ကျင့်သုံးခဲ့ရာက ဒီနှစ်မှာ အလယ်တန်းကိုပါ အခမဲ့ ပညာသင်ကြားရေးစနစ် ကျင့်သုံးတဲ့အတွက် ကျွန်မတို့ အလွန်ဝမ်းသာရပါတယ်။ သူငယ်ချင်းတွေလည်း အများကြီးတိုးလာပါတယ်။ အဲဒီအတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်။

ဦးအုန်းမြင့်
မြို့နယ်ပညာရေးမှူး
ရေတာရှည်မြို့နယ်

ရေတာရှည်မြို့နယ်မှာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းခွဲ ၁၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၆ ကျောင်း၊ မူလတန်းကျောင်း ၁၃၁ ကျောင်း စုစုပေါင်း ၂၃၂ ကျောင်းရှိပါတယ်။ ဒီကျောင်းတွေမှာ ကျောင်းအပ်လက်ခံမယ့်စာရင်းက ကျောင်းသား

မအိန္ဒြေဦး
အဋ္ဌမတန်းကျောင်းသူ
အထက(၁)ရေတာရှည်

စုစုပေါင်း ၃၆၃၁၁ ဦးရှိပါတယ်။ ယခု မေ ၂၇ ရက်အထိ ၂၁၆၄၆ ဦး လာရောက် ကျောင်းအပ်နှံပြီးဖြစ်တဲ့အတွက် ၆၂ ရာခိုင်နှုန်းကျော် ကျောင်းအပ်ပြီးပါပြီ။ ကျောင်းတွေရဲ့ ကျောင်းအပ်လက်ခံနေမှုကို လှည့်လည်ကြည့်ရှုရာမှာ အားလုံး အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နေကြတာကို တွေ့ရပါတယ်။ အလယ်တန်းအဆင့်ထိ ကျောင်းအပ်ဖို့အကုန်အကျ မရှိတော့တဲ့အတွက် မိဘတွေရဲ့မျက်နှာလည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်နေကြတာကိုတွေ့ရပါတယ်။

ဒေါ်ဝင်းကြည်
အလယ်တန်းပြ
တောင်ငူ အထက(၁)

ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ယခုလ ၂၅ ရက်ကနေ ၃၁ ရက်အထိ ဆောင်ရွက်နေပါတယ်။ ကျွန်မတို့အနေနဲ့ ၂၅ ရက်ကနေစပြီး ကျောင်းအပ်လက်ခံခဲ့ပါတယ်။ အဲဒီရက်မတိုင်ခင်က ကျွန်မတို့ဆရာ ဆရာမတွေအနေနဲ့ ကျောင်းအပ် လက်ခံနိုင်ဖို့အတွက် ပြင်ဆင်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ဒီနှစ်မှာ ပဉ္စမတန်းကနေ အဋ္ဌမတန်းအထိရှိတဲ့ အလယ်တန်းအဆင့်ကျောင်းသားတွေကိုလည်း အခမဲ့ကျောင်းအပ်လက်ခံနေပါတယ်။ ကျောင်းအပ်ဖို့ ငွေကုန်ကြေးကျမရှိတော့တဲ့အတွက် ကျောင်းသားကျောင်းသူတွေ၊ ကျောင်းသားမိဘတွေအတွက် အင်မတန်ကို ဝမ်းသာရပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေလည်း သူတို့နဲ့ ထပ်တူကြည်နူးရပါတယ်။ အခုလာပြီး ကျောင်းအပ်ကြတော့လည်း အားလုံးပျော်ပျော်ရွှင်ရွှင်လာရောက်ကြတာကို တွေ့ရပါတယ်။

စာမျက်နှာ ၉

အထက(၁)တောင်ငူတွင် လာရောက်ကျောင်းအပ်နှံကြစဉ်။

ပြည်တွင်းသတင်း

ခေတ်စနစ်နှင့် လိုက်လျောမှုရှိသည့် ဥပဒေများမပြဋ္ဌာန်းနိုင်ပါက ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်မဟုတ်

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းကပြည်ထောင်စုလွှတ်တော်အစည်းအဝေးနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးများ ကိုးကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ဆောင်စရာများစွာ ကျန်နေသေးကြောင်း၊ ရှေ့ဆက်၍ အလုပ်များများ၊ အမှားနည်းနည်း လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ကော်မတီများသည် လွှတ်တော်အငယ်စားများ ဖြစ်၍ ကော်မတီများအပိုင်းက များများလုပ်ဆောင်ရန်လိုကြောင်း၊ ကော်မတီတွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏အရည်အချင်း၊ စိတ်ဓာတ်နှင့် စေတနာအရေးကြီးကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့်ထိတွေ့မှု၊ ကော်မတီလုပ်ငန်းများဆောင်ရွက်မှုနှင့် လွှတ်တော် အစည်းအဝေးတက်ရောက်မှု လုပ်ငန်းများကို ညီညွတ်မျှတစွာ လုပ်ဆောင်ရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီများ၌ တာဝန်ရှိကြောင်း၊ ကော်မတီဥက္ကဋ္ဌများက အဖွဲ့ဝင်များအား အရည်အချင်းပြည့်မီအောင် လုပ်ဆောင်ပေးရန် လိုအပ်သကဲ့သို့ အဖွဲ့ဝင်များ အပိုင်းကလည်း တာဝန်ကျေပွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကော်မတီများကိုကူညီရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းပေးထားကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူရသည့် ကော်မတီများ၌ တက်တက်ကြွကြွ ပါဝင်ကြရန်နှင့် အကြံဉာဏ်များပေးရန်လိုကြောင်း၊ လွှတ်တော်လက်ကျန်သက်တမ်းတစ်နှစ်ခွဲကာလတွင် ပြီးခဲ့သည့် ကာလများထက် ပိုမိုကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်စနစ်နှင့် လိုက်လျောမှုရှိသည့် ဥပဒေများမပြဋ္ဌာန်းနိုင်ပါက ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်း၊ ဥပဒေပြုရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်မှသာ အောင်မြင်မှုရရှိမည် ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန့်အေးအေးကြည်က ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးတို့က ကော်မတီအလိုက် ဆောင်ရွက်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသူများက ဆောင်ရွက်ဆဲဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(လွှတ်တော်)

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး(၃/၂၀၁၄) ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

အဆိုပါအစည်းအဝေးကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကြိုအစည်းအဝေး ညှိနှိုင်းဆုံးဖြတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် ထပ်မံဆုံးဖြတ်ရမည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်းဆွေးနွေး တင်ပြကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ယခုလို စနစ်ပြောင်းပြီး ဒီမိုကရေစီစနစ်ကို သွားသည့်အချိန်တွင် လွှတ်တော်များသည် ဥပဒေပြုရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာသူများသည် ဥပဒေပြုရေးအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြစ်ကြောင်း၊ ဒီပုဂ္ဂိုလ်များအားလုံးသည် တစ်ညီတစ်ညွတ်တည်းရှိဖို့လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် ပွင့်ပွင့်လင်းလင်း ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ညီညီညွတ်ညွတ် စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာအဖြေရှာဖို့ ဖြစ်ကြောင်း၊ ပြဿနာကို ဖြေရှင်းသည့်အခါ တစ်ဦးတစ်ယောက်နှင့်မရနိုင်ဘဲ စုပေါင်းဆောင်ရွက်မှ အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အကြိုညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့သည် လွှတ်တော်များကို စတင်ပြီး ထူထောင်တာဖြစ်သည့်အတွက် မိမိတို့တာဝန်ယူသည့်ကာလတွင် မိမိတို့လွှတ်တော်များကို ထိုက်သင့်သည့် ပြည့်စုံမှုများရှိအောင် ထူထောင်ပေးသွားဖို့လိုကြောင်း၊ တစ်ယောက်တစ်ဖွဲ့ရဲ့အားဖြင့် ဆောင်ရွက်တာမလုံလောက်တာဖြစ်တဲ့အတွက် အဖွဲ့အစည်းနဲ့ အားလုံးဝိုင်းဝန်းစုပေါင်းဆွေးနွေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ဒီအယူအဆနဲ့ အလေ့အထများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်အတွက် မလုပ်ဘဲ ပြည်ထောင်စုအတွက်၊ နိုင်ငံသားအားလုံးအတွက် လုပ်တယ်ဆိုတဲ့ စိတ်စေတနာနဲ့ ဆောင်ရွက်သွားမည်ဆိုရင် အဆင်ပြေသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြေနီ-နောင်လိတ်ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတားဖွင့်

ဆီဆိုင် မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု မြေနီ-နောင်လိတ်ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသော ကျေးရွာပြည်သူများက မြေနီကျောင်းထိုင်ဆရာတော် ဦးကေသလထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး ကုန်းဆွတ်ကျောင်းထိုင်ဆရာတော် ဦးဝိလာသက္က၊ မြေနီကျောင်းထိုင်ဆရာတော် ဦးကေသလ၊ နောင်လိတ်ကျောင်းထိုင်ဆရာတော် ဦးကောသလတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တည်ဆောက်ထား

အဆိုပါ ကြိုးတံတားသည် အရှည် ၁၂၆ ပေ၊ အကျယ်လေးပေ၊ အမြင့် ၂၄ ပေရှိသည့် အခင်းသံဖရိန်သံမဏိကြိုးဆွဲတံတားဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံမှ စေတနာရှင်တစ်ဦးက မတည်ငွေကျပ်သိန်းပေါင်း ၇၀ နှင့် ကျေးရွာပြည်သူတို့ ထည့်ဝင်ငွေကျပ် ၄၁၃၀၀၀၀ ဖြစ်ကာ စုစုပေါင်းငွေကျပ် ၁၁၁၃၀၀၀၀ ကုန်ကျပြီး မြေနီကျေးရွာနှင့် နောင်လိတ်ကျေးရွာအကြား စီးဆင်းလျက်ရှိသည့် တစ်ဖက်ချောင်းကိုဖြတ်၍ တံတားတည်ဆောက်ထားခြင်း ဖြစ်သည်။

အဆိုပါ တံတားပြီးစီးသည့်အတွက် မြေနီ-နောင်လိတ်ကျေးရွာအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးမှုကိစ္စရပ်များ ယခင်ကထက် ပိုမိုတိုးတက်လာနိုင်ပြီး ကျေးရွာအချင်းချင်း စည်းလုံးမှု ပိုမိုခိုင်မာလာမည်ဖြစ်သည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

စာမျက်နှာ ၈ မှ

အရင်ကတော့ အလယ်တန်းအဆင့်ကို ဆက်မတက်နိုင်တော့တဲ့ ကျောင်းသားတွေ ရှိခဲ့ဖူးပါတယ်။ ကျွန်မတို့ကျောင်းက ပဉ္စမတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ ရှိတဲ့ကျောင်းဖြစ်လို့ အခြားနယ်ကျောင်းတွေက နေပြောင်းလာပြီး ကျောင်းမအပ်နိုင်တဲ့သူတွေ၊ ကျောင်းဆက်မတက်နိုင်တဲ့သူတွေရှိရင် ကျောင်းအုပ်ကြီးရဲ့ စီစဉ်မှုနဲ့ ဆရာ ဆရာမတွေ ပူးပေါင်းကူညီပေးခဲ့ကြတယ်။ အတန်းစဉ်အလိုက် အလှူခံ၊ ဆရာ ဆရာမတွေဝိုင်းပံ့ပိုးပြီး ကျောင်းတက်နိုင်အောင် ကူညီပေးခဲ့တာမျိုးတွေရှိခဲ့ပါတယ်။ အခုတော့ ဒီလိုမျိုးဖြစ်တယ်လို့ မကြားရတော့ပါဘူး။

ဒေါ်မြမြခက်
ကျောင်းသားမိဘ
ရေဖြူကင်းရွာ အုတ်တွင်းမြို့နယ်

ကျွန်မကတော့ ဒီအထက(၁) တောင်ငူမှာ ကျောင်းတက်မယ့် သတ္တမတန်းကျောင်းသူရဲ့ မိဘပါ။ အရင်က မူလွန်ကျောင်းကနေ ဒီကျောင်းကို ပြောင်းလာတာပါ။ အခု အလယ်တန်းအဆင့်အထိ အခမဲ့အပ်ရတဲ့အတွက် ကျောင်းသားမိဘတွေ အားလုံးပဲ နိုင်ငံတော်ကို ကျေးဇူးတင်နေကြပါတယ်။ အရင်က ကျောင်းသားမိဘတွေအနေနဲ့ ကျောင်းအပ်ဖို့ အရေးအတွက် အများကြီးအခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။ အခုတော့ အခမဲ့ဆိုတော့ အကုန်လုံးအဆင်ပြေသွားပါတယ်။

ဦးတင်အောင်
မြို့နယ်ပညာရေးမှူး တောင်ငူမြို့နယ်

ကျွန်တော်တို့ မြို့နယ်မှာတော့ ကလေးတွေ ကျောင်းနေနိုင်ရေးအတွက် ဌာနဆိုင်ရာတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့အလှူရှင်တွေက အားတက်သရော ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့ကြပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဗလာစာအုပ်ဒါဇင်ပေါင်း ၁၄၄၁၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့မြို့မိမြို့ဖတွေက အလှူငွေတွေ လှူဒါန်းခဲ့ကြပါတယ်။ ဒ့ါအပြင် သီတာရုံကျောင်းဆရာတော် ဦးပါရဂူက ကံကြီးကျေးရွာမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုးကျောင်းအတွက် ငွေကျပ် ၂၁၆ သိန်းတန် တစ်ထပ်အုတ်ညှပ်ကျောင်းဆောင်တစ်ဆောင်၊ အလှူရှင် ဦးမျိုးအောင်ဇင်က အနောက်အင်ဒိုင်း မူလွန်ကျောင်းအတွက် ၁၂၄ သိန်းတန်ကျောင်းဆောင်တစ်ဆောင်၊ အလှူရှင် ဦးရဲဝင်းက ကောင်းမှုတော်အမကကျောင်းနဲ့ ဥသျှစ်ကုန်းအမကကျောင်းတို့အတွက် ငွေကျပ် ၄၃၂ သိန်းကုန်ကျမယ့် တစ်ထပ်အုတ်ညှပ်ဆောင်တစ်ဆောင်စီတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။ ဒီလိုလှူဒါန်းကြသူတွေကို ကျောင်းသားမိဘတွေ၊ ကျောင်းသား ကျောင်းသူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ကလည်း အခမဲ့ပညာရေးစနစ်ဖော်ဆောင်ပေးချိန်မှာ အခုလို ဝိုင်းဝန်းပံ့ပိုးမှုတွေကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

မကေသီ
မိုးကောင်းကျေးရွာ တောင်ငူမြို့နယ်

ကျွန်မမှာ ကလေးလေးယောက်ရှိပြီး ကျောင်းသားက သုံးယောက်ပါ။ အရင်က ကျောင်းဖွင့်ခါနီးဆိုရင် ကျောင်းအပ်ဖို့ ပိုက်ဆံရှာရလို့ တော်တော်ခက်ခဲပါတယ်။ ခုတော့ ပိုက်ဆံမလိုတော့လို့ မပူရတော့ပါဘူး။ သတ္တမတန်းကလေးအတွက် ကျောင်းအပ်ခမပေးရပါဘူး။ ပြဋ္ဌာန်းစာအုပ်တွေလည်း အခမဲ့ရပါတယ်။ ဒုတိယတန်းတက်မယ့် ကလေးနှစ်ယောက်ကျတော့ ကျောင်းအပ်ခမပေးရတဲ့အပြင် ကျောင်းသုံးစာအုပ်တွေနဲ့ ဗလာစာအုပ်ခြောက်အုပ်စီ အခမဲ့ရပါတယ်။ ဒ့ါအပြင် တစ်ယောက်ကို ငွေကျပ် ၁၀၀၀ စီလည်းရပါသေးတယ်။ ကျွန်မတို့လိုမိဘတွေ ရင်မမောရတော့ပါဘူး။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၄ ခုနှစ် ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးစည်းဝေး

နေပြည်တော် မေ ၂၉

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနက မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မား စေရေးအတွက် ယခင်ရန်ကုန်မြို့နှင့် မန္တလေးမြို့ များတွင်သာ ကျင်းပခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစား ပြိုင်ပွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်အသီးသီး၌ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ အဖြစ် ပြောင်းလဲကျင်းပသွားမည် ဖြစ်ရာ အဆိုပါအားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲဝင်အင်အား မှတ်ပုံတင်ခြင်း နှင့်ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို မေ ၂၈ ရက်နံနက် ၁၀ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီး ပြည်နယ်အား ကစားပြိုင်ပွဲကို လက်ခံကျင်းပရာ တွင် မိမိတို့၏ဒေသတွင်း မြို့နယ်၊ ခရိုင်(သို့) ကလပ်ပြိုင်ပွဲသုံးမျိုးကိုပါ တစ်ပြိုင်တည်း ထည့်သွင်းကျင်းပ စေလိုကြောင်း၊ မြန်မာတစ်မျိုးသား လုံး၏ အားကစားနည်းဖြစ်သော ဘောလုံးအားကစားနည်းကို အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲအဖြစ် ဒေသအားလုံးတွင် မဖြစ်မနေပါဝင် ထည့်သွင်း ကျင်းပရန်လိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အဆင့်မြင့်မြင့်ပါဝင် ယှဉ်ပြိုင်နိုင်ရေး၊ အဆင့်မီလက်ခံ ကျင်းပနိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ် ကြောင်း ပြောကြားသည်။

> **ဘောလုံးအားကစားနည်းကို အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲအဖြစ် ဒေသအားလုံးတွင် မဖြစ်မနေပါဝင် ထည့်သွင်း ကျင်းပရန်လို**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့်အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က ပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် မှာကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က **ယှဉ်ပြိုင်မှုဥပဒေကြမ်း**အား အမျိုးသား လွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူ ကြောင်း ဆုံးဖြတ်သည်။ အဆိုပါ ဥပဒေကြမ်းအား အမျိုးသားစီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွား ရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်နိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစု အဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း (သို့မဟုတ်) စျေး ကစားမှုပြုခြင်းဖြင့် အများပြည်သူ တို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာ စေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊ စျေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစား ပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေး လုပ်ငန်းများ ပေါင်းစည်းခြင်း ဝယ်ယူ ခြင်းတို့အား ဥပဒေနှင့်အညီ ခွင့်ပြု နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ အကြား ကန့်သတ်ထားရှိသည့် သဘောတူညီချက်နှင့် အစီအမံများ အား ဖယ်ရှားထိန်းချုပ်နိုင်ရန် ရည် ရွယ်ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရှိ ရသည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်ပြီး အစည်း အဝေး တတိယနေ့ကို မေ ၃၀ ရက် တွင် ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

ရန်ကုန်နားမကြားကျောင်းတိုးချဲ့ဖွင့်၊ သတ္တမတန်းအထိ သင်ကြားပေးမည်

ရန်ကုန် မေ ၂၉

ဇွန်လတွင် စတင်ဖွင့်လှစ်မည့် ပညာသင်နှစ်အတွင်း နားမကြားသော ကလေးငယ်များအတွက် အခြေခံ ပညာသင်ကြားပေးလျက်ရှိသည့် မေရီ ချက်ပ်မင်းကျောင်းတွင် သတ္တမတန်း အတွက် သင်ကြားဖြေဆိုမှုများကို စတင် လက်ခံပေးတော့မည်ဖြစ်သည့် အပြင် တာမွေမြို့နယ်အတွင်းတွင် လည်း ရန်ကုန်နားမကြားကျောင်း တစ်ကျောင်း တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်း ကြောင့် နားမကြားကလေးငယ်များ သင်ကြားမှု ပိုမိုကောင်းမွန်လာ တော့မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူ အသစ် များကို မေ ၂၆ ရက်က စတင် လက်ခံပေးနေပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းဝင်ခွင့် လက်ခံရာတွင် အမှန်တကယ် နား မကြားသူဖြစ်ကြောင်း၊ နားကြားမှု အဆင့်သတ်မှတ်ချက် ဆေးမှတ်တမ်း များနှင့် တိုက်ဆိုင်ကာ စစ်ဆေး လက်ခံပေးခြင်းဖြစ်ကြောင်း မေရီ ချက်ပ်မင်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းက ပြောကြားသည်။

နားမကြားမှုများတွင် ကွာခြားမှု များရှိပြီး နားကြားမှုနှုန်းပေါ်တွင် မူတည်ကာ အချို့သော ကလေးငယ် များအား နားကြားအထောက်အကူပြု ကိရိယာများကိုအသုံးပြုကာ သင်ကြား ပေးရပြီး လုံးဝနားမကြားသူများကိုမူ သင်္ကေတဘာသာရပ်များဖြင့် အခြေ ခံပညာ သင်ရိုးညွှန်းတမ်းများကို သင်ကြားပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ နားမကြားမှု အခြေအနေများအတွက် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံရှိ နားဘက်ဆိုင်ရာဌာနမှ စစ်ဆေးစမ်း သပ်မှုများ ပြုလုပ်ပေးနေပြီး ဆေးမှတ် တမ်းအရ ကျောင်းသားများကို ခွဲခြား သင်ကြားမှုပေးရကြောင်း ကျောင်း အုပ်ဆရာမကြီးက ပြောပြသည်။

"အရင်က ဆဋ္ဌမတန်းအထိ လက်ခံသင်ကြားပေးခဲ့တာပါ၊ ယခု နှစ်မှာတော့ ကလေးတွေရော ကျောင်းသားဟောင်းတွေရော ကျောင်း တက်ရတာ အဆင်ပြေအောင်၊ ကျောင်းရဲ့ လုပ်ဆောင်ချက်တွေကို လည်း မြှင့်တင်ပြီးတာတွေကြောင့် သတ္တမတန်းအထိ တိုးမြှင့်သင်ကြား ပေးဖို့ စီစဉ်ထားပါတယ်။ ကလေးတွေ အနေနဲ့ ပုံမှန်ကျောင်းတွေကို ကူးပြောင်းတဲ့အခါ ပိုမိုရင့်ကျက်တဲ့ အသက်အရွယ် ဖြစ်လာမှာပါ။ များသောအားဖြင့် ဆွံ့အနားမကြား မျက်မမြင်စတဲ့ ကလေးတွေကို ပညာ သင်ကြားပေးကြတဲ့အခါ ပုံမှန်ကလေး တွေ စတင်ကျောင်းတက်ကြတဲ့ ငါးနှစ် အရွယ်မှာစပြီး ကျောင်းလာ တက်တာမျိုးရှားပါတယ်။ မိဘတွေ အနေနဲ့ အများကြီးပြင်းခဲ့ရ သလိုမျိုးထားကြည့်ပြီး လုံးဝအဆင် မပြေတော့မှ လာကြတာများတယ်။ ဒါမှမဟုတ်လည်း ကလေးကျန်းမာရေး အနေအထားအရ နောက်ကျပြီးမှ ထားကြတဲ့အတွက် သတ္တမတန်းကို သင်ကြားမယ့်ကလေးငယ်ဟာ ပုံမှန် ရှိရမယ့် အသက် ၁၂နှစ်၊ ၁၃နှစ် အရွယ်တွေထက် အသက်ပိုကြီးသူ တွေလည်း ပါဝင်တတ်ပါတယ်။ အဲဒီ တော့ သတ္တမတန်းအထိ ကျွန်မတို့က သင်ကြားပေးလိုက်ခြင်းအားဖြင့် အခြား ကျောင်းတွေတက်တဲ့အခါ လိုအပ်ထားတဲ့အခြေခံပညာအရည် အချင်းနဲ့ ဘဝတွက်တာပညာရပ် တွေ ပေါင်းသင်းဆက်ဆံရေးပညာ ပေးမှုတွေကြောင့် ပိုပြီးအဆင်ပြေ လာစေတယ်"ဟု မေရီချက်ပ်မင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့် ညွန့်သိန်းက ပြောကြားသည်။

နားမကြား ကလေးငယ်များ အတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေး အသုံးအဆောင်များ ကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနက ပိုမိုပံ့ပိုးပေးထားပြီး ပညာသင်နှစ် သစ်အတွက် နားမကြားကျောင်းသစ် ထပ်မံတိုးချဲ့ဖွင့်လှစ် ပေးထားခြင်း ဖြင့် ကျောင်းသားများ ရွေးချယ်စရာ အခွင့်အလမ်းများ တိုးမြင့်လာပြီး ပိုမိုပညာသင်ယူခွင့်များလည်း ရလာ တော့မည်ဖြစ်သည်။ အခြေခံပညာ သင်ကြားမှုများအပြင် ကျောင်းစာ များကို သင်ယူရန်ခက်ခဲသည့် ကလေးငယ်များနှင့် အခြားသော ကျွမ်းကျင်မှု အတတ်ပညာများကို သင်ယူလိုသူ နားမကြားကလေးငယ် များအတွက်လည်း ဘဝရပ်တည်နိုင် ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များလေ့လာ သင်ယူမှု ပြုလုပ်နိုင်ရန်အတွက်လည်း နားမ ကြားကျောင်းများက ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

> **နားကြားမှုနှုန်းပေါ်တွင် မူတည်ကာ အချို့သော ကလေးငယ်များအား နားကြားအထောက်အကူပြု ကိရိယာများကိုအသုံးပြုကာ သင်ကြားပေးရပြီး လုံးဝနားမကြားသူများကိုမူ သင်္ကေတဘာသာ ရပ်များဖြင့်သင်ကြား**

သတင်း-ခင်လေးမြင့်အောင်
ဓာတ်ပုံ-မေဦးမိုး

အမည်ပြောင်း

ဦးမျိုးသန့် ၁၂/ဗဟန(နိုင်)၀၄၄၂၆၃၏သား မောင်တိုးဦးဝေယံအား မောင်ပိုင်မျိုးမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပိုင်မျိုးမင်း

အမည်ပြောင်း

ဦးကျော်ဝင်းဟန် ၁၂/လမန(နိုင်)၁၁၉၂၉၅၏သမီး မမေသူကျော် အား မလင်းသုတဝေဟု ပြောင်းလဲခေါ်ပါရန်။

မလင်းသုတဝေ

လေလံတင်ရောင်းချရန်ကြော်ငြာ

သစ်တောဦးစီးဌာနရှိ ဘက်ထရီအဟောင်းများ၊ တာယာအဟောင်းများကို ဈေးပြိုင်စနစ် ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံလျှောက်လွှာအားစီမံခန့်ခွဲရေးဌာန၊ သစ်တော ဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁တွင် ဝယ်ယူနိုင်ပါသည်။ လေလံလျှောက်လွှာကို စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော် တွင် တင်သွင်းရပါမည်။ လေလံလျှောက်လွှာများအား ၅-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီမှစတင်၍ ရောင်းချပြီး ၁၆-၆-၂၀၁၄ ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီ တွင် လျှောက်လွှာပိတ်ပါမည်။ ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) နံနက်၁၀း၀၀နာရီတွင် သစ်တော ဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံဆွဲ ဝယ်ယူခွင့်လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ၅၀၀၀ိ/(ကျပ်ငါးထောင်)နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

စီမံခန့်ခွဲရေးဌာန
သစ်တောဦးစီးဌာန
နေပြည်တော်

ဂရန်မိတ္တူမှန်များလျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် BB၊ မြနန္ဒာရပ်၊ ဦးပိုင်အမှတ် ၁၂၉၊ မြေယာနံပါတ် 129၊ မြေဧရိယာ ဝဒသမ၀၄၂ ဧကဟု ခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်များသည် မြို့မြေဂရန်မှုနံပါတ် (၂၄၃/၉၃-၉၄)အရလည်းကောင်း၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် BB၊ မြနန္ဒာရပ်၊ ဦးပိုင်အမှတ် ၁၃၀၊ မြေယာနံပါတ် 130၊ မြေဧရိယာ ဝဒသမ ၀၅၅ဧက ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်များသည် မြို့မြေဂရန်မှု နံပါတ် (၂၃၈/၉၃-၉၄)အရလည်းကောင်း ဒေါ်ရတနာထွန်းအမည်ပေါက်လျက်ရှိပြီး အဆိုပါမြေဂရန်မူရင်းနှစ်စောင်မှာ ပျောက်ဆုံးသွား သဖြင့် ဒေါ်ရတနာထွန်းက ဂရန်မိတ္တူမှန်များထုတ်ပေးရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတွင် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်ရန်မရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကြည် (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင် (၃)မြောက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
၂၀၁၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၅၈

ဦးဌေးဟုန် **နှင့်** ဒေါ်မွေးမွေးငယ်(၄င်း၏အထွေထွေကိုယ်စား လှယ်စာရသူ ဦးကျော်သူဝင်းနိုင်)

တရားလို **တရားပြိုင်**

ဒေါ်မွေးမွေးငယ်(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်သူဝင်းနိုင်)၊ အမှတ် ၁၁၈၊ လမ်း ၃၀၊ ၆၅×၆၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ ဦးဌေးဟုန်က ဤရုံးသို့ ပြင်ဦးလွင်ခရိုင်တရားရုံးမကြီး ၆၃/၂၀၁၂၏ ၂၄-၁-၂၀၁၄ ရက်စွဲပါ စီရင်ချက်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ခုနှစ် ဇွန် ၁၂ ရက်(၁၃၇၆ခုနှစ်၊ နယုန်လပြည့်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ် ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ မေ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၈/ကနေ ဦးမောင်နိုင် ၁၂/မရက(နိုင်)၁၃၆၆၄၄နှင့် ဒေါ်အေးအေးသန်း ၁၂/မရက(နိုင်)၁၃၈၃၂၈တို့၏ သမီးလတ် မထက်ထက်ခိုင် ၁၂/လမန(နိုင်)၁၄၇၅၀၅သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုမူ ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။

ဦးမောင်နိုင် ၁၂/မရက(နိုင်)၁၃၆၆၄၄
ဒေါ်အေးအေးသန်း ၁၂/မရက(နိုင်)၁၃၈၃၂၈

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ **Yangon International Hotel** မှ **MD, Mr. Onodara** က ငွေကျပ် သိန်း ၅၀ ကို ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ပေးအပ်လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောင်ဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၂၆ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၌ ဘဏ်တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဘဏ်အဆောက်အအုံအတွင်း ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ Chiyoda ကုမ္ပဏီတို့ ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မည့် ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်မွမ်းမံမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်သော သာကေတတံတားသို့ရောက်ရှိပြီး လွန်ခဲ့သော မေ ၂၂ ရက် ည ၇ နာရီခန့်က တံတားအဖွင့်အပိတ်ပြုလုပ်သော တံတားအလယ်ခန်းဖွင့် (Centre Joint) အသံမြည်လာ၍ စစ်ဆေးရာ Lock Pin အထိုင် Bolt လေးလုံးပြုတ်ထွက်၍ ရွေ့လျားနေသဖြင့် အန္တရာယ်မရှိစေရန် ယာဉ်သွားလာမှု ခေတ္တပိတ်ထားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စက်မှုအင်ဂျင်နီယာအဖွဲ့၊ လျှပ်စစ်အင်ဂျင်နီယာအဖွဲ့နှင့် တံတားအဖွဲ့တို့ ပူးပေါင်း၍ Lock Pin အထိုင်များ ပြန်လည်တပ်ဆင်ခြင်း၊ ဒေါပုံဘက်ခြမ်းရှိ တံတား Bearing အထိုင်များ ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် မေ ၂၅ ရက် နံနက် ၉ နာရီခန့်မှစ၍ မော်တော်ယာဉ်များအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေး

ဆက်လက်၍ သာကေတမြို့နယ် အမှတ် (၂၃၇) ၁၀ တောင်ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် JFE တို့ ပူးပေါင်းပြီး သံမဏိသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် J & M Steel Solutions စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မွေးမြူရေးငါးများကိုသာ အဓိကအားထား စားရတော့မည်

သတင်း - ကိုကြီးတင်
ဓာတ်ပုံ - ဘော်ဂါသွေး

ယခုတလော မိမိအိမ်ရှင်မက ဈေးကပြန်လာတိုင်း ညည်းသံတို့က ပိုမိုကျယ်လောင်လာသည်ဟု ထင်မိသည်။ မိမိမိသားစုကလည်း ခြေလေးချောင်း သတ္တဝါသား မစားသည့်အတွက် ငါးတစ်လုံးတစ်လှည့်၊ ကြက်ဥတစ်လှည့်၊ ဘဲဥတစ်လှည့် ဟင်းသံသရာလည်နေသည်။

သားဈေးများ ကြီးလာသကဲ့သို့ ငါးဈေးကလည်း ပိုမိုတက်လာခဲ့သည်ဟု ဆိုသည်။ ရေချိုငါးများဖြစ်သည့် ငါးကျည်း၊ ငါးခူ၊ ငါးရံ့စသည်များက တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်နှင့် ငါးပုဏ္ဏား၊ ငါးသလောက်စသည်တို့ကလည်း တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဝန်းကျင်၌ ရှိနေပြီး မွေးမြူရေးငါးဖြစ်သည့် ငါးမြစ်ချင်းတစ်ပိဿာလျှင်ငွေကျပ် ၅၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ဈေးနှင့် အများဆုံးစားသုံးသည့် ပင်လယ်ငါးအချို့မှာလည်း ယခင်ကထက် ပိုမိုဈေးမြင့်လာခဲ့သည်။ မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းဆီးမှုကို ဧပြီနှင့် မေလများတွင် ငါးမဖမ်းရရာသီဟု သတ်မှတ်ထားသကဲ့သို့ မိုးရာသီ ငါးဥချချိန်ဖြစ်ခြင်း၊ ငါးသေး၊ ငါးသန်လေးများကို ဖမ်းဆီးခြင်းမပြုရန် သက်ဆိုင်ရာက အသိပေးတားမြစ်ခြင်းတို့ကြောင့် ဈေးများသို့ ငါးအဝင်နည်းလာခြင်းဖြစ်သည်။

လျော့ကျ

ယခင် ဖမ်းဆီးရသည့် ကာလတို့တွင်လည်း ငါးဖမ်းသူတို့ အသုံးပြုသော ငါးဖမ်းပိုက်အရွယ်အစားကို သတ်မှတ်ပေးထားသော်လည်း ပိုမိုအကွက်စိပ်သည့် ငါးဖမ်းပိုက်များဖြင့် ဖမ်းဆီးနေကြခြင်းကြောင့် ငါးသယံဇာတများ ပိုမိုကုန်ခန်းသွားရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောကြားသည်။ မြန်မာနိုင်ငံအတွင်း ပထမအကြိမ် ၁၉၇၉-၁၉၈၀ ပြည့်နှစ်က တိုင်းတာချက်အရ ရေပေါ်ရေထုငါးထုတစ်သန်းခန့်ရှိခဲ့ပြီး ရေအောက်ရေထု၌ ငါးထု ခုနစ်သိန်းခွဲခန့်ရှိကြောင်းသိရပြီး ၂၀၁၃ ခုနှစ် ဒုတိယအကြိမ် တိုင်းတာချက်အရ ရေပေါ်ရေထု၌ ငါးထု တစ်သိန်းခန့်နှင့် ရေအောက်ရေထု၌ ငါးထုနှစ်သိန်းရှစ်သောင်းခန့်သာ ရှိတော့ကြောင်း သုတေသနပြုချက်အရ သိရသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ငါးသယံဇာတ ခန့်မှန်းတိုင်းတာမှုမှာ ၃၃ နှစ်အတွင်း ရေပေါ်ရေထု၌ ငါး ၉၀ ရာခိုင်နှုန်းခန့် လျော့ကျသွားပြီဖြစ်သည်။

ပြောကြားခဲ့

ယခုအချိန် ရေချို၊ ရေငန်ငါးများအစား မွေးမြူရေးငါးများကိုသာ စားရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က မီဒီယာများ ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

Tourist Maps of Myanmar (TMM-39) အခမဲ့ စတင်ဖြန့်ချိ

ရန်ကုန် မေ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Service Co.,Ltd.(D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းရာသီတွင် နိုင်ငံခြားခရီးသွားများသာမက ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-39)စောင်ရေ ၃၀၀၀၀ ကို အခမဲ့ထပ်မံဖြန့်ချိနေပြီဖြစ်သည်။

ယခုဖြန့်ချိသော Tourist Maps of Myanmar(TMM-39) မြန်မာ့ခရီးသွားလမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်တွင်းသို့ အဓိက ခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ၊ ညောင်ဦးလေဆိပ်များ၌ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။ အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ Design Printing Service Co.,Ltd.(D.P.S) တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

• • • • • • • • • • •

ပြည်တွင်းပြည်ပ ပညာရေးအခွင့်အလမ်းများအကြောင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် အခမဲ့ဆွေးနွေးဟောပြောမည်

ရန်ကုန် မေ ၂၉

ယနေ့ခေတ် နိုင်ငံတကာပညာရေးစနစ်များနှင့် ရွေးချယ်နိုင်မည့် ပြည်တွင်းပြည်ပ ပညာရေးအခွင့်အလမ်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပပေးသွားမည်ဖြစ်သည်။

စင်ကာပူ၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျစသည့် ကမ္ဘာပေါ်ရှိ ထိပ်တန်းတက္ကသိုလ်များတွင် သွားရောက်ပညာသင်ကြားလိုသူများအတွက် ဆောင်ရန် ရှောင်ရန်များ၊ ဖြေဆိုမှတ်သားဖွယ်ရာများနှင့် နေထိုင်စားသောက်မှုဘဝပုံစံများကို ကျောင်းသား ကျောင်းသူများနှင့် မိဘများသိရှိစေရန် အခမဲ့ပညာပေး ဟောပြောဆွေးနွေးပေးခြင်းဖြစ်ကြောင်း Crown ပညာရေးလုပ်ငန်းမှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုခံရသည့် တက္ကသိုလ်ကြီးများတွင် ပညာသင်စရိတ်ဖြင့် တက်ရောက်မှုအစီအစဉ်များ၊ နိုင်ငံတကာစီးပွားရေးဘာသာရပ်များနှင့်ပေါင်းကူးတက်ရောက်ခွင့်များ အကြောင်းကိုလည်း ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် ဆွေးနွေးပေးမည်ဖြစ်သည်။

မေ ၃၁ ရက်တွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေးတွင်လည်းကောင်း၊ ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ရှိ ဆမ်းမစ်ပတ်ခ်ဗျူးဟိုတယ်တွင်လည်းကောင်း အခမဲ့ဆွေးနွေးပေးမည်ဖြစ်ပြီး တက်ရောက်လိုသူများ Crown ပညာရေးလုပ်ငန်း ဖုန်း-၀၁-၅၂၇၈၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သွန်းဝသန်

၁၆-၅-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာတွင် ဒေါ်ဝင်းဝင်းခိုင်နှင့် ၎င်း၏လွှဲအပ်ညွှန်ကြားခြင်းခံရသူ အထက်တန်းရှေ့နေ ဦးဟန်တင်တို့၏ ကြေညာခြင်းမှာ မမှန်မကန်ကြေညာခြင်းဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ပြန်လည်အသိပေးရှင်းလင်းကြေညာခြင်း

ပခုက္ကူမြို့၊ (၇)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၉၆)နေ ဦးလှထွန်းအောင်၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်မေသက်ခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါကြေညာခြင်းမှာ မမှန်မကန်ကြေညာခြင်းဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၇၊ မြေကွက်အမှတ် ၁၆၈၊ ပေ(၇၇×၁၂၄)မြေကွက်ကို ၁၁-၃-၂၀၀၄ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တရားဝင်စာချုပ်စာတမ်းများချုပ်ဆိုပေးအပ်၍ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးလှထွန်းအောင်၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်မေသက်ခိုင်တို့ သုံးဦးပူးတွဲ အမည်ပေါက်ပိုင်ဆိုင်ခဲ့သောကြောင့် လေးဖက်လေးတန် အုတ်ဝင်းထရံများလုံခြုံစွာကာရံပြီး လက်ရောက်ရရှိထားခဲ့ပါသည်။

အဆိုပါဝိုင်းမြေနှင့်ပတ်သက်ပြီး ကျွန်ုပ်၏အမှုသည်များက ၇-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၂၇-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၁-၅-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း အဆိုပါမြေကွက်နှင့်ပတ်သက်၍ တရားဝင်ခွင့်ပြုချက်မရဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာချက်များထည့်သွင်းကြေညာခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ရောင်းချလိုကြောင်း အကျိုးဆောင်ဒေါ်ခင်အေးရွှေနှင့်အတူ ဒေါ်ဝင်းဝင်းခိုင်တို့ထံသို့ ကမ်းလှမ်းပြောဆိုခဲ့ခြင်းမရှိပါ။ ၄-၂-၂၀၁၄ရက်တွင် ကျွန်ုပ်အမှုသည်များက အထူးကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးခဲ့ခြင်းမရှိပါ။ ၄-၂-၂၀၁၄ရက် ညနေပိုင်းတွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ဆိုင်ရာ ငွေပေးချေခြင်းကတိစာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ခြင်းလည်းမရှိပါ။ လိမ်လည်၍ မမှန်မကန်ဖော်ပြခြင်းဖြစ်ပါသည်။ ၄-၂-၂၀၁၄ရက်တွင် ကျွန်ုပ်၏အမှုသည် ဦးလှထွန်းအောင်မှာ ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာန၏သင်ကြားရေးတာဝန်များကို တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဒေါ်မိုးမိုးခိုင်နှင့် ဒေါ်မေသက်ခိုင်တို့မှာလည်း ပခုက္ကူမြို့၊ မြို့မလမ်းရှိ နေအိမ်တွင် စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများကို 'ပြည့်စုံ'အမည်ဖြင့် ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိနေပါသည်။ အကျိုးဆောင် ဒေါ်ခင်အေးရွှေနှင့် ဒေါ်ဝင်းဝင်းခိုင်တို့မှာ ကျွန်ုပ်အမှုသည်သုံးဦးအား လုံးဝမြင်တွေ့ဖူးခြင်းမရှိကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် အဆက်အသွယ်မပြု ရှောင်တိမ်းလျက်ရှိနေကြောင်းသိရပါသည်ဟု ဖော်ပြခြင်းမှာ ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသူ တွဲဖက်ပါမောက္ခ ဦးလှထွန်းအောင်၏ ဂုဏ်သိက္ခာအားထိခိုက်သောကြောင့် အသရေဖျက်မှုဖြင့် တရားစွဲဆိုခံရမည်ဖြစ်ကြောင်း ဒေါ်ဝင်းဝင်းခိုင်အား ထပ်မံအသိပေးလိုက်ပါသည်။

၁၆-၅-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်ကို ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန်တောင်းဆိုလိုက်ပါသည်။ ရုပ်သိမ်းခြင်းမပြုပါက ကျွန်ုပ်အမှုသည်များ၏ ပိုင်ရေးပိုင်ခွင့်များကို မမှန်မကန်လုပ်ဆောင်မှုများ ပေါ်ပေါက်လာပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ ပြတ်သားစွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းဝင်းခိုင်နှင့်အတူ အများပြည်သူသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးလှထွန်းအောင်၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်မေသက်ခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထွန်း LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၃၆)
သီတာလမ်း၊ (၁)ရပ်ကွက်၊ ပခုက္ကူမြို့

အမှတ် ၁၁၈၀၊ မြတ်လေးလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့၊ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၁၈၀၊ ဧရိယာ ဝ ဒသမဝ၆၂ ဧက အကျယ်ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားအိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ရီ ၁၂/ပဘတ(နိုင်)၀၁၆၉၁၀၏ Reg G.P၁၈၇၈၀/၁၂ ရသူ ဦးတင်ဦး ၁၂/တမန(နိုင်)၀၆၄၁၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒဂုံ(အရှေ့၊ မြောက်၊ တောင်)
မြေကွက်များဝယ်လိုသည်။
ဈေးကောင်းပေးမည်။
(ပွဲစားမလို)
ဖုန်း-၀၉-၅၀၀၈၇၉၉၊
၀၉-၅၁၁၇၇၂၁

တစ်ဦးတည်းဖြစ်ကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ရွာ၊ သီရိမင်္ဂလာရပ်ကွက်၊ အိမ်အမှတ် ၁၆၆ နေ ဦးကျင်စွမ် ၆/ရဖန(နိုင်)၀၂၃၈၅၈ နှင့် ဦးအင်စွမ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျင်စွမ်(ခ)ဦးအင်စွမ်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ကျွန်တော် ဦးစိုးမြင့်၏သား မောင်ဝဏ္ဏစိုးအောင် SCG -၀၁၈၉၃၇ သည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စများအား ပြုမူသည့်အပြင် မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးစိုးမြင့်

ပြန်ကြားရေးဝန်ကြီးဌာန
Video-conferencing စက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်အောက်ရှိဦးစီးဌာန၊ လုပ်ငန်းများတွင် Video-conferencing စက်ပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို (Turn Key) စနစ်ဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၄ရက်မှ ၁၂-၆-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အဖွဲ့ခွဲ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၆-၂၀၁၄ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ အဖွဲ့ခွဲ(၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါရွေးချယ်မည့်နေ့ရက်မှာ ၁၉-၆-၂၀၁၄ ရက်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ ဝန်ကြီးရုံးခန်းမ၊ နေပြည်တော်တွင်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၂၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ

အဖွဲ့ခွဲ(၂)၊ ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး နှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၁၄ရက်၊ ၂၈-၅-၂၀၁၄ရက်နှင့် ၂၉-၅-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၃)၊ (၁၁)နှင့် ကြော်ငြာကဏ္ဍစာမျက်နှာ (၃)ပါ ပြန်ကြားရေးဝန်ကြီးဌာန၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာအမှတ်စဉ်(၂)တွင် အိတ်ဖွင့်တင်ဒါများကို ၂၉-၅-၂၀၁၄ရက်မှ ၂-၆-၂၀၁၄ရက်အထိအစား **၂၉-၅-၂၀၁၄ရက်မှ ၁၂-၆-၂၀၁၄ ရက်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်မ မမျိုးမျိုးသက် ၁၂/ဒဂတ(နိုင်)၀၀၃၀၈၇၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၀၉၂၂၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိုးကွက်ကျားရွာနေ၍ မိုးဦးသီးနှံစိုက်ပျိုးချိန်နောက်ကျမည်ကိုစိုးရိမ်

မလှိုင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မေ ၂၈ ရက်ရှိပြီဖြစ်သော်လည်း မိုးဦးကာလ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ နေရာကွက်ကျား မိုးရွာသွန်းနေခြင်းကြောင့် မိုးဦးကာလစိုက်ပျိုးရမည့် မိုးသီးနှံများ စိုက်ပျိုးချိန်နောက်ကျမည်ကို ဒေသခံတောင်သူများ စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေက မေ ၁၅ ရက်ဆို စိုက်ကြတာများပါတယ်၊ မိုးဦးသီးနှံအဖြစ် နှမ်း၊ ဝါ၊ ပဲစင်းငုံ၊ ပဲနောက်တို့ကို စိုက်ပါတယ်၊ မေ ၁၅ ရက် ရောက်လို့မှ မိုးမရွာရင် ဧကများတဲ့တောင်သူက အခြောက်စိုက်လေ့ရှိပါတယ်။ တကယ်မိုးကျလာရင် စိုက်ချိန်မီအောင်လို့ပါ၊ ဧကနည်းတဲ့ တောင်သူကတော့ အခြောက်မစိုက်ကြပါဘူး၊ အခြောက်စိုက်ကမသေချာဘူးလေ၊ တချို့တောင်သူက မျိုးအဆုံးမခံနိုင်ကြဘူး၊ စိုက်စရိတ်ကလည်းကြီးတယ်၊ အခု အခြောက်စိုက်ထားတဲ့တောင်သူတွေရှိတယ်၊ မိုးရွာတဲ့အပိုင်းကအဆင်ပြေပြီး မရွာတဲ့အပိုင်းက အဆင်မပြေကြဘူး၊ တချို့နေရာတွေဆို မိုးကနူးနူးနပ်နပ် မရွာဘူး၊ ရွာတယ်ဆိုရုံပဲရှိတာ၊ စိုက်လို့ရအောင်ကိုမရွာသေးဘူး။ အရင်နှစ်တွေက မေ ၁၅ ရက်ဆို မိုးရွာတာများတယ်။ မနှစ်က မဟာစင်မုန်တိုင်းကြောင့် မိုးဦးမှာ အချိန်မီစိုက်လိုက်ရလို့ တောင်သူတွေအထိုက်အလျောက် သီးနှံတွေရကြတယ်။ ဒီနှစ်အခုအချိန်အထိ လုံးဝမစိုက်ရသေးတဲ့ တောင်သူတွေများတယ်၊ မိုးဦးသီးနှံစိုက်ချိန်နောက်ကျမှာစိုးရိမ်နေရတယ်၊ အခုဆိုမေလကုန်တော့မယ်၊ စိုက်ချိန်နောက်ကျသွားရင် အထွက်နှုန်းထိခိုက်နိုင်တာကြောင့်ပါ"ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးကိုအဓိကအားထား စိုက်ပျိုးရသည့်အတွက် မိုးရွာလျှင် အချိန်မီစိုက်ပျိုးနိုင်ရန် မြေယာပြုပြင်ခြင်း၊ ထွန်ရေးညက်ညက်ထွန်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားရှိပြီးဖြစ်၍ တောင်သူများအနေနှင့် စိုက်ပျိုးရန် အသင့်အနေအထားဖြင့် မိုးမျှော်လျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၁၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၁၂၇၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ဂ၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ်	၃၅၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ်	၃၀၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ်	၆၀၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၃၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ်	ဂ၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ်	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ်	၉၀၀၀-၁၅၀၀၀
ဂ။ ကြက်	တစ်ပိဿာ	ကျပ်	၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ်	၇၀၀၀-ဂ၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ်	၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၅
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၀-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇ဂ၅
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၂-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၄-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉ဂ-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၄၅၀၀-၂ဂ၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၂၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၃၅-၄ဂ၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	ဂ၀၀-၁၃၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၇၅-၁၄၀၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၁၀-၆၅၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀၀-၅၀၀၀
သကြား	တစ်ပိဿာ	ဂဂ၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ/ တင်ပြသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဆန်ဝင်ရောက်မှုများနေသော်လည်း ဆန်တင်ဆန်ချဆိပ်ခံဇာတံတား အခင်းအချို့ ပျက်စီးမှုပြင်ဆင်ရန် လိုအပ်

ရန်ကုန် မေ ၂၉

ရန်ကုန် ဆန်ဈေးကွက်တွင် နွေဆန်ကြမ်းဈေးနှုန်းများ မြင့်တက်လာ၍ နယ်မှရန်ကုန်သို့ ဆန်တင်ပို့မှုများလာရာ မေ ၂၆ ရက်က ရန်ကုန်သို့ ဝင်ရောက်လာသော လူစီးကုန်တင်ပုဂ္ဂလိက နှစ်ထပ်သင်္ဘော နှစ်စင်းဖြင့် ဆန်အိတ်ရေ ၇၀၀၀ ဝန်းကျင်၊ မေ ၂၇ ရက် အင်္ဂါနေ့တွင် နှစ်ထပ်သင်္ဘောနှစ်စင်းဖြင့် ဆန်အိတ်ရေ ၉၀၀၀ ဝန်းကျင် ဝင်ရောက်လာကြောင်း၊ ရန်ကုန်သို့ မြစ်ဝကျွန်းပေါ်ဒေသမှ ရေလမ်းမှအပါအဝင် နယ်စုံမှ ဆန်အိတ်ရေ ပျမ်းမျှ ငါးသောင်းဝန်းကျင် နေ့စဉ်ဝင်ရောက်မှုရှိရာ ရန်ကုန်-မော်ကျွန်းသင်္ဘောများဖြင့် ဆန်တင်ပို့မှု များပြားနေကြောင်း သင်္ဘောကုန်တာဝန်ခံတစ်ဦးကဆိုသည်။ ဆန်တစ်အိတ်လျှင် သင်္ဘောခ ငွေကျပ် ၂၃၀ နှုန်းရရှိကြောင်း၊ သို့သော် သင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ခံဇာတံတားအချို့တွင် ဆိပ်ခံဇာတံတားနှင့် ရေဆင်းတံတားအကြား ပေါင်းကူးတံတားငယ်တွင် အခင်းများပြည့်စုံစွာမရှိသဖြင့် နှစ်အိတ်ထပ်ထမ်းနေသူများအပါအဝင် ကုန်တင်ကုန်ချအလုပ်သမားများ၊ ခရီးသည်များကျော်လွှားသွားနေရသည်ကို မေ ၂၇ ရက် နံနက်ပိုင်းက မြင်တွေ့ခဲ့ရသည်ဟု လက်မှတ်ဆင်းဝယ်သူ ခရီးသည်တစ်ဦးက ဆိုသည်။

ပေါင်းကူးတံတား အသေးတွင်သာမက ရေဆင်းတံတားအခင်းများတွင်လည်း အခင်းပြည့်စုံစွာမရှိဘဲ ပေါက်ပြဲမှုများ မြင်တွေ့နေရကြောင်း၊ ၂၀၁၁ ဧပြီလအတွင်း တံတားအခင်းများ အသစ်ခင်းထား၍ သွားလာရေးကောင်းမွန်ခဲ့သော်လည်း အကြီးစားပြင်ဆင်မှုမရှိသည့်အပြင် ဆီပီပါအပါအဝင် ဝန်လေးပစ္စည်းများကို လက်တွန်းလှည်းအစား တံတားကြမ်းခင်းပေါ်မှ လှိမ့်ချခြင်းများရှိရာ မြစ်ရေကျချိန် တံတားအဆင်း မတ်စောက်ချိန်တွင် အရှိန်ပြင်းလေ့ရှိရာ ခရီးသွားများ တံတားအဆင်းတွင် သတိထားသွားလာနေရကြောင်း၊ ကုန်တင်ကုန်ချများသော တံတားအခင်းများ အကြီးစားပြင်ဆင်မှု မရှိသေးသော မြစ်ဝကျွန်းပေါ်ဒေသသွား သင်္ဘောများ ဆိုက်ကပ်ရာတံတားများတွင် အခင်းများပြုပြင်ပေးစေလိုကြောင်း ဆိပ်ကမ်းသို့နေ့စဉ် ကုန်ချနေသည့် ကုန်သည်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

အမြို့မြို့အနယ်နယ်
ပို့သည်
သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ

ကျေးဇူးဆပ်

ကျွန်မငုဝါလှိုင်သည် ခရီးသွားရင်း မြန်မာနိုင်ငံကူးလက်မှတ် A.285916 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၂၀ဂ၄၀၃

ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံဖြူဇရပ်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်** - ၂-၆-၂၀၁၄(တနင်္လာနေ့)
တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံဖြူဇရပ်မြို့။

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၆-၆-၂၀၁၄(သောကြာနေ့)

(ဂ) **တင်ဒါဖွင့်မည့်နေ့ရက်** - ၁၀-၆-၂၀၁၄(အင်္ဂါနေ့)
- ညနေ ၃း၀၀နာရီ

တင်ဒါဖွင့်မည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံဖြူဇရပ်မြို့။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၅၇-၇၉၀၁၄၊ ၀၉-၄၉ဂ၁၀၄၂၆၅

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ(က)၊ မြေကွက်အမှတ် (၁/၂၄)၊ ဧရိယာ ၀ဒသမ၁၄၅ဧကကျယ်ဝန်းသော နှစ် ၆၀မြေငှားဂရန်မြေကွက်သက်သက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူများဖြစ်ကြသော ဒေါ်အေးမူ ၁၂/ပဘတ(နိုင်)၀၁၀၆၆၃နှင့် ဒေါ်အေးအေးသွင် ၁၂/ပဘတ(နိုင်)၀၁၀၆၆၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီချက်အရ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀ဂ၂) B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

၁။ စားသောက်ဆိုင်လုပ်ငန်းတွင် ခန့်ထားနိုင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလို ရှိသည်။

(က) ကွန်ပျူတာကျွမ်းကျင်သောရုံးဝန်ထမ်း - မ
(ခ) လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သောစားပွဲထိုး - ကျား/မ
(ဂ) ဂျပန်စကားတတ်ကျွမ်းသူ - ကျား/မ

၂။ လျှောက်ထားလိုသောသူများသည် အောက်ပါလိုအပ်ချက်များကို ယူဆောင်လာရမည်။

(က) ကိုယ်ရေးရာဇဝင်အကျဉ်း
(ခ) သက်ဆိုင်ရာရပ်ကွက်ရုံးနှင့်ရဲစခန်းထောက်ခံစာ(မူရင်း+မိတ္တူ)
(ဂ) မှတ်ပုံတင်(မူရင်း+မိတ္တူ)
(ဃ) လိုင်စင်ဓာတ်ပုံ (၂)ပုံ

၃။ အောက်ပါဖုန်းနံပါတ်များကို အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၁-၅၅၅၅၃၉၊ ၀၉-၃၀၂၂၄၄၃ဂ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅၉)၊ မြေကွက်အမှတ် (၃၀/၄)၊ ဧရိယာ ၀ဒသမ၁၅ဧကရှိ ဘီမြေ ၃(ခ)ရပြီး မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၄ဂ)ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးညိုမင်းဦး ၁၂/မဂတ(နိုင်)၀၅၇၃၇၄အမည်ဖြင့် တည်ရှိသောမြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁ဂ၁၁/၂၀၁၄) အရ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နုဝေလှိုင် ၁၂/ရကန(နိုင်)၀၆၅ဂ၄၄က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းပြောပြဝန်ခံ၍ ၎င်းထံမှ ကျွန်ုပ်တို့၏အမှုသည်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက် နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိုး LL.B, D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၉၀/ဂ၅)

ဦးအောင်မင်းနိုင်
LL.B, C.B.L,
WIPO-DL-101 (GENEVA)
တရားလွှတ်တော်ရှေ့နေ(စဉ်-ဂ၉၂၇)

ဦးသန့်ဇော်လွင်
LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃ဂ၇၃၁)

ဦးရဲဝင်းစိုး LL.B
အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၆)
အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပစ္စည်းအမျိုးအမည်
(၁) ခွဲကျောက်(အရွယ်စုံ)၊ ၆"-၉"၊ ၂"-၄"၊ < ၃"၊ ၁"-၂"၊ ၁/၂"၊ ၃/၄"၊ ၃/ဂ"
(၂) ဘိလပ်မြေ
(၃) မြစ်သဲ
(၄) မြေနီကျောက်စရစ်
(၅) အုတ်
(၆) သစ်မာ
(၇) သဲကြမ်း
(ဂ) သံချောင်းရှယ်စုံ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၇-၆-၂၀၁၄ရက်(၀၉း၀၀)နာရီ
တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန် - ၁၁-၆-၂၀၁၄ရက်(၁၆း၃၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့်အချိန် - ၁၃-၆-၂၀၁၄(၁၀း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - အစည်းအဝေးခန်းမ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ သရက်မြို့

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သရက်ခရိုင်၊ သရက်မြို့တွင် ၅-၆-၂၀၁၄ ရက်မှ စ၍ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။ (အိတ်ဖွင့်တင်ဒါလျှောက်လွှာများနှင့် ပုံစံများအား ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် အများရှေ့မှောက်၌ တင်သွင်းပါရန်)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆ဂ-၂၁၀ဂ၉၊ ၀၆ဂ-၂၁၀၂၃

အိမ်ရောင်းမည်

သထုံမြို့၊ ရွှေစာရံဘုရားလမ်း၊ နာရီစင်အနီး လမ်းထောင့်စီးပွားရေးလုပ်ငန်းနေရာကောင်း ဂရန်မြေ။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၄ဂ၅၄၃၉၉၉၊ ၀၉-၅၀၃၄၀၄၃

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ထရန်စဖော်မာ ကွိုင်အိုး ပေါက်ကွဲမှုကြောင့် မောင်းနှင်နေကြသောယာဉ်မှန်များ ကွဲအက်ခဲ့

ရန်ကုန် မေ ၂၉

မင်္ဂလာဒုံမြို့နယ်အတွင်း မေ ၂၇ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က ထောက်ကြန့် ပျဉ်းမပင်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ရန်ကုန်-ပြည် လမ်းမဘေးရှိ အမှတ်-၀၂၅ သဘာဝ ဓာတ်ငွေ့အရောင်းဆိုင်၏ ယာဘက် ဝင်ပေါက်အနီးတွင် တပ်ဆင်ထားသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဌာနပိုင် ထရန်စဖော်မာ CT ကွိုင်အိုးရှော့ခ်ဖြစ်ရာမှ မြက်ခြောက်များကို မီးစွဲလောင်ခဲ့ပြီး ထရန်စဖော်မာကွိုင်အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားရာသို့ ဓာတ်ငွေ့ဆိုင်ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် မီးသတ်ယာဉ်များ ရောက်ရှိငြိမ်းသတ်ခဲ့ကြ၍ ငါးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး အခင်းဖြစ်နေရာသို့ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ကြသည်။

ထရန်စဖော်မာကွိုင်အိုး ပေါက်ကွဲစဉ် ရန်ကုန်-ပြည်လမ်းအတိုင်း မောင်းနှင်နေသော အမှတ်(၅၃) မထသယာဉ်လိုင်း ရန်ကုန်-မှော်ဘီ ခရီးသည်တင်ယာဉ်၏ ယာဘက်ဘေးမှန်ကို ထရန်စဖော်မာမှ ကြွေသီးစထိမှန်ခဲ့ရာ မှန်ကွဲသွားခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည် မင်္ဂလာဒုံမြို့နယ်နေ ဒေါ်အေးမြင့်ကို ဆက်လက်ထိမှန်ခဲ့သဖြင့် ဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပြည်လမ်းမပေါ်တွင် မောင်းနှင်နေသော စူပါကာစတန်ယာဉ်၏ ယာဘက်နောက်ခန်းမှန်နှင့် ဓာတ်ငွေ့ဆိုင်အတွင်း ရပ်ထားသော စူပါရှဖ်ယာဉ်၏ နောက်မှန်တို့မှာလည်း ကွဲအက်သွားခဲ့ရကြောင်း၊ ယင်းကဲ့သို့ဖြစ်ပွားခဲ့ပြီးနောက် ည ၇ နာရီ ၁၅ မိနစ်တွင် မီးစက်ဖြင့် သဘာဝဓာတ်ငွေ့များ ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

စိန်ပြောင်းဗုံးသီးဟောင်းတွေ့

ပြင်ဦးလွင် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၉ ကော်ဖီစိုက်ပျိုးရေးခြံတွင် ထွန်ယက်ထားသော ကုန်းစောင်းနေရာ၌ မေ ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က ခြံပိုင်ရှင် ဦးထွေးလှိုင် (၄၂ နှစ်)၊ ရပ်ကွက်ကြီး ၅ ကျောက်တောင်ရပ်တွင်နေထိုင်သည့် ကောင်းကုမ္ပဏီပိုင်ရှင်သည် စိန်ပြောင်းဗုံးသီးဟောင်းတွေ့ရှိ၍ ခြံဝန်ထမ်းကြီးကြပ် ဦးသက်နိုင်ဦးနှင့် ဦးညီညီဝင်းတို့ထံပြောပြပြီး ၎င်းတို့နှစ်ဦးမှတစ်ဆင့် ရပ်ကွက်ကြီး (၉) အုပ်ချုပ်ရေးမှူးသို့ အကြောင်းကြားရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့သည်။

စိန်ပြောင်းဗုံးသီးတွေ့ရှိမှုကို မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ကျော်စိန်ထွန်း၊ SB မှ ဒုရဲအုပ်ကိုမျိုးနှင့် BE တပ်မှ တာဝန်ရှိသူများက လာရောက်စစ်ဆေးရာ စိန်ပြောင်းဗုံးသီးဟောင်းသည် ခေါင်းပြား ဒလက်ပါ အချင်း နှစ်လက်မ၊ အရှည်ကိုးလက်မရှိပြီး အဆိုပါ စိန်ပြောင်းဗုံးသီးဟောင်းကို BE တပ်မှ တာဝန်ရှိသူများက သယ်ယူထိန်းသိမ်းထားရှိကြောင်း သိရသည်။

(၀၃၂)

ဆောက်လုပ်ဆဲ စာသင်ကျောင်း လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျရာမှ လူငါးဦး ဒဏ်ရာရ

ဖျာပုံ မေ ၂၉

ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု ငါးတန်ဆည်ကျေးရွာ၌ မေ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် ငါးမိနစ်ကြာ လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာ ကျေးရွာအတွင်း ဆောက်လုပ်ဆဲ ကိုယ်ထူကိုယ်ထ အမက(တွဲဖက်)စာသင်ကျောင်း အလျားပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ပေ ၁၀ အုတ်ခဲသစ်သားတိုင်၊ ဓနိမိုးထရံကာ စာသင်ကျောင်း ပြိုကျပျက်စီးသွားကြောင်း သိရသည်။

ကုသပေး

အဆိုပါ လေပြင်းတိုက်ခတ်ချိန်တွင် စာသင်ကျောင်းပေါ်သို့ တက်ရောက်ကာ ဓနိမိုးနေကြသည့် ဦးခင်မြင့် (၅၂ နှစ်)၊ ဦးသိန်းဆင့် (၇၀နှစ်) ၊ ကိုမိုးကျော် (၃၂ နှစ်)၊ ဦးမင်းစိုး(၄၂ နှစ်) တို့တွင် ဒဏ်ရာများရရှိကြသည့်အပြင် စာသင်ဆောင်အမိုးအောက်မှ ဓနိပေးသူ မလဲ့လဲ့ငွေ (ကိုယ်ဝန်ဆောင်) (၃၀နှစ်)သည် ထိတ်လန့်မူးမေ့သွားသဖြင့် ဆိပ်မကျေးရွာ ကျန်းမာရေးဆေးခန်း၌ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်-လှကြည်

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဖလားပွဲစဉ်များ (သီဟ)

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ — **မေ ၃၀/၃၁**

ဟွန်ဒူးရပ်စ်	-	တူရကီ	နံနက် ၆း၃၀
နယူးဇီလန်	-	တောင်အာဖရိက	မွန်းလွဲ ၂း၀၀
အီရန်	-	အင်ဂိုလာ	နံနက် ၀၀း၃၀
ဩစတြေးလျ	-	အိုက်စလန်	နံနက် ၀၀း၃၀
အင်္ဂလန်	-	ပီရူး	နံနက် ၁း၃၀
စပိန်	-	ဘိုလီးဗီးယား	နံနက် ၂း၃၀

Toulon Tournament အုပ်စု ပွဲစဉ်များ — **မေ ၃၀**

အင်္ဂလန်U 20	-	ကိုလံဘီယာU 20	ည ၉း၄၅
ဘရာဇီးU 20	-	ကာတာU 20	ည ၁၂း၀၀

Toulon Tournament အုပ်စု(ခ) ရပ်တည်မှုဇယား

စဉ် အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။ ဘရာဇီးU 20	၃	၃	၀	၀	၉
၂။ တောင်ကိုရီးယားU 20	၄	၁	၂	၁	၅
၃။ အင်္ဂလန်U 20	၃	၁	၁	၁	၄
၄။ ကာတာU 20	၃	၀	၂	၁	၂
၅။ ကိုလံဘီယာU 20	၃	၀	၁	၂	၁

မေ ၂၈/၂၉ ဂိုးရလဒ်များ

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ

အမေရိကန်	၂-၀	အဇာဘိုင်ဂျန်
တောင်ကိုရီးယား	၀-၁	တူနီးရှား
ဒိန်းမတ်	၁-၀	ဆွီဒင်
နိုင်ဂျီးရီးယား	၂-၂	စကော့တလန်
အင်ဂိုလာ	၂-၀	မော်ရိုကို

အင်္ဂလန်၊ စပိန်နဲ့ဘော့စနီးယားတို့ရဲ့ ခြေစမ်းပွဲ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုခြေစမ်းပွဲတွေကို မေ ၃၁ ရက်မှာ ကစားကြဦးမှာမို့ အင်္ဂလန်နဲ့ပီရူး၊ စပိန်နဲ့ဘိုလီးဗီးယား၊ ဥရုဂွေးနဲ့ မြောက်အိုင်ယာလန်၊ ဘော့စနီးယားနဲ့ အိုင်ဗရီကို့စ်အသင်းတွေရဲ့ ယှဉ်ပြိုင်မှုကို အကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။ နာမည်ကြီးအသင်းတွေရဲ့ ခြေစွမ်းတွေက ဘယ်အဆင့်အထိ ရောက်ရှိနိုင်မလဲဆိုတာလည်း လေ့လာ သုံးသပ်ဖို့ ကောင်းနေပြန်ပါတယ်။

အင်္ဂလန်နှင့် ပီရူး

ကစားကွက်ရော ကစားသမားတွေပါ ပုံစံချမယ့်အင်္ဂလန်တို့အတွက်တော့ ဒီပွဲဟာအရေးကြီးနေပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အဓိက ကစားသမားတွေကို ဒီပွဲမှာ ပွဲထုတ်လာပါလိမ့်မယ်။ အင်္ဂလန်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ချီလီနဲ့ ဂျာမနီအသင်းတွေကိုရှုံးပြီး ကျန်တဲ့ ပိုလန်၊ မွန်တီနီဂရိုးနဲ့ ဒိန်းမတ်အသင်းတွေအပေါ် အနိုင်ရယူခဲ့ပါတယ်။ ပီရူးအသင်းရဲ့ခြေစွမ်းက နောက်ဆုံးငါးပွဲ ကစားခဲ့တာ ကြည့်ရင် တောင်ကိုရီးယား၊ ဥရုဂွေး၊ ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ ဘိုလီးဗီးယားအသင်းတွေကို နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ပုံမှန်ခြေစွမ်းမရတဲ့ ပီရူးကို အင်္ဂလန်တို့အနိုင်ရဖို့ အခွင့်အရေးများနေပေမယ့် တိုက်စစ်ပိုင်း အားနည်းမှုကြောင့် ဂိုးနည်းမယ့်အနေအထားရှိပါတယ်။

စပိန်နှင့် ဘိုလီးဗီးယား

ကမ္ဘာ့ဖလားကိုရယူဖို့ ဆန္ဒပြင်းပြနေတဲ့ စပိန်အသင်းဟာ တစ်ဦးချင်းရော၊ အသင်းလိုက်ပါခြေစွမ်းပြနေတာမို့ ခြေစမ်းပွဲငါးပွဲမှာ ရှုံးပွဲတစ်ပွဲပဲ ရှိခဲ့ပါတယ်။ ဘီလာရုစ်၊ ဂျော်ဂျီယာ၊ အက်စ်တိုးနီးယားနဲ့ အီတလီအသင်းတွေကို အနိုင်ကစားခဲ့ပေမယ့် တောင်အာဖရိကအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့ရပါတယ်။ ဘိုလီးဗီးယားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် ချီလီနဲ့ပါရာဂွေးအသင်းတွေကိုရှုံးခဲ့ပြီး ကျန်ပွဲတွေကိုသရေကစားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာစပိန်တို့ လူစုံထုတ်ပြီး နိုင်ပွဲယူမှာဖြစ်ပါတယ်။

ဥရုဂွေးနှင့် မြောက်အိုင်ယာလန်

ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတဲ့ ဥရုဂွေးဟာ တိုက်စစ်အားလည်းကောင်းနေပါတယ်။ မြောက်အိုင်ယာလန်တို့က ခြေစွမ်းမတည်ငြိမ်တာမို့ ဥရုဂွေးဟာ ဒီပွဲကို အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်လာပါလိမ့်မယ်။ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ဥရုဂွေးဟာ အီကွေဒေါအသင်းကိုသာရှုံးခဲ့ပြီး အာဂျင်တီးနားအသင်းကိုတောင် အနိုင်ကစားနိုင်ခဲ့တာမို့ မြောက်အိုင်ယာလန်တို့ သိပ်တော့မလွယ်ပါဘူး။ ဒီပွဲမှာ ဥရုဂွေးတို့ သရေနဲ့ အနိုင်ရလဒ်တွေ နီးစပ်နိုင်ပါတယ်။

ဘော့စနီးယားနှင့် အိုင်ဗရီကို့စ်

ကမ္ဘာ့ဖလားပွဲကို ပထမဆုံးအကြိမ် မျက်နှာသစ်အဖြစ် ဝင်ခွင့်ရကစားနိုင်ခဲ့တဲ့ ဘော့စနီးယားမှာ လူငယ်တွေအများစု ပါဝင်နေတာမို့ အိုင်ဗရီကို့စ်အသင်းကို ခက်ခဲစွာရင်ဆိုင်ရမှာပါ။ ဘော့စနီးယားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် အာဂျင်တီးနားအသင်းကိုပဲရှုံးခဲ့ပြီး ကျန်လေးပွဲက သရေနဲ့အနိုင်တွေဖြစ်ပါတယ်။ အိုင်ဗရီကို့စ်ရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် မက္ကဆီကိုအသင်းကိုပဲရှုံးပြီး ကျန်လေးပွဲကတော့ သရေနဲ့အနိုင်တွေဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိမယ့် အနေအထားဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

ဆွာရက်ဇ် ကမ္ဘာ့ဖလားကစားနိုင်ဖွယ်ရှိ

လီဗာပူးကစားဖော် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ဇွန် ၁၉ ရက်တွင် ကစားမည့် အင်္ဂလန်-ဥရုဂွေးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားနိုင်ဖွယ်ရှိကြောင်း အင်္ဂလန်နောက်တန်းလူ ဂလင်းဂျွန်ဆင်က ပြောကြားလိုက်သည်။

အသက် ၂၇ နှစ်ရှိ ဆွာရက်ဇ်သည် ပြီးခဲ့သော ကြာသပတေးနေ့က ဒူးခေါင်းခွဲစိတ်ပြီးနောက် အုပ်စု (D) ပြိုင်ပွဲအတွက် ပါဝင်ကစားရန် သံသယဖြစ်နေကြောင်း၊ ၎င်းသည် လေးပတ်စောင့်ရမည်ကို ၁၅ ရက်နှင့် ပြန်ကောင်းနိုင်ကြောင်း ဂျွန်ဆင်က ပြောကြားလိုက်သည်။ သူအချိန်မီ ပြန်ကောင်းပါလိမ့်မည်ဟု အသက် ၂၉ နှစ်ရှိ အင်္ဂလန် ညာနောက်တန်းလူ ဂျွန်ဆင်က ပြောကြားလိုက်သည်။

အာဆင်နယ်ဂိုးသမား ဆွမ်ဆီးရောက်

ဆွမ်ဆီးအသင်းက အာဆင်နယ်ဂိုးသမား လူးကတ်ဇ်ဖာဘီယန်စကီကို ခေါ်ယူစာချုပ်လိုက်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ ပိုလန်လက်ရွေးစင်ဂိုးသမား ဖာဘီယန်စကီသည် ဇွန်လတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန် ဆွမ်ဆီးသို့ အလွတ်ပြောင်းရွှေ့လာမည်ဖြစ်သည်။ ဖာဘီယန်စကီသည် အာဆင်နယ်အသင်းတွင် ခုနစ်နှစ်ကြာကစားခဲ့ပြီး နောက်ဆုံးပွဲအဖြစ် ဟားလ်စီးတီးကို အနိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲတွင်ဖြစ်သည်။

ဆွမ်ဆီးသို့ ပြောင်းရွှေ့ရခြင်း၏ အဓိကအကြောင်းမှာ နံပါတ်တစ်ဂိုးသမားဖြစ်လို၍ဖြစ်ကြောင်း ဖာဘီယန်စကီက ပြောကြားသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဗန်ဒါဗတ် ကမ္ဘာ့ဖလားနှင့်လွဲ

နယ်သာလန်ကွင်းလယ်ကစားသမား ဗန်ဒါဗတ်သည် လေ့ကျင့်ရာတွင် ခြေသလုံးကြွက်သားအနာတရဖြစ်ပြီးနောက် ကမ္ဘာ့ဖလားနှင့် လွဲချော်မည်ဖြစ်သည်။

နိုင်ငံ့လက်ရွေးစင်အဖြစ် ၁၀၉ ပွဲကစားခဲ့သော အသက် ၃၁ နှစ်ရှိ ဗန်ဒါဗတ်သည် ဗန်ဟား၏ နယ်သာလန်အသင်းတွင် အတွေ့အကြုံအများဆုံးဖြစ်ပြီး ၎င်းမပါဝင်သည့်အတွက် နယ်သာလန်အတွက် ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်သည်။

၎င်းသည် ၂၀၀၆ နှင့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ နယ်သာလန်အသင်းသည် အုပ်စု (B)တွင် စပိန်၊ ချီလီနှင့် ဩစတြေးလျတို့နှင့် ကစားရမည်ဖြစ်သည်။

မိဘအမည်မှန်

သံဖြူဇရပ်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသန္တာဦး၏ မိဘအမည်မှန်မှာ ဦးမောင်နိုင်နှင့် ဒေါ်သန်းသန်းမော်ဖြစ်ပါသည်။

ဦးမောင်နိုင် ၁၀/သဖရ(နိုင်)၁၀၁၂၃၅
ဒေါ်သန်းသန်းမော် ၁၀/သဖရ(နိုင်)၀၈၃၉၉၉

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ အချပ်ပို စာမျက်နှာ ၅ပါ သန်လျင်မြို့ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ ရောင်းချသူ ဒေါ်အေးအေးနိုင်အစား ဒေါ်အေးနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၃၇၆၁၊ Sein Tun NPV M/B (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးမိုးခိုင်ထွန်း ၁၂/မဂဒ(နိုင်)၀၀၁၉၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

မင်္ဂလာဆောင်ခံပွဲကျေးဇူးတင်လွှာ

ဗိုလ်မှူးကြီးမောင်မောင် [တိုင်းဦးစီး(ဗိုလ်မှူးကြီး) ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်]-ဒေါ်နိုင်နိုင်မြင့်တို့၏ သားကြီး

ဗိုလ်ကြီးဇေယျာမောင်

D.S.A, B.Sc(Chemistry),M.E(Tech;) (MISIS,Russia)

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ မြသီရိလမ်းနေ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ချိုတို့၏သမီးကြီး

မသဇင်ဝင့်

B.Sc(Physics) (ကမ္ဘောဇဘဏ်၊ဒိုက်ဦး)

တို့၏

၂၄-၅-၂၀၁၄ ရက်တွင် ဒိုက်ဦးမြို့ကောလိယခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆောင်ခံပွဲတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)နှင့် မိသားစု၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ ဒိုက်ဦးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖိုးဖိုးကြီး ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဦးဝင်းအောင် (AGI-မော်တော်ယာဉ်တင်သွင်းရေးကုမ္ပဏီလီမိတက်)နှင့်ဇနီး ဒေါက်တာချိုချိုမြင့် (ကထိကအထူးကုဆရာဝန်ကြီး သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်)၊မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်မျိုး (မြန်မာအလူမီနီယံကုမ္ပဏီလီမိတက်၊ အထွေထွေမန်နေဂျာ)နှင့်ဇနီး ဒေါက်တာမေစန္ဒာစိုး(ပခုက္ကူအထွေထွေရောဂါကုဆေးရုံကြီး)၊ မင်္ဂလာပန်းကြဲပေးပါသော မယမင်းမောင်မောင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းသယ်ဆောင်ပေးပါသော မအိချမ်းမြခင်နှင့် မအေးချမ်းမိုး၊ မင်္ဂလာအရံများအဖြင့် ချီးမြှင့်ပေးပါသော ဗိုလ်ကြီးနေမျိုးဇော်၊ ဗိုလ်ချမ်းမြေ့ကျော်နှင့်မဖြူသွယ်အောင် (AGD-ဘဏ်)၊ မဖြူသက်ခိုင်(ကမ္ဘောဇဘဏ်)၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မအေးကြည်နှင့်ညီမများ (ရွှေသရဖူအပ်ချုပ်ဆိုင်)၊ မိတ်ကပ်အလှဆင်ပေးပါသော စိမ့်စိမ့်(ခင်စန်းဝင်း)နှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးပြောကြားပေးပါသော ဦးကိုကိုဇော်၊ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးပါသော ဗိုလ်မှူးမြင့်ဌေး(ငြိမ်း)နှင့် ဇနီးဒေါ်ဌေးဌေးမြင့်၊ ဦးအောင်စိုးမြတ်နှင့်ဇနီး ဒေါ်အိမွန်စိုး (Mother Smile-ကုမ္ပဏီ)နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးအားကျေးဇူးတင်ရှိပါကြောင်း ....

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာမောင်-မသဇင်ဝင့်

နတ်လူသာခုခေါ်စေသော်

မေတ္တာရှင်(ရွှေပြည်သာဆရာတော်၏) (ဒုတိယအကြိမ်) နှလုံးသားဝယ်ဘုရားတည် စာမေးပွဲတွင် တစ်နိုင်ငံလုံး ပထမဆုရသော ဒေါ်ပပဝင်း(တာမွေ)မှ ဆုရ ငွေကျပ်သိန်း ၃၀ကို မေတ္တာရှင် အမျိုးသမီး မိဘမဲ့ဂေဟာသို့ ပေးအပ်လှူဒါန်းပါသည်။

မင်္ဂလာဆောင်ခံပွဲကျေးဇူးတင်လွှာ

စစ်တွေမြို့၊ အမှတ်(၂၀)၊ လမ်းမကြီး၊ ပြည်တော်သာရပ်ကွက်နေ
ဦးစံရွှေထွန်း (လ/ထ ပြည်နယ်မန်နေဂျာဟောင်း-ကုန်သွယ်လယ်ယာ)၊
ဒေါ်စောသန္တာ(ခ)ဒေါ်စောစော(ကောင်းမြတ်အလှကုန်ဆိုင်၊ မြို့မဈေးကြီး)တို့၏သားလတ်

မောင်သန့်ထက်အောင်(ခ)ပါးလုံး (B.C.Sc)

နှင့်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အမှတ်(၅၃)၊ စစ်ကဲလမ်းနေ
ဦးမောင်ခင်သန်း(ဆွေဆွေစတိုး)၊ ဒေါ်ဆွေဆွေဦး
(အလယ်တန်းပြဆရာမ-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မဖြိုးဖြိုးဝေ (B.C.Sc)

တို့သည် ၂၂-၅-၂၀၁၄ ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများ ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ ထိမ်းမြားလက်ထပ်ပြီး၍ ၂၅-၅-၂၀၁၄ ရက်တွင် စစ်တွေမြို့၊ (၅၀၁)၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆောင်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးများ၊ မိတ်ဆွေများ၊ ဧည့်သည်တော်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

မောင်သန့်ထက်အောင်-မဖြိုးဖြိုးဝေနှင့်
နှစ်ဖက်သောမိဘများ

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များ ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **တောင်ကုတ်-ရမ်းဗြဲ-ကျောက်ဖြူ-မြေပုံ-စစ်တွေမြို့များသို့ တစ်ပတ်လျှင် တစ်ကြိမ်ပြေးဆွဲလျက်ရှိသော ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးသင်္ဘောများသည် ၁၉၉၆ ခုနှစ်ခန့်ကပင် တည်ဆောက်ထားပြီး သုံးစွဲလျက်ရှိရာ အင်ဂျင်တစ်လုံးသာတပ်ဆင်ထားပြီး ကိုယ်ထည်မှာလည်း ကြံ့ခိုင်မှုအားနည်းနေသည့်အတွက် ခရီးစဉ် ပုံမှန်ရောက်ရှိရေးနှင့် အများပြည်သူ ဘေးကင်းလုံခြုံရေးအတွက် အင်ဂျင်ပါဝါနှုန်း ကောင်းမွန်သော ရေယာဉ်များဖြင့် ပြေးဆွဲစေသင့်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မြေပုံ၊ စစ်တွေမြို့များသို့ တစ်ပတ်နှစ်ကြိမ် အောင်တံခွန်ရေယာဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိပါသည်။ အောင်တံခွန်ရေယာဉ်များအား တစ်နှစ်တစ်ကြိမ် ကိုယ်ထည်များစက်များအား မိမိသင်္ဘောကျင်းတွင် လွန်းတင်ပြုပြင်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူကာ လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပြီး ခွင့်ပြုချက်ရရှိမှသာ ခရီးစဉ်ပြေးဆွဲလျက်ရှိပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ စီးပွားရှာဖွေသောဌာနများသည် မိမိရှာဖွေသော ကိုယ်ပိုင်ဘဏ္ဍာငွေဖြင့်သာ ဌာနမှ ရပ်တည်ရမည်ဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့မှုကျခံမှုမရှိတော့ပါ။ မိမိရှာဖွေသော ဝင်ငွေမှ ဌာနရှိလစာ၊ ပင်စင်၊ ရေယာဉ်ပြင်ဆင်စရိတ်၊ အထွေထွေအသုံးစရိတ်များကို မိမိရှာဖွေသော ဝင်ငွေဖြင့်သာ သုံးစွဲနေရသောဌာနဖြစ်ပါသည်။ အင်ဂျင်ပါဝါနှုန်းကောင်းမွန်သော ရေယာဉ်သစ်များ တည်ဆောက်ရေးအတွက် IWT အနေဖြင့် အတိုးနှုန်းသက်သာသော ပြင်ပချေးငွေရရှိရေး ကြိုးပမ်းလျက်ရှိပါသည်။ ချေးငွေများ ရရှိပါက အမြန်ရေယာဉ်များဖြင့် ခရီးသွားများသွားလာမှု လွယ်ကူစေရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရန်ကုန်-သံတွဲ-ကျောက်ဖြူ-စစ်တွေ(ကျွန်းပတ်)လေယာဉ်ခရီးစဉ်ပြေးဆွဲပေးခဲ့သဖြင့် ဒေသတွင်းခရီးသွားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ သွားလာရေး အဆင်ပြေစေခဲ့သော်လည်း ယခုအခါ ရန်ကုန်-ကျောက်ဖြူ တိုက်ရိုက်လေယာဉ်ခရီးစဉ်သာ ပြေးဆွဲလျက်ရှိသဖြင့် ဒေသတွင်းမြို့နယ်များသို့ ဆက်သွယ်သွားလာရေး ပိုမိုအဆင်ပြေချောမွေ့လွယ်ကူစေရေးအတွက် ယခင်ကဲ့သို့ ကျွန်းပတ်လေယာဉ်ခရီးစဉ်များကို နေ့ရက်သတ်မှတ် ပြန်လည်ပေးဆွဲပေးသင့်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-သံတွဲ-ကျောက်ဖြူ- စစ်တွေ (ကျွန်းပတ်) လေယာဉ်ခရီးစဉ်အား တစ်ပတ်လျှင်နှစ်ကြိမ် ပျံသန်းပြေးဆွဲခဲ့သော်လည်း ကျောက်ဖြူ-စစ်တွေနှင့် စစ်တွေ-ကျောက်ဖြူခရီးစဉ်များတွင် စီးနင်းလိုက်ပါသူအလွန်နည်းပါးသဖြင့် ရပ်နားခဲ့ရပြီး ရန်ကုန်သို့ ကျောက်ဖြူနှင့် စစ်တွေတိုက်ရိုက်ခရီးသည်များသာ များပြားလျက်ရှိသည်။ ယခုအခါ ၂၆-၄-၂၀၁၄ ရက်မှစတင်၍ ရန်ကုန်-သံတွဲ-ကျောက်ဖြူ လေယာဉ်ခရီးစဉ်အား တစ်ပတ်လျှင် ခြောက်ရက်၊ ရန်ကုန်-သံတွဲ-ရန်ကုန် တိုက်ရိုက်ခရီးစဉ် ၁ ရက်၊ ရန်ကုန်-စစ်တွေ-ရန်ကုန်ခရီးစဉ်ကို နေ့စဉ် ပျံသန်းပြေးဆွဲပေးလျက်ရှိပါသည်။ ခရီးသည်ရရှိမှုအပေါ် မူတည်၍ ပြေးဆွဲလျက်ရှိပါသည်။ ၎င်းအပြင် ရခိုင်ပြည်နယ်လူထု၏ လိုလားချက်အရ ၅-၅-၂၀၁၄ရက်မှ စတင်၍ စစ်တွေ ကျောက်ဖြူခရီးစဉ်နှင့် ကျောက်ဖြူ-စစ်တွေ ခရီးစဉ်ပျံသန်းပြေးဆွဲနိုင်ရေးအတွက် မြန်မာ့လေကြောင်း၊ စစ်တွေဌာနခွဲနှင့်ကျောက်ဖြူဌာနခွဲများတွင် အများပြည်သူသိရှိနိုင်စေရန် ကြော်ငြာဘုတ်များဖြင့် အသိပေးကြေညာထားပြီး ခရီးသည် Booking စတင်လက်ခံလျက် ရှိပါသည်။ ပျံသန်းပြေးဆွဲနိုင်သော ခရီးသည်အနေအထားပြည့်မီပါက ကျောက်ဖြူ-စစ်တွေနှင့်စစ်တွေ-ကျောက်ဖြူခရီးစဉ်များကို ဖြည့်စွက်ပျံသန်းပြေးဆွဲပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မာန်အောင်လေဆိပ်စီမံကိန်းကို နောင်နှစ်ပွင့်လင်းရာသီတွင် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် လေယာဉ်ကွင်းကို ပေ ၄၀၀၀အထိ တိုးချဲ့ဆောက်လုပ်ရန်ဆောင်ရွက်နိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၃၀၀၀ ဒသမ ဝဝသန်းဖြင့် မာန်အောင်လေယာဉ်ပြေးလမ်းအလျား ပေ ၃၀၀၀၊ အကျယ် ပေ ၁၀၀နှင့် လေဆိပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရန်လိုအပ်မြေ ဧရိယာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များမှ ညှိနှိုင်းဆောင်ရွက်ပေးမှသာ ပြေးလမ်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါ၍ မြေသိမ်းဆည်းရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း/တက် အသုံးပြုနိုင်ရေးအတွက် လေယာဉ်ပြေးလမ်းကို အလျားပေ ၄၀၀၀ရရှိသည်အထိ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော ရန်ပုံငွေအား ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ လေယာဉ်ပြေးလမ်း၊ လေယာဉ်ကွင်း၊ အဆောက်အအုံ၊ လေယာဉ်ထိန်းသိမ်းမှုစနစ်ဆိုင်ရာ လိုအပ်ချက်များအား ပြီးပြည့်စုံစွာတပ်ဆင်ပြီးစီးချိန်တွင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်း စတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မာန်အောင်ရေလမ်းကြောင်းအား တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ် သင်္ဘောပြေးဆွဲပေးနိုင်ရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ယခုအခါ ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးသို့ အလောင်းဘုရားရေယာဉ်ကို ငှားရမ်းထားပြီး တောင်ကုတ်၊ မာန်အောင် ခရီးစဉ်အား တစ်ပတ်လျှင် နှစ်ရက် (တနင်္ဂနွေ၊ ဗုဒ္ဓဟူး)ပြေးဆွဲပေးလျက်ရှိပါသည်။ တောင်ကုတ်၊ စစ်တွေခရီးစဉ်အား အောင်တံခွန်ရေယာဉ်များဖြင့် (အင်္ဂါ၊ သောကြာနေ့)များတွင် ပြေးဆွဲလျက်ရှိပါသည်။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ ကျောက်ဖြူ- မာန်အောင် ခရီးလမ်းအား ၃-၈-၂၀၀၆ နေ့တွင် နောက်ဆုံးအကြိမ်ပြေးဆွဲခဲ့ပြီး ထိုသို့ပြေးဆွဲခဲ့ပြီးနောက်ပိုင်းတွင် စက်သုံးဆီလျော့နည်းရရှိလာခြင်းကြောင့်လည်းကောင်း၊ ကားလမ်းများ တိုးတက်ကောင်းမွန်လာခြင်းကြောင့်လည်းကောင်း၊ ခရီးသည်လိုက်ပါမှု နည်းပါးခြင်းကြောင့်လည်းကောင်း၊ အသုံးစရိတ်နှင့် ဝင်ငွေကွာဟမှုအချိုးများပြားလာပြီး အရှုံးများစွာဖြစ်ပေါ်လာခြင်းတို့ကြောင့် ကျောက်ဖြူ-မာန်အောင် ခရီးလမ်းအား ၂၀၀၆ ခုနှစ် စက်တင်ဘာလမှ စတင်၍ယာယီရပ်ဆိုင်းခဲ့ပါသည်။ ၎င်းခရီးစဉ်ကိုလည်း နယ်ခံပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများမှ ငှားရမ်းပြေးဆွဲလိုပါက သတ်မှတ်နှုန်းထားဖြင့် စာချုပ်ချုပ်၍ ငှားရမ်းပြေးဆွဲခွင့်ပြုမည်ဖြစ်ပါသည်။ သင်္ဘောငှားရမ်းပြေးဆွဲလိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များရှိပါက IWT ရခိုင်ပြည်နယ်ရုံး၊ ရန်ကုန်ရုံးချုပ်တို့နှင့်ဆက်သွယ်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ကျောင်းဖွင့်ရာသီအမီ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သောအားဖြင့် မေ ၂၄ ရက်က ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညိုသင်းအောင်၏ ကြီးကြပ်မှုဖြင့်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ ကျန်းမာရေးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့်အဖွဲ့သည် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျောင်းများ၌ ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

အထက ပေါင် ကျောင်းအပ်နှံရေးသီတင်းပတ်စတင်

ပေါင် မေ ၂၉

မွန်ပြည်နယ် ပေါင်မြို့နယ် အထကပေါင်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူဟောင်းများ၊ အသစ်များအတွက် မိဘအုပ်ထိန်းသူများ လာရောက်အပ်နှံနေသည်ကိုတွေ့ရသည်။

ယခုနှစ်ပညာသင်နှစ်တွင် မူလတန်းမှအလယ်တန်းအထိ အခမဲ့ပညာရေးစနစ်ဖြင့် မိဘများထံမှ အခကြေးငွေလုံးဝကောက်ခံမှုမရှိသဖြင့် ယခင်နှစ်များထက် ကျောင်းသား ကျောင်းသူသစ်များ ပိုမိုတိုးပွားလာခဲ့ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေထိုင်ခွင့် အခွင့်အရေးရရှိလာပြီး ဆင်းရဲသော ကလေးများအတွက် မိဘတိုင်းက ကျောင်းထားနိုင်သည့် အခွင့်အရေးကို လက်မလွတ်ဘဲ ဝမ်းမြောက်ဝမ်းသာဖြင့် ကျောင်းအပ်နှံရန်အတွက် လာခဲ့ကြကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(iprd)**

မီးဘေးသင့်ပြည်သူများ ကူညီရေးဆောင်ရွက်

ဗန်းမောက် မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နောင်ကန်အုပ်စု နောင်ကွတ်ကျေးရွာတွင် မေ ၂၄ ရက် နံနက် ၃ နာရီက မီးလောင်ခဲ့ရာ ကျေးရွာရှိအိမ်ခြေ ၄၃ အိမ်အနက် ၂၂ အိမ် မီးလောင်ကျွမ်းခဲ့သည်။ မီးဘေးသင့်ပြည်သူများ အဆင်ပြေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်၍ ထောက်ပံ့ကူညီစောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းပြီး အလှူခံလျက်ရှိရာ ယနေ့အထိ အလှူခံရငွေကျပ် ၂၅ သိန်းကျော်နှင့် ဆန်၊ ဆီ၊ ဆား၊ ပန်းကန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅ သိန်းကျော်လက်ခံရရှိခဲ့သည်။ ရရှိပြီးငွေသားများနှင့် ပစ္စည်းများကို မီးဘေးသင့်ပြည်သူများအားအမြန်ဆုံးသွားရောက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး**

ဖခင်အမည်ပြောင်း

ရွှေဘိုမြို့၊ ခွန်တောင်းကြီး၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်လွင်နိုင်အောင်၏ ဖခင်ဦးထွေးကျော်အား ယနေ့မှစ၍ ဦးကျော်ကျော်ထွေး ၉/မကန(နိုင်)ဝ၉၉၄ဝ၄ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးကျော်ကျော်ထွေး**

အမည်ပြောင်း

တောင်သာမြို့၊ မင်းစု အထက Grade -3(B) အောင်မှ ဦးမျိုးအောင်၏သား မောင်မင်းသန့်ကျော်အား ယနေ့မှစ၍ မောင်အောင်ဖြိုးကြွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဖြိုးကြွယ်**

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ကောင်းဆင့်ရွာနေ ဦးတိုး ၅/ယမပ(နိုင်)ဝ၂၁၈၃၆-ဒေါ်မှတ်တင် ၅/ယမပ(နိုင်)ဝ၂၁၇၈၃ တို့၏သား အထက(ခွဲ) ရိုးမတိမ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်အာကာမင်းအား မောင်မင်းခန့်တိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၆၄၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမည်ပြောင်း

အင်းစိန်မြို့နယ် အထက(၂)တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ဇော်အား မင်းထက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မင်းထက်ခိုင်**

ဖခင်အမည်မှန်

ဖားကန့်မြို့နယ် ဆိတ်မူ အထက သတ္တမတန်းမှ မောင်ဇော်ဝင်းဌေး၏ ဖခင်အမည်မှန်မှာ ဦးမြတ်ခိုင် ၁၁/ပတန(နိုင်) ဝ၈၉၁၄၅ ဖြစ်ပါကြောင်း။ **ဦးမြတ်ခိုင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၈၇၇ဝ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းခိုင် ၁၃/နခန(နိုင်)ဝ၃၆ဝ၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅C/၁၁၈၇၊ Honda Fit GE6, S/W (4×2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစံထွန်းအောင် ၉/အမဇ(နိုင်)ဝ၂ဝဝဝ၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၆၈၁၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ကလေး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9906 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖခင်အမည်မှန်

မိုးမိတ်မြို့၊ ကင့်နွယ်ကျေးရွာနေ မောင်အောင်ချို ၁၃/မမတ(နိုင်)ဝ၅၄၆၉၂နှင့် မအေးအေးလွင်တို့၏ ဖခင်အမည်မှန်မှာ (ဦးကျော်လွင်ဦး) ဖြစ်ပါသည်။ **(ဦးကျော်လွင်ဦး)**

အမည်ပြောင်း

ဖားကန့်မြို့နယ် တာမခန်ရွာ ဦးခင်မောင်သက် ၁၃/တမန(နိုင်)ဝ၄၇ဝ၅၇ ၏ သမီး တာမခန် အထက စတုတ္ထတန်းမှ မသက်မွန်မြင့်အား မသင်းသဇင်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသင်းသဇင်ထက်**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးရပ်ကွက်၊ မြေကွက်အမှတ် (၇၂၄)၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြေအကျယ်အဝန်း အလျားပေ ၆ဝ×အနံပေ၄ဝ မြေနှင့် မြေပေါ်မြေအောက်မရွှေ့မပြောင်းနိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးမေ(ဘ)ဦးဘလွင် ၁၂/ကလန(နိုင်)ဝ၂၆၆၆၇က ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)စာရွက်စာတမ်းများပြသပြီး ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်ခွင့်အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ကြီး (အထက်တန်းရှေ့နေ-၃၇၀၂၉)
B.A(Eco), D.A,R.L,DBL,DML,DIL,M.A(Business Law P1), WIPO(Switzerland)
အမှတ် (၄၈၇)၊ ဒူးယား ၄လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-ဝ၉-၄၄၈ဝ၁၉၆၉၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ သောကမာလာလမ်းနေ ဒေါ်အုန်းရီ၏သား မောင်အောင်စည်ဖြိုး(ခ)ကိုပွင့် ၉/ကပတ(နိုင်)ဝ၆၈၇၅၃ သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိသားစုအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ထားကြောင်း သိစေအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
မိခင်-ဒေါ်အုန်းရီ
ကျောက်ပန်းတောင်း

ကျေးဇူးဆပ်ပါမည်

မင်္ဂလာတောင်ညွန့်မြို့နယ် ၆ လမ်းနှင့် ABC မှတ်တိုင်အနီး ရိုက်ကူးပြီး မိသားစုရှင်ပြုမှတ်တမ်း (မန်မိုရီကတ်၊ Memory Card) ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ကျေးဇူးဆပ်ပါမည်။
ဖုန်း-ဝ၉-၅၁၅၃၃၂၃၊ ဝ၉-၈၃ဝ၆၅၁၆၊ ဝ၉-၃၁၄၄၄ဝ၄၄

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၃၆၂၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဂန့်ဂေါဘူတာ ဝန်ဆောင်မှုအဆင့်မြှင့်တင် ဆောင်ရွက်

ဂန့်ဂေါ မေ ၂၉

ကလေး-ဂန့်ဂေါမီးရထားလမ်းပိုင်းတွင် နေ့စဉ်ပြေးဆွဲလျက်ရှိသော ကလေး-ဂန့်ဂေါ လူစီးရထားတွင် လိုက်ပါစီးနင်းကြသည့် ခရီးသည်များ၏ လိုလားချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် ဂန့်ဂေါဘူတာ၌ ပြည်သူ့ဆက်ဆံရေးဌာနစိတ်ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၅ ရက်မှ စတင်၍ဖွင့်လှစ်ဖွဲ့စည်းထားရှိကာ ဝန်ဆောင်မှုအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဘူတာရဲ့ ပြည်သူ့ဆက်ဆံရေးဌာနစိတ်က ခရီးသည်တွေရဲ့လိုလားချက်တွေကို မှတ်တမ်းတင်ထားရှိပြီး ကျွန်တော်တို့ဘူတာအနေနဲ့ ဆောင်ရွက်ပေးနိုင်တာတွေကို ဆောင်ရွက်ပေးပြီး ဘေးတိုက်နဲ့ အထက်အောက် ညှိနှိုင်းတင်ပြဆောင်ရွက် ပေးစရာရှိတာတွေကိုလည်း အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ဂန့်ဂေါဘူတာမှ ရုံပိုင် ဦးသက်နိုင်ကပြောသည်။ ယခုအခါ ဂန့်ဂေါဘူတာတွင် စကြံပလက်ဖောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဘူတာဝန်းကျင်အမှိုက်ကင်းစင်သန့်ရှင်းစေရန် အလေးထားခြင်း၊ သောက်ရေအိုးစင်များထားရှိပေးခြင်း၊ ရထားဝင်ချိန်၊ ထွက်ချိန်များကို ကြော်ငြာဆိုင်းဘုတ်၊ အသံချဲ့စက်တို့ဖြင့် သတိပေးကြော်ငြာခြင်း၊ ဘူတာနှင့်ရထားပေါ်တွင် စာပေရေချမ်းစင်ထားရှိပေးခြင်း၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ခြင်း၊ ရထားစီးလက်မှတ်ကြိုတင် မှာကြားချက်များရှိပါက အလေးထားခြင်းစသည်ဖြင့် ဝန်ဆောင်မှုအဆင့်မြှင့်တင်လျက်ရှိသည်။ ယခုအခါ ကလေး-ဂန့်ဂေါမီးရထားလမ်းပိုင်းတွင် လူစီးရထားတစ်စင်းက ကလေးမှ ဂန့်ဂေါသို့ အသွားခရီးတွင် အမှတ် ၁၄၀ အစုန်ရထားအဖြစ် လည်းကောင်း၊ ဂန့်ဂေါမှ ကလေးသို့ အပြန်ခရီးတွင် အမှတ် ၁၃၉အဆန်ရထားအဖြစ် လည်းကောင်း နေ့စဉ်နေ့ချင်းပြန်(ခေါက်ပြန်)ပြေးဆွဲလျက်ရှိပြီး လူစီးတွဲ ရိုးရိုးတန်းငါးတွဲ၊ ပထမတန်းတစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲတို့ ချိတ်ဆက်ပါရှိသည်။ ရထားဝင်ချိန်၊ ထွက်ချိန်များမှာ ကလေးမှ ဂန့်ဂေါသို့ အသွားခရီးတွင် ကလေးမှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာပြီး ဂန့်ဂေါသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း၊ ဂန့်ဂေါမှကလေးသို့ အပြန်ခရီးတွင် ဂန့်ဂေါမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး ည ၉ နာရီတွင် ကလေးသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် အပတ်စဉ် စနေနေ့တိုင်း ဂန့်ဂေါဘူတာအလွန်ရှိ ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာဘူတာအထိ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

> ဂန့်ဂေါဘူတာ၌ ပြည်သူ့ဆက်ဆံရေး ဌာနစိတ်ဖွင့်လှစ်ဖွဲ့စည်းထားရှိကာ ဝန်ဆောင်မှုအဆင့်မြှင့်တင် . . .

ထိုကဲ့သို့ ကလေး-ဂန့်ဂေါမီးရထားလမ်းပိုင်းတွင် လူစီးရထားတစ်စင်းနေ့စဉ် နေ့ချင်းပြန်(ခေါက်ပြန်) ပြေးဆွဲလျက်ရှိသည့်အပြင် အဆိုပါလမ်းပေါ်ရှိ မွေ့လယ်-ကလေးလမ်းပိုင်းတွင် ကား-ရထားတစ်စင်းနှင့် ဟံသာဝတီ- ကလေးလမ်းပိုင်းတွင် ကား-ရထားတစ်စင်းတို့ နေ့စဉ်အသွား၊ အပြန်ပြေးဆွဲပေးနေကြောင်း သိရသည်။

ဤသို့လျှင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့်မကွေးတိုင်းဒေသကြီးဂန့်ဂေါမြို့တို့ဆက်သွယ်သော မီးရထားလမ်းပိုင်းတွင် လူစီးရထားနှင့် လူစီးကား-ရထားများပြေးဆွဲလျက်ရှိသဖြင့် နေ့စဉ် ခရီးသည်ဦးရေ ၃၀၀၀ ခန့်တို့၏ ခရီးသွားလာရေးမှာ အဆင်ပြေ ချောမွေ့လျက်ရှိသည်။ အဆိုပါ မီးရထားလမ်းတွင် ကလေးမှ ရေမျက်နီဘူတာအထိ ဘူတာနှင့်ရပ်စခန်း ၂၈ ခုခန့်ရှိရာ အဆိုပါဘူတာနှင့်ရပ်စခန်းများ ဝန်းကျင်တစ်ဝိုက်ရှိ ကျေးရွာများမှာ ကလေးမြို့၊ ဂန့်ဂေါမြို့တို့နှင့် ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ ကျေးရွာအချင်းချင်းဆက်သွယ်သွားလာရာတွင် လည်းကောင်း များစွာအဆင်ပြေလျက်ရှိကြသည်။

ယင်းမီးရထားလမ်းကို ဒေသခံပြည်သူများ၊ တပ်မတော်သားများ၊ မီးရထားဝန်ထမ်းများ စသည်တို့၏ အင်အားဖြင့် ဖောက်လုပ်ရာ ၁၉၉၅ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကလေး-နတ်ချောင်းလမ်းပိုင်းကို လည်းကောင်း၊ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နတ်ချောင်း-ဂန့်ဂေါလမ်းပိုင်းကို လည်းကောင်း၊ ၁၉၉၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဂန့်ဂေါ-ရေမျက်နီလမ်းပိုင်းကိုလည်းကောင်း အဆင့်ဆင့် ဖောက်လုပ်ပြီးစီး ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

(၁၃၈)ကြိမ်မြောက် သွေးလှူဒါန်း

နေပြည်တော် မေ ၂၉

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဘုမ္မာ(၄)လမ်း အမှတ် ၇၂၇ နေ ဦးမောင်ကျော်(ခ) ဦးကျော်ကျော် လူမှုထူးချွန် (ပထမဆင့်)သည် **(ယာပုံ)**မေ ၈ ရက်က အမျိုးသားသွေးဌာန၌ (၁၃၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ်တိုင်းရင်းဆေးအဖွဲ့က အခမဲ့ဆေးကုသ

ဆော မေ ၂၉

ဆောမြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆောမြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်လှကေသီနှင့် လက်ထောက်တိုင်းရင်းဆေးမှူးဒေါ်တင်တင်နွယ်တို့က မေလတတိယပတ်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၀၀ကို လိုအပ်သောဆေးကုသခြင်းနှင့် ဆေးဝါးများပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါဆေးကုသခြင်းဆောင်ရွက်မှုများကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၃၈)ဖြာမင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာအောင်ဆုချီးမြှင့်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့YMBAအသင်းချုပ်၌ (၆၅) ကြိမ်မြောက် ၃၈ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာအောင်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ ယမန်နှစ် ဒီဇင်ဘာလတွင်းက အဆိုပါ စာမေးပွဲများကို နိုင်ငံတစ်ဝန်းရှိစာဖြေဌာနပေါင်း ၁၅၅၉ကျောင်း၌ ကျင်းပရာ ဖြေဆိုသူစုစုပေါင်း ၉၉၁၇၈ဦး အနက် ၉၈၆၆၅ဦးအောင်မြင်ခဲ့ကြောင်း၊ ယင်းတို့အနက် မင်္ဂလာထူးချွန်ဆုရသူ ၁၆၀၊ အထူးဆုရသူ ၂၅၆၀ရှိကြောင်း သိရသည်။ YMBAအသင်းကြီးသည် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ပါတီနိုင်ငံရေးလုံးဝမလုပ်တော့ဘဲ ဘာသာရေးလုပ်ငန်းများကိုသာ သင်ကြားဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင် YMBAအသင်းကြီးတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၈နှစ် ပြည့်ခဲ့ပြီဖြစ်ကြောင်းနှင့် နိုင်ငံအနှံ့ အသင်းခွဲပေါင်း ၄၄သင်းအထိ ဖွဲ့စည်းထားရှိကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**

ဂျပန်-အရှေ့အာရှကွန်ရက် တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၂၉

ဂျပန်နိုင်ငံ၌ မေ ၂၆ ရက်မှ ဇွန် ၃ ရက်အထိကျင်းပမည့် ဂျပန်နိုင်ငံ၏ ကျောင်းသားများနှင့် လူငယ်များ အသိအမြင်ဖလှယ်ရေးဆိုင်ရာ ဂျပန်-အရှေ့အာရှကွန်ရက်အစီအစဉ်သို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကထိက(ပန်းချီ)ဒေါ်မြခက်ခေါင်းဆောင်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ လေးဦး၊ ပညာရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၃၃ ဦး +ပါဝင်သောအဖွဲ့သည် မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်မှန်

ဦးအက်(စ်)တူးလွမ်၏သမီး ကျိုင်းတုံမြို့ အထက(၁)၊ သတ္တမတန်းမှ မS-ဗန်ယွန်း၏ အမည်မှန်မှာ မအက်(စ်)ဗန်ယွန်း ဖြစ်ပါသည်။

မအက်(စ်)ဗန်ယွန်း

(၁၉၈၄-၁၉၉၄)ပညာသင်နှစ် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ၏

ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ

ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၈၄-၁၉၉၄)ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို လာမည့် ၂၀၁၄ ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)တွင် ဆေးတက္ကသိုလ်(၁) လမ်းမတော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်၍ အသေးစိတ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

Reunion Book ကို ဆရာကန်တော့ပွဲမတိုင်မီ ကြိုတင်ထုတ်ဝေမည်ဖြစ်ပါသဖြင့် လိုအပ်သောအချက်အလက်နှင့် ဓာတ်ပုံများကိုလည်း ဩဂုတ်လ နောက်ဆုံးထားပေးပို့စေလိုပါသည်။

ကိုကိုလွင်	ဖုန်း-၀၉-၅၀၀၀၉၆၉	ကျော်ဇင်	ဖုန်း-၀၉-၅၀၀၅၃၆၂
စိုးမင်း	ဖုန်း-၀၉-၄၉၃၃၃၈၁၇	စန်းယုမော်	ဖုန်း-၀၉-၅၁၆၉၂၇၁
ဖြိုးခနကျော်	ဖုန်း-၀၉-၅၁၅၇၂၀၅	မေမြင့်ဦး	ဖုန်း-၀၉-၅၁၃၂၇၄၇
မျိုးနိုင်	ဖုန်း-၀၉-၄၅၈၀၂၈၉၉၉	ယဉ်ယဉ်ထွန်း	ဖုန်း-၀၉-၅၁၇၃၆၇၁
ရဲလင်းမောင်	ဖုန်း-၀၉-၂၅၀၂၆၆၂၆၆	ဥမ္မာအောင်	ဖုန်း-၀၉-၂၅၄၀၁၁၆၉၄
သက်ဦး	ဖုန်း-၀၉-၂၅၆၃၅၈၇၃၂		

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
၁၉၆၉-၁၉၇၀ခုနှစ် စတင်ဝင်ရောက်သူများ
ပဉ္စမအကြိမ် ကထိန်အလှူတော်မင်္ဂလာ၊ နှစ်(၅၀)ရွှေရတု၊
ဆရာကန်တော့ပွဲ၊ မိတ်ဆုံစားပွဲနှင့် သာရေးနာရေးကိစ္စများဆွေးနွေးညှိနှိုင်းပွဲ
တက်ရောက်ရန်ဖိတ်ကြားခြင်း

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ ၁၉၆၉ခုနှစ်နှင့် ၁၉၇၀ခုနှစ်တွင် စတင်တက်ရောက်ခဲ့သည့် သူငယ်ချင်းများစုပေါင်း၍ ပဉ္စမအကြိမ် ကထိန်အလှူတော်မင်္ဂလာကို ညောင်တုန်းမြို့ မဟာဝိသုဒ္ဓိရာမတိုက်သစ်တွင် ၂၆-၁၀-၂၀၁၄ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး နှစ်(၅၀)ရွှေရတု၊ ဆရာကန်တော့ပွဲ၊ ညစာစားပွဲနှင့် သာရေးနာရေးကိစ္စများဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲသို့ စီးပွားရေးဘွဲ့ရ မည်သူမဆို တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

တွေ့ဆုံဆွေးနွေးပွဲများကို ပထမအကြိမ် ၂၅-၅-၂၀၁၄ရက်တွင်ပြုလုပ်ခဲ့ပြီး နောင်အစည်းအဝေးများကို ၈-၆-၂၀၁၄ရက်မှစ၍ တစ်ပတ်ခြား မွန်းလွဲ ၂ နာရီတွင် မြေနီကုန်း၊ ပန်းခြံတာဝါ ဒုတိယထပ်ရှိ ဦးမြိုင်ရုံးခန်း၌ ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများထည့်ဝင်နိုင်ရန်နှင့် စုံစမ်းမေးမြန်းရန်အတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဦးဝင်းတည် ဖုန်း-၀၉-၈၇၀၂၄၁၁၊ ဦးကျော်ဆန်းဦး ဖုန်း-၀၉-၅၁၈၅၄၇၀၊ ဒေါက်တာလေးကြည် ဖုန်း-၀၉-၅၅၀၆၉၁၉၊ ဦးချစ်ဦး ဖုန်း-၀၉-၅၀၇၇၄၂၀၊ ဒေါ်နွယ်နွယ်ကြည် ဖုန်း-၀၉-၅၁၅၃၆၉၅၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၀၁-၅၄၇၃၁၇၊ ဒေါ်ခင်လေးတင့် ဖုန်း-၀၉-၅၅၀၅၆၂၆၊ ဦးစိုင်းကျော်ဇော ဖုန်း-၀၉-၂၀၁၂၁၉၉၁၊ ဦးသန်းအောင် ဖုန်း-၀၉-၂၀၂၀၆၂၆၊ ဦးမြိုင် ဖုန်း-၀၉-၅၁၈၄၉၄၉

(ဒလ)သင်္ဘောကျင်း ပညာသင်(AE)များသို့

ရပ်ဝေးရပ်နီးနေ သူငယ်ချင်းတို့ ၈-၆-၂၀၁၄ရက် ညနေ ၆နာရီမှာ ပန်ဒါဟိုတယ်မှာ ဆုံကြရအောင် ကြိုးစားပြီး ရောက်အောင်လာခဲ့ကြပါ။ လာမည်ဆိုလျှင် အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်ပါ။

ဦးထွန်းလွင် ဖုန်း-၀၁-၉-၆၆၃၇၆၄၊ ၀၉-၂၅၀၂၇၃၄၂၃
ဦးမျိုးထွန်း ဖုန်း-၀၉-၇၃၀၈၅၀၀၂
ဦးကျော်မြင့် ဖုန်း-၀၉-၅၀၁၄၇၄၈

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထောက အထကကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မဟန်နီမျိုးဝင်းနှင့် သတ္တမတန်း(A)မှ မောင်ကျော်ဇင်မျိုးဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ဖြစ်ပါသည်။

မိဘအမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကန်နား၊ ထခွဲ၊ အလက(၁) သတ္တမတန်း(ခ)မှ မဆုဝတီအောင်နှင့် ကန်ဦး၊ အမက(၁၁) တတိယတန်း(ခ)မှ မဆုနန္ဒာအောင်၏ မိဘအမည်မှန်မှာ ဦးစိုင်းနန္ဒာဦးနှင့် ဒေါ်ကေကေခိုင်(ခ)ဒေါ်ကြည်ကြည်အေး ဖြစ်ပါကြောင်း။

ဦးစိုင်းနန္ဒာဦး-
ဒေါ်ကေကေခိုင်(ခ)ဒေါ်ကြည်ကြည်အေး

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၁၃၅၈၊အမည်ပေါက် ဒုတက-ကျော်ကျော်ဦး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းရီ ၁၂/မဂတ(နိုင်)၀၇၆၆၁၅၈က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၁၄၆၂၊ အမည်ပေါက် တသ-လွှမ်းဇေ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးစိုးဝင်း ၁၂/ရပသ(နိုင်)၀၃၇၁၄၄က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တာချီလိတ်ခရိုင် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါတောင်းကျေးရွာတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော နှမ်းစပါးများကို ဒေသခံပလောင်တိုင်းရင်းသားများ မေ ၂၇ ရက်က ပျော်ရွှင်စွာ ရိတ်သိမ်းလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

မောင်ယဉ်ကျေး

မီတာတစ်လုံးကို ငွေတောင်းခံလွှာတစ်စောင်စီဖြင့် ပြင်ဆင်တောင်းခံသွားမည်

ယခုအခါ ဧပြီ ၁ ရက်မှ စတင်သုံးစွဲသည့် ယူနစ်များကို လျှပ်စစ်ဓာတ်အားခနှုန်းထားအသစ်ဖြင့် ကောက်ခံလျက်ရှိရာ အိမ်တစ်အိမ်တွင် မီတာနှစ်လုံးနှင့်အထက်ရှိပြီး ငွေတောင်းခံလွှာတစ်စောင်တည်းဖြင့် ပေါင်း၍ တောင်းခံခြင်းများအတွက် မီတာတစ်လုံးချင်းစီကို ပြန်လည်ခွဲထုတ်ပြီး အလွှာနှုန်းများခံစားစေ၍ မီတာတစ်လုံးကို ငွေတောင်းခံလွှာတစ်စောင်စီဖြင့် ပြန်လည်ပြင်ဆင် တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားခ(မီတာခ)တောင်းခံခြင်းနှင့်ပတ်သက်၍ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဌာနမှ ဖြေလျှော့သည့်အနေဖြင့် တပ်ဆင်ထားသော မီတာတစ်လုံးစီကို သတ်မှတ်အလွှာနှုန်းအတိုင်း ခံစားခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြင်ဆင်ကောက်ခံရာတွင် ဓာတ်အားခငွေ မသွင်းရသေးသော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မီတာရုံးများတွင် ငွေတောင်းခံလွှာကို ပြင်ဆင်ပြီး ငွေပေးသွင်းနိုင်ပါကြောင်းနှင့် ဓာတ်အားခငွေပေးသွင်းပြီးသည့် ပြည်သူများအနေဖြင့် လာမည့်ဇွန်လတွင် တောင်းခံမည့် ဓာတ်အားခမှ ယခုလ ပိုမိုပေးသွင်းငွေများကို ပြန်လည်ခုနှိမ်ပေးသွင်းစေမည်ဖြစ်ကြောင်း၊ ပြည်သူများသိရှိစေရန် မြို့နယ်အတွင်း အသံချဲ့စက်များဖြင့် လိုက်လံ ကြော်ငြာခြင်းများကိုစီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကမာရွတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။ လက်ရှိကောက်ခံနေသော အိမ်သုံးမီတာများမှာ တစ်ယူနစ်မှ ယူနစ် ၁၀၀ အထိ ၃၅ ကျပ်၊ ၁၀၁ ယူနစ်မှ ၂၀၀ယူနစ်အထိ၄၀ကျပ်၊ ၂၀၁ ယူနစ်နှင့်အထက်ကိုငွေ ကျပ် ၅၀ နှုန်းဖြင့် ကောက်ခံလျက်ရှိသည်။ **(၁၆၃)**

အာဟာရပြည့်အစားအစာနှင့် ထောက်ပံ့ငွေပေးအပ်

မြိုင် မေ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေလှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စုထွေးမာနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မြိုင်မြို့နယ်၊ လက်ယက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သက်ကြီးရွယ်အို ဘိုးဘွား ၂၀နှင့် ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးတို့ကို အာဟာရပြည့်အစားအစာနှင့် ထောက်ပံ့ငွေများကို မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲက မြိုင်မြို့နယ် လက်ယက်မကျေးရွာ အထကကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။ **(၁၃၅)**

မြန်မာ့အလင်း
စာတည်းထံပေးစာများ

သားသတ်လုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သူကြီးစု (၁)ရပ်ကွက် ယုဇနလမ်းသွယ် ၂ တွင်ရှိသော နွားသတ်လုပ်ငန်းနေအိမ်မှ အနံ့ဆိုးများနှင့်၄င်းသား သတ်လုပ်ငန်းနေအိမ်တွင် နွားသားရေ၊ အရိုးများသိုလှောင်ထားသည့်အတွက် ပတ်ဝန်းကျင်ရှိပြည်သူများအနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သင့်တော်ရာသို့ သက်ဆိုင်ရာမှ ပြောင်းရွှေ့ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

မီးဘေးအန္တရာယ်မှ ကင်းဝေးစေချင်

တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက် ၁၆၃လမ်းနှင့် တာမွေလမ်းကြားတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင် နှစ်ဆိုင်မှာ ဓာတ်ဆီဆိုင်နှင့် အလွန်နီးကပ်နေ၍ ၄င်းဆိုင်များမှ စွန့်ပစ်ပစ္စည်းများဖြစ်သော မီးသွေးအကြွင်းအကျန်နှင့် အမှိုက်များကြောင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ပြီး ညှော်နံ့နှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နေပါသဖြင့် လိုအပ်သလို စစ်ဆေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တာမွေကြီးသား**

မှန်ဆိုင်မှ အနံ့ဆိုးများထွက်နေ

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် သစ္စာလမ်းရှိ ကားမှန်ရောင်းဝယ်တပ်ဆင်ရေးလုပ်ငန်းမှ နေ့စဉ် မိုးလင်းမှ မိုးချုပ်ဓာတုဆေးဝါးအမှုန့်များ၊ အရည်များ အသုံးပြု၍ မှန်တိုက်ခြင်း၊ တံဆိပ်ရိုက်ခြင်း၊ ကျောက်ပြားများဖြင့် မှန်ဘေးသားချောခြင်းများနှင့် ထင်းရှူးသားများကို မော်တာများဖြင့် ဖြတ်တောက်၍ သေတ္တာရိုက်ခြင်းတို့ကို အိမ်ရှေ့မှ အိမ်နောက်တိုင် ပြုလုပ်နေပါသဖြင့် ၄င်းတို့မှ ထွက်ရှိသော အနံ့ဆိုးနှင့် အမှုန်များ ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေခြင်းကြောင့် အနီးအနားအိမ်ရှိ လူများ ကျန်းမာရေးဆိုးရွားစွာ ထိခိုက်နေပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဥက္ကလာမောင်**

ကျူးကျော်အဖီများ ဖျက်သိမ်းဖယ်ရှားပေးစေချင်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်း (အထက်)နှင့် (၃၈)လမ်း (အထက်)နောက်ဖေးလမ်းကြားမြေ မျက်နှာပြင်ကို နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်ခံ တည်ဆောက်ထားသည်။ ယခုအခါတွင် အခန်း၏ရှေ့မျက်နှာစာကိုမုန့်ဟင်းခါးဆိုင်ဖွင့်လှစ်ရောင်းချကာစီးပွားရေးလုပ်ကိုင်နေသော ဓမ္မာရုံဆိုင်းဘုတ်တင်ထားသည့် (မြေညီထပ်အခန်းအပါအဝင်)(၃၈)လမ်းဘက်မှ မြေညီထပ် အခန်းအချို့သည် နောက်ဖေးကွန်ကရစ်လမ်းမျက်နှာပြင်ကို ထုချေဖျက်ဆီး အပေါက်ဖောက် တွင်းတူး၍ ၄င်းတွင်းများတွင် သစ်သားတိုင်များ အခိုင်အမာ စိုက်ထူခြင်း၊ အခန်းတစ်ခန်းအတွက် သစ်သားနှစ်တိုင်စီစိုက်ကာ ၄င်းနှစ်တိုင်အကြားတွင် အုတ်နံရံများအခိုင်အမာကာရံခြင်း၊ အုတ်နံရံကို ထပ်မံကျူးကျော်ပြီး နှစ်ပေခန့် သွတ်အဖီကလမ်းပေါ်သို့ ကျူးကျော်ထားသည်။ ၄င်းအဖီကြီးများကြောင့် လမ်းကျဉ်းသွားပြီး လေဝင်လေထွက်မကောင်းတော့ခြင်း၊ ရေစီးရေလာမကောင်းတော့ခြင်း၊ အနံ့ဆိုးများထွက်ခြင်းတို့ကြောင့် ၄င်းအခန်းများနှင့် နီးကပ်သောအခန်းများမှာ ကျန်းမာရေးထိခိုက်နေပါသဖြင့် ဖော်ပြပါ ကျူးကျော်အဖီကြီးများအား ဖယ်ရှားပေးပါရန် တင်ပြပါသည်။ **အမြင်မတော်သူ**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန(ရန်ကုန်) ရုံးဝင်းအတွင်းရှိ ပြန်လည်အသုံးပြု၍မရနိုင်တော့သည့် မော်တော်ယာဉ်အပိုပစ္စည်း(၁၈၇)မျိုးနှင့် တိုင်ကီအဟောင်း(၅၁)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၆-၂၀၁၄ရက်မှ ၁-၇-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁-၇-၂၀၁၄ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂း၃၀ နာရီ၊ရုံးအမှတ်(၄၄)၊နေပြည်တော်၊
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁-၇-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းရှိ အထူးစီမံကိန်းကြီးအဖွဲ့(၁)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း၊ ဖောင်းပြင်-ပင်လယ်ဘူးလမ်းတို့၏ လမ်းတံတားလုပ်ငန်းများအတွက်လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	**ပစ္စည်းအမျိုးအမည်**	**အရေအတွက်**
(၁)	၂'-၄'ကျောက်	၆၉၁၆.၀၀ ကျင်း
(၂)	၂'-၃' ကျောက်	၂၉၅.၀၀ ကျင်း
(၃)	၁'-၂'ကျောက်	၈၄၀.၀၀ ကျင်း
(၄)	၁/၄'-၃/၄' ကျောက်	၂၅၈၇.၇၅ ကျင်း
(၅)	၁/၈'-၃/၈' ကျောက်	၆၄.၀၇ ကျင်း
(၆)	၃/၈'< ကျောက်	၁၅၃.၇၀ ကျင်း
(၇)	သဲ	၂၈၁၃.၄၆ ကျင်း
(၈)	ဘိလပ်မြေ(သယ်ပို့ခ)	၃၀၇၂.၀၀ တန်
(၉)	တောသစ်	၁၅.၇၈ တန်
(၁၀)	ဖို့မြေ	၁၀၇၉၃.၀၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၂-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီ
၂။ တင်ဒါလျှောက်လွှာပုံစံများကို ကသာခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ၃၁-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၆၇-၂၄၇၆၂၊ ၀၇၅-၂၅၀၄၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရုံးသုံးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုံးအသုံးအဆောင်အပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) Multi State Test Lane with Control Computer Server 1 No
(ခ) Simulator 1 No
(ဂ) ရုံးသုံးစက်ပစ္စည်းကိရိယာများ
(ဃ) အခြားရုံးအသုံးအဆောင်ပစ္စည်းများ
(င) ရုံးသုံးပရိဘောဂများ
(စ) ရုံးသုံးစာရေးကိရိယာများ
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂၉)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉၊
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၅၇၃၁၀၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၅၇၆၈ Toyota Corona S/L ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထက်စိုး ၁၂/လမတ(နိုင်)၀၂၇၁၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၂၅၅၃၊ Toyota Hiace, M/B (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်း ၁၂/ကမတ(နိုင်)၀၃၈၃၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အရောင်းအဝယ်ဖြစ်နေဆဲ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း

ရန်ကုန် မေ ၂၉

တသွင်သွင်စီးဆင်းနေသော ရေအလျင်၊ လူးလားခေါက်ပြန် ပြေးဆွဲနေသော စက်လှေနှင့် သမ္ဗန်များ၊ သဲနှင့် ကျောက်စရစ်များအပြည့်တင်ဆောင်လာသော မြောင်းမြမြစ် အုတ်၊ သဲကျောက်လုပ်ငန်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာမှု၊ သယ်ချနေမှု၊ ရောင်းဝယ်နေမှု၊ အုတ်၊ သဲ၊ ကျောက်များ စုပုံထားမှုမြင်ကွင်းကား မြို့၏ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းကို လှစ်ဟပြသနေသလိုပင်။

စက်လှေနှင့် စက်သမ္ဗန်ကြီးများ၏ မောင်းနှင်သည့် စက်သံများက မြောင်းမြမြစ်ရေပြင်ပေါ်တွင် ပဲ့တင်ထပ်ထွက်ပေါ်နေသည်။ ဒေသခံပြည်သူများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုမြင်ကွင်းကား ဒေသ၏လူမှုစီးပွားဘဝအတွက် လှေလာရန် အကောင်းဆုံးပြကွက်တစ်မျိုး ဖြစ်နေသည်။

"အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေးအနေနဲ့ မိုးကျလာပေမယ့် အရောင်းအဝယ် လျော့သွားတယ်မရှိပါဘူး၊ ပုံမှန်ရှိနေပါတယ်။ ဒါကလည်း မြောင်းမြမြို့ပေါ်တွင်မကဘဲ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေက နေအိမ်အဆောက်အအုံတွေ ဆောက်လာကြလို့ဖြစ်ပါတယ်" ဟု မြောင်းမြမြစ်ဆိပ်ကမ်း၌ အုတ်၊ သဲ၊ ကျောက်များရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ရေလမ်းခရီးဖြင့်သာ အချိန်ကြာမြင့်စွာသွားလာခဲ့ရပြီး ယခုအခါ ကားလမ်းပါ ခရီးပေါက်နေပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးမှာ သိသာစွာ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဈေးရောင်းဆိုင်ကြီးများ၊ စတိုးဆိုင်များ၊ တိုက်အိမ်များက မြောင်းမြမြို့တွင် တစ်ခုပြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။

"အုတ်ဈေး၊ ကျောက်ဈေးနဲ့ သဲဈေးတွေက ဒီနှစ်ပိုင်းမှာ တက်ရိပ်ဖြစ်နေပါတယ်။ မနှစ်က အုတ်တစ်ချပ်ကို ငွေကျပ် ၄၀ ရှိခဲ့ပေမယ့် ဒီနှစ် ငွေကျပ် ၆၀ လောက်ဖြစ်လာတယ်။ ကျောက်စရစ်ဈေးကလည်း မနှစ်က ထော်လာဂျီတစ်စီးကို ငွေကျပ် ၁၄၀၀၀ ကနေပြီး ဒီနှစ် ငွေကျပ် ၁၇၀၀၀ အထိ တက်လာတယ်။ ဒါက လုပ်ခဈေးနှုန်းရော သယ်ဆောင်စရိတ်တွေပါ တက်ခဲ့လို့ဖြစ်ပါတယ်" ဟု အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်သူ ကိုသိန်းဌေးက ပြောပြသည်။

အုတ်များကို ဒေသအုတ်ဖုတ်လုပ်ငန်းများမှ ရေယာဉ်များဖြင့် သယ်ဆောင်ရပြီး သဲများကိုလည်း မြောင်းမြမြို့နယ်အတွင်း အလင်းတိုင်ရွာအနီး မြောင်းမြမြစ်အတွင်း ချောင်းများမှ စက်များဖြင့် စုပ်ယူကာ ဆိပ်ကမ်းအရောက် သယ်ဆောင်ရောင်းချခြင်းဖြစ်သည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အစကောင်းမိုးကြောင့် သီးနှံစိုက်ပျိုးထားသည့် တောင်သူများ နောက်မိုးမလိုက်လာ၍ စိုက်ခင်းများပျက်စီးခဲ့

နေပြည်တော် မေ ၂၉

တောင်သူလယ်သမားများနှင့် သီးနှံစိုက်တောင်သူများသည် ရာသီဥတုနှင့် အချိန်အခါကို စောင့်ပြီး စိုက်ပျိုးပါမှ သီးနှံများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည်။ ယခုအခါတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသူတောင်သူများ အခက်အခဲတွေ့ရကြောင်း သိရသည်။ ဧပြီလကုန်ပိုင်းတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ခန့် သဲကြီးမဲကြီး ရွာသွန်းခဲ့သောကြောင့် တောင်သူများသည် ပြောင်း၊ ပဲတီစိမ်း၊ စားပြောင်း စသည်တို့ကို သူ့ထက်ငါ အလုအယက် စိုက်ပျိုးကြပြီး နောက်မိုးမလိုက်လာ မိုးခေါင်နေသောကြောင့် အပင်များပေါက်ပြီး ပျက်စီးလျက်ရှိကြောင်း သိရသည်။ တချို့တောင်သူများသည် မိမိစိုက်ခင်းပျက်စီးမည်ကိုစိုးရိမ်သဖြင့် အဝီစိရေကို ရေစုပ်စက်များဖြင့် တင်၍စိုက်ပျိုးလျက်ရှိကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်သည် သီးနှံစိုက်ပျိုးလျက်ရှိသော မြို့နယ်တစ်မြို့နယ်ဖြစ်သည်။ ယခုလို မိုးရာသီတွင် မိုးမျှော်စိုက်ပျိုးသော သီးနှံများအဓိက စိုက်ပျိုးကြသည်။ ယခုနှစ် မိုးရာသီတွင် အဓိကအားဖြင့် စပ်မျိုးပြောင်းနှင့် ပဲတီစိမ်းများ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

"အစက မိုးကနှစ်ကြိမ်ခန့် ရွာတယ်။ ဒါကြောင့် တောင်သူတွေက ထွန်ယက်စိုက်ပျိုးကြတယ်။ အပင်တွေပေါက်လာတယ်။ နောက် မိုးမျှော်ရင်း မိုးက ထပ်မရွာတော့ဘူး။ အပင်ပေါက်တွေက ရေလိုနေတယ်။ တချို့က ရေစုပ်စက်တွေ၊ ရေတွင်းတွေရှိတော့ ရေလောင်းကြပါတယ်။ ရေလောင်းတော့လည်း မိုးရေနဲ့မတူဘူး။ အပူချိန်ကများတော့ အပင်ကဖြစ်ဖြစ်မြောက်မြောက်မရှိ၊ တချို့ဆို ရေမတိုက်နိုင်လို့ မိုးမျှော်ရင်းနဲ့ပဲ အပင်တွေသေကုန်တာ အများကြီးပါ။ ဒါကြောင့် ကျွန်တော်တို့ တောင်သူတွေ မိုးရွာသွန်းဖို့ကိုပဲ မျှော်နေပါတယ်" ဟု နွယ်ရစ်ကျေးရွာမှ စပ်မျိုးပြောင်းနှင့် ပဲတီစိမ်း စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောပြသည်။

သက်ထက်

သတင်းတိုများ

မဟာလောကရန်နိုမ်အောင်တော်မူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်

မန္တလေးချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော မဟာလောက ရန်နိုမ်အောင်တော်မူ စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်တော်အတွင်းရှိ စေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မေ ၂၄ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က အဆိုပါစေတီတော် ရင်ပြင်တော်ရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ ကျင်းပသည်။ အခမ်းအနားတွင် နံနက် ၈ နာရီ ၁၀ မိနစ်က စိန်ဖူးတော်တင်လှူပူဇော်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိတ်သွန်းတော်မူကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ရွှေတိဂုံစေတီတော်သို့ မီးသတ်ဆေးဘူးများလှူဒါန်း

ရွှေတိဂုံစေတီတော်၌ အသုံးပြုရန် စင်ကာပူနိုင်ငံရှိ MULTRON Systems Pte., Ltd.& S.T Engineering Consultant Company နှင့် Sein Myo Myat Co., Ltd (S.M.M) တို့ ပူးပေါင်း၍ စင်ကာပူနိုင်ငံမှ ထုတ်လုပ်သော MULTRON BRAND မီးသတ်ဆေးဘူးများ လှူဒါန်းပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက စေတီတော်ရင်ပြင် တောင်ဘက် ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ အလှူရှင်များကိုယ်စား Sein Myo Myat Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဝင်းက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးမြင့်အုန်းထံ 2 kg ဘူး ၁၅၀ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသဂြိုဟ်စက်ရေစက်ချလှူဒါန်း

မုဒုံမြို့ မေတ္တာကာရီနာရေးကူညီမှုအသင်း၏ ဦးဆောင်စည်းရုံးမှုဖြင့် အလှူရှင်များ၊ မြို့မိမြို့ဖများ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၂၀၀ ခန့်ဖြင့် တည်ဆောက်ပြီးစီးသွားသည့် ခေတ်မီမီးသဂြိုဟ်စက်နှစ်လုံး ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် မေ ၂၇ ရက် နံနက် ၁၀ နာရီခွဲက မုဒုံမြို့မြန်မာသုသာန်ရှိ အဆိုပါ ခေတ်မီမီးသဂြိုဟ်စက်အဆောက်အအုံ၌ ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ရေစက်ချလှူဒါန်းသည်။ မီးသဂြိုဟ်စက်နှစ်လုံးနှင့်အတူ မီးသဂြိုဟ်စက်အဆောက်အအုံ၊ နားနေဆောင်၊ ဇရပ်နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ၊ မီးစက်၊ ယာဉ်ရပ်နားရာနေရာ၊ လျှပ်စစ်အအေးသေတ္တာ၊ ရေအိမ်တို့ပါဝင်တည်ဆောက်ထားသည်။ အဆိုပါမီးသဂြိုဟ်စက်နှစ်လုံးကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်တွင် စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက် လမ်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား
၁။	ခွဲကျောက်မျိုးစုံ
၂။	အုတ်
၃။	ချောင်းသဲ

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၀-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၂-၆-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၃-၆-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၃-၂၃၀၅၃၊ ၂၅၈၈၆

အမည်ပြောင်း

ဦးနိုင်လင်းအောင်၏သမီး တာချီလိတ် အထက၊ ဒုတိယတန်းမှ မမေသူအောင်(ခ) မဂူဂူးအား မရွှေလင်းအိမ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။
မရွှေလင်းအိမ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲနှင့် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဆောက်လုပ်မည့်ပုံစံ အသေးစိတ်တို့ကို ၂၇-၅-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၀-၆-၂၀၁၄ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန၊ ပစ္စည်းထိန်းဌာနစိတ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတိုးချဲ့ဆောင် ရုံးအဆောက်အအုံ ၄၀'×၃၅' RC နှစ်ထပ် အဆောက်အအုံတစ်ဆောင်၊ (၈)အဆင့်မြို့နယ်ဥပဒေရုံးများဖြစ်သော လေရှီးမြို့နယ်ဥပဒေရုံး၊ တန့်ဆည်မြို့နယ်ဥပဒေရုံး၊ အင်းတော်မြို့နယ်ဥပဒေရုံးများတွင် ၃၀'×၂၅' နံကပ် တစ်ထပ် အဆောက်အအုံ (၃)ရုံး၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၃၅စုံနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂-၆-၂၀၁၄ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင်ရယူ၍ အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂-၆-၂၀၁၄ရက်မှ ၃၀-၆-၂၀၁၄ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး နန္ဒဝန်ရပ်၊ မုံရွာမြို့၊

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ဖုန်း-၀၇၁-၂၄၃၆၆၊ ၂၄၃၂၁၊ ၀၉-၄၀၀၄၆၈၇၉၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မုံရွာမြို့



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1667 HNIN S/TRUCK (2) Ton (HTS-001) LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်းထွန်း ၈/ရနခ(နိုင်)၀၉၂၅၅၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျောင်းပြောင်းကျောင်းရွှေ့ကိစ္စတွေပါ အဆင်ပြေအောင်ဆောင်ရွက်ပေးနေ

တပ်ကုန်း မေ ၂၈

ယခုနှစ် ကျောင်းအပ်နှံရေး သီတင်းပတ်၏ စတုတ္ထမြောက်ဖြစ်သည့် မေ ၂၈ ရက်တွင်လည်း နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ တဖွဲဖွဲလာရောက် အပ်နှံနေသည့် ကျောင်းသား မိဘများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ကျောင်းအပ်နှံမှုနှင့်ပတ်သက်ပြီး တပ်ကုန်းအထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဝင်းအား သွားရောက်စေ့ငုမေးမြန်းကြည့်ခဲ့ရာ "ကျွန်မတို့ကျောင်းအနေနဲ့ ကျောင်း

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်လွင်

အပ်နှံမှုကို မေ ၂၅ ရက်ကပဲ စတင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တစ်ကြိမ် လက်ခံဆောင်ရွက်ပေးပါတယ်။ မူလတန်းနဲ့ အလယ်တန်းအဆင့်က အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်နဲ့ထောက်ပံ့ကြေးငွေကျပ် ၁၀၀၀ စီ ထုတ်ပေးပါတယ်။ အခမဲ့ပညာရေးဖြစ်တဲ့အတွက် လာရောက်အပ်နှံကြတဲ့ ကျောင်းသားမိဘတွေအနေနဲ့ ဝမ်းမြောက်ကြည်နူး ကြတာမြင်ရတော့ စိတ်ချမ်းသာပါတယ်။ ကျွန်မတို့ကျောင်းမှာ ယနေ့အထိ လာရောက်အပ်နှံတဲ့ ကျောင်းသား ကျောင်းသူဦးရေမှာ မူလတန်းအဆင့် ၅၈၁ ဦး၊ အလယ်တန်းအဆင့် ၁၅၁၅ ဦး၊ အထက်တန်းအဆင့် ၅၀၅ ဦး ရှိသွားပါပြီ။ နောက်ထပ်ရက်တွေ ကျန်သေးတော့ ဘယ်လောက်အထိ ထပ်ရောက်မယ်ဆိုတာတော့ မခန့်မှန်းနိုင်သေးပါဘူး။ ပြီးခဲ့တဲ့နှစ်က ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၁၅ ဦးရှိပါတယ်။ ဒီနှစ်က ပိုများလာမယ့်အနေအထားရှိပါတယ်။ နောက်ပြီး ကျောင်းအပြောင်းအရွှေ့လာ လုပ်တဲ့ ကျောင်းသား မိဘတွေအတွက် ကျွန်မတို့အနေနဲ့အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါတယ်။ ငွေကြေးတစ်ပြားမှ ကောက်ခံမှုမရှိပါဘူး" ဟု ပြောပြသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင် ဆောင်ရွက်ပေး"ဟူသည့် ကျောင်းအပ်နှံရေး ဆောင်ပုဒ်အတိုင်း ယခုနှစ်တွင် အသက် ငါးနှစ်ပြည့်ပြီးသည့် ကလေးတိုင်းကျောင်းပညာ သင်ကြားနိုင်ရေး လူထုလှုပ်ရှားမှုတစ်ရပ် အနေဖြင့် ပိုမိုထူးခြားစွာ နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မူလတန်းနှင့်အလယ်တန်းအခမဲ့ ပညာသင်ကြားရေးစနစ်ကြောင့် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းမထားနိုင်သည့်မိဘများအနေဖြင့်လည်း ဝမ်းသာပီတိများဖြစ်ပေါ်လျက်ရှိသည်။

ရပ်ကွက်အနီး ကျောက်မိုင်းခွဲမှု တားမြစ်ပေးရန် ပြည်သူများလိုလား

လားရှိုး မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရပ်ကွက်(၁၁)နယ်မြေ(၇) အောင်စေတနာရပ်ကွက်အနီး ကျောက်မိုင်းခွဲနေမှုကို တားမြစ်ပေးစေလိုကြောင်း အောင်စေတနာရပ်ကွက်နေ ပြည်သူများက ပြောကြားကြသည်။

အဆိုပါ ရပ်ကွက်မှာ လားရှိုးမြို့ ရှောင်လမ်းအသစ်နှင့် လားရှိုးဂေါက်ကွင်းအကြားရှိ တိုးချဲ့ရပ်ကွက်သစ်တစ်ခုဖြစ်ပြီး သဘာဝကျောက်တောင်များ၊ ကျောက်တုံးများ၊ သစ်တောစိုက်ခင်းများရှိကာ လားရှိုး-နမ္မတူ လမ်းဘေးတွင် တည်ရှိကြောင်း၊ လားရှိုးမြို့ပေါ်ရှိ တိုးချဲ့ကွက်သစ်များအနက် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော ရပ်ကွက်တစ်ခုဖြစ်ကြောင်း၊ အိမ်ကြီးအိမ်ကောင်း အများအပြားရှိကြောင်း သိရသည်။

အောင်စေတနာရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ရပ်ကွက်က ကျောက်တောင်ကြီးတွေရှိတာရယ်၊ တောတောင်တွေရှိတာရယ်ကြောင့် လှပအေးချမ်းတဲ့ ရပ်ကွက်ဖြစ်ပါတယ်။ သို့ပေမယ့် ဧပြီလကစပြီး ရပ်ကွက်အနီးက ကျောက်တောင်ကို မိုင်းခွဲဖြိုတယ်၊ တစ်ရပ်ကွက်လုံး တုန်လှုပ်သွားတယ်၊ ကျောက်တောင်နားက အိမ်တွေဆို ပိုပြီးလှုပ်တယ်၊ ပြီးတော့ တစ်ရက်ကို ကျင်း ၆၀ ကျ ကျောက်ခွဲစက်ကြီးကို ရပ်ကွက်လမ်းမီးတိုင်တွေက တစ်ဆင့်ယူပြီးသုံးနေတော့ ရပ်ကွက်ထဲမှာ မီးအားနည်းတဲ့ ပြဿနာ၊ မီးအတက်အကျဖြစ်တဲ့ ပြဿနာ ရှိတယ်၊ ဒါကြောင့် ရပ်ကွက်ပြည်သူတွေက အစည်းအဝေးတစ်ခု ပြုလုပ်ပြီး သက်ဆိုင်ရာကို တင်ပြဖို့ အစီအစဉ်ရှိပါတယ်၊ ရပ်ကွက်နေပြည်သူတွေဆီက လက်မှတ်တွေ စုပြီး တင်ပြမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါရပ်ကွက်တွင် နေသူ အသက် ၆၀ ခန့်ရှိ အမျိုးသမီးတစ်ဦးကလည်း "ကျွန်မနှလုံးမကောင်းလို့ ဆေးသောက်နေရသူပါ၊ ဝန်ထမ်းပင်စင်စားပါ၊ အိမ်နားမှာ မိုင်းခွဲသံကြားလိုက်ရတော့ ကျွန်မအလွန်လန့်သွားပါတယ်၊ တုန်ခါသွားတော့ အိမ်ပြိုမှာ၊ မှန်တံခါးတွေကွဲမှာ စိုးရိမ်နေရပါတယ်၊ ကျွန်မကလမ်းသွယ်(၁၀)မှာဆိုတော့ ကျောက်မိုင်းခွဲတဲ့နေရာက လမ်းသွယ်(၉) ထိပ်ဘက်မှာဖြစ်နေတယ်"ဟု ပြောသည်။

နောက်ထပ် ရပ်ကွက်နေသူတစ်ဦးကလည်း တောင်ကုန်းများ၊ သစ်ပင်များ၊ တောအုပ်များ၊ ကျောက်တောင်ကြီးများက သဘာဝအလှတရားကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက် စီးပွားရေးအတွက် သဘာဝတရားကို မဖျက်စေချင်ပါကြောင်း၊ လှပနေသည့် ကျောက်တောင်ကြီးများကို မဖျက်ဆီးသင့်ကြောင်း ပြောသည်။

ကျောက်မိုင်းခွဲသည့် ကျောက်တောင်များအောက်တွင် ခိုက်ရှန်ရွာသွားသည့် လမ်းရှိရာ တောင်ယာသွားလုပ်ရသူများက အဆိုပါလမ်းလေးကို အသုံးပြုပြီး သွားလာနေရကြောင်း၊ ကျောက်မိုင်းခွဲသည့်နေ့တွင် လမ်းပေါ်ကို ကျောက်တုံးကြီးများ ကျလာရာလမ်းပေါ် ဖြတ်သွားသူပေါ် ကျလျှင်သေနိုင်ကြောင်း၊ တောင်ယာသွားရန် အခြားလမ်းလည်း မရှိကြောင်း တောင်ယာလုပ်ကိုင်သူ တစ်ဦးက ပြောကြားသည်။

မမ(လားရှိုး)

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

မင်းဘူး မေ ၂၉

မင်းဘူး(စကု)မြို့နယ် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ဗိုလ်မှူးကြီးမျိုးသန့် ဦးစီးသော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ အထောက်အကူပြု ယာဉ်များဖြင့် ဒေသခံပြည်သူများအား မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျန်းမာရေးစစ်ဆေးကုသပေးသည်။

မင်းဘူး(စကု)မြို့နယ် ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်ရန် ဗိုလ်ကြီးဟန်မိုးဇော် ဦးဆောင်သောအဖွဲ့တစ်ဖွဲ့နှင့် ဗိုလ်ကြီး သန်းထိုက်ဦးဆောင်သောအဖွဲ့(၂)ဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ ကျေးရွာများတွင် အခြေတည်၍ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသခဲ့သည်။ **(အပေါ်ပုံ)**

နယ်လှည့် အထူးကုဆေးအဖွဲ့သည် အထွေထွေရောဂါ၊ အရိုးအကြော၊ မျက်စိ၊ သွား၊ သားဖွားမီးယပ်၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကို ရှာဖွေခြင်း၊ ကုသခြင်း၊ ခွဲစိတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူဝေဒနာရှင် အမျိုးသား ၂၀၅၁ ဦးနှင့် အမျိုးသမီး ၂၇၅၆ ဦး စုစုပေါင်း ၄၈၀၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

သူရထွန်း(မကွေး)

မိုင်းဆတ်၌ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်

မိုင်းဆတ် မေ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၏ ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဦးက ဒေသန္တရစီမံကိန်းတာဝန် ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်လတ်တို့က ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

သန်းဇော်(iprd)

ကိုယ်တွင်းရောဂါများ၊ အဖုအကြိတ်များ အကြောအဆစ်ရောဂါများအတွက် လိမ်းနိုင်/သောက်နိုင်သည့် ဒေါ်ဝါဝါ (ခရိုင်တိုင်းရင်းဆေးမှူး)၊ မြိတ်ခရိုင်မှ ကိုယ်တိုင်ထုတ်လုပ်သည့် မြိတ်ဒေသထွက်၊ ၁၀၀% သန့်ရှင်းစစ်မှန်သည်

ကမ်းဇော်ဆီ စစ်စစ်ရပြီ

လက်လီ/လက်ကား ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်

အမှတ် (ဂ)၊ ပန်းဝတ်ရည်လမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့၊ ဖုန်း-၀၉-၈၇၆၀၂၄၀၊ ၀၉-၄၂၂၁၉၃၇၃၆၊ ဂန္ဓာရုံဆေးတိုက်၊ အမှတ်(၂၄)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၅၁၄၉၊ ဒေါ်ဝင်းဝင်းခိုင်၊ ငွေစင်ယော်ဆောင်၊ မြောက်ပြင်ရပ်၊ တိုင်းရင်းဆေးတက္ကသိုလ်အနီး၊ အောင်မြေသာဇံမြို့နယ်။ မန္တလေးမြို့၊ ဖုန်း-၀၉-၄၂၂၁၉၃၇၃၅

၁၇-၅-၂၀၁၄ ရက်စွဲပါ ဦးရန်နိုင်မျိုးနှင့် တရားလွှတ်တော်ရှေ့နေ ရန်ကုန်ဦးစိုးမြင့် (စဉ်-၂၅၈၅)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်ကို အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရန်အောင် ၁၂/မရက(နိုင်)၁၃၈၀၄၃ အမှတ် ၂၄၊ သန့်ဇင်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြစ်ရပ်မှန်ကို အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရန်အောင်က သားရင်းသမီးရင်းများနှင့် ကိတ္တိမမွေးစားသားသမီးများအား ဖခင်၏မွန်မြတ်သောစိတ်ရင်းစေတနာဖြင့် သက်ရှိထင်ရှားရှိနေစဉ် မိသားစုအမွေပုံ စီမံမှုဖြင့် မိမိပိုင်ပစ္စည်းများအား ခွဲဝေပေးရန် မှတ်တမ်းပြုလုပ်ဆောင်ရွက်ခဲ့သည်မှာ မှန်သော်လည်း အပြီးအပိုင်လက်ရောက်ပေးအပ်ရန် ဆောင်ရွက်နေဆဲဖြစ်ပြီး လက်ရောက်ပေးအပ်ခဲ့ရခြင်းမရှိသေးကြောင်းသိရှိရပါသည်။

အဆိုပါမိသားစု စီမံမှုမှတ်တမ်းအရ ဦးရန်အောင်က မြေးဖြစ်သူ ဦးရန်နိုင်မျိုးအား အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။ သို့သော်လည်း ဦးရန်နိုင်မျိုးသည် ဦးရန်အောင်က အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ပြီးသည့်ရက် နောက်ပိုင်းမှစ၍ ဦးရန်အောင် ကိုယ်စားဆောင်ရွက်မှုတစ်စုံတစ်ရာကိုမျှ ပြန်လည်ရှင်းလင်းအသိပေးခဲ့ခြင်းလုံးဝမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဦးရန်အောင်က ဦးရန်နိုင်မျိုးအား ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း ၁၄-၅-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာခဲ့ခြင်းဖြစ်ပါသည်။

ဦးရန်နိုင်မျိုးသည် မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးရာတွင် အမွေလက်ခံရရှိသူ မဟုတ်ပါ။ ဦးရန်အောင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူအနေဖြင့် မိသားစုအမွေပုံစီမံခန့်ခွဲမှု မှတ်တမ်းပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဆိုပါက အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးသူအားအသိပေးဆောင်ရွက်ရမည်ဖြစ်သော်လည်း တစ်စုံတစ်ရာကိုမျှ အသိပေးဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့မိတ်ဆွေ ဦးရန်အောင်က မိသားစုစီမံမှုဖြင့် သားရင်းသမီးရင်းများအား အမွေခွဲဝေလက်ရောက်ပေးအပ်ရခြင်းမရှိသေးမီ ဖခင်ပေးအပ်သည့်အမွေကိုရယူမည့် သမီးရင်း ဒေါ်မြင့်မြင့်ကြည်က ဖခင်အရင်း ဦးရန်အောင်နှင့် အတူနေ ကိတ္တိမသမီး ဒေါ်နုနုဆွေတို့အပေါ် ပြစ်မှုကြောင်းအရ မရမ်းကုန်းမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်ထားသဖြင့်ရင်ဆိုင် ဖြေရှင်းနေရကြောင်းလည်းသိရှိရပါသည်။ သို့ဖြစ်၍ သားရင်းသမီးရင်းများအား မိသားစုစီမံမှုဖြင့် အမွေပေးအပ်ရန် ဆန္ဒမရှိတော့ကြောင်း ဦးရန်အောင်၏ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးရန်အောင်က ဦးရန်နိုင်မျိုးအား လွှဲအပ်ထားသောအထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၄-၅-၂၀၁၄ ရက်က ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့ပြီးဖြစ်၍ နောက်နောင် ဦးရန်နိုင်မျိုး၏ ဆောင်ရွက်သည့်ကိစ္စအရပ်ရပ်သည် ဦးရန်အောင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် မည်သူမျှ ဦးရန်အောင်၏ အတိအလင်း သဘောတူခွင့်ပြုချက်မရရှိဘဲ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် ၂/ခ[၂]+ ၂/ခ[၁ ဘီ]၊ မြေအမျိုးအစား ဘီ၊ လ/န ၃၉၊ ဘိုးဘွားပိုင်မြေ၊ ဧရိယာ ၀ ဒသမ ၃၂၁ ဧက မြေကွက်နှင့်ပတ်သက်၍ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မောင်စိုး
အထက်တန်းရှေ့နေ
ရုံး- အမှတ်၅၀၊ အခန်း အေ-၁၄၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၁၆၈၄

ဦးစိုးသိန်း
တရားလွှတ်တော်ရှေ့နေ

ဦးညီညီစိုး
တရားလွှတ်တော်ရှေ့နေ
အိမ်- တိုက် ၁၇၊ အခန်း ၁၊ ကြို့ကုန်းရိပ်သာ၊ကြို့ကုန်း အနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၃၁၇၃၉၆၃

အဓိပတိ Law Firm
အမှတ် ၅၅၊ အခန်း ၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ကျိုင်းတုံမြို့နယ်၊ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်မိုင်(အရှေ့)တိုးချဲ့ကွက်သစ်တွင် မြေကွက်အမှတ် [ဝမ(အရှေ့)၁၈၃] အကျယ်အဝန်း ပေ(၄၀×၆၀) ၀ ဒသမ ၀၀၅ ဧကကို လက်ရှိပိုင်ရှင်ဦးသန့်ဇင်အောင် ၁၃/ဒဂန(နိုင်)၀၀၀၃၈၉ ထံမှ ဝယ်ယူရန် စရန်ငွေကို ကျွန်ုပ်မှပေးချေထားပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်နန်းစံတစ် ၁၃/ကတန(နိုင်)၀၀၄၀၈၂
ဆောက်လုပ်ရေးဝင်း၊ ကျိုင်းတုံမြို့
ဖုန်း-၀၉-၄၃၁၂၅၈၀၀

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် (၂)၊ မြေကွက်အမှတ် ၁၀၃၁၊ အမည်ပေါက် တသ-အောင်မြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးစိုးဝင်း ၁၂/ရပသ (နိုင်) ၀၃၇၁၄၄ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ် စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၂၄၀၇ အမည်ပေါက် ဒုတက-စိန်ဝင်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းရီ ၁၂/မဂတ(နိုင်)၀၇၆၆၁၅ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်မူရင်းနှင့်အရောင်းအဝယ်စာချုပ်မူရင်းများ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကြက်တန်းကုန်းရွာ ကမ်းပါးပြိုမှု အန္တရာယ်ကြုံတွေ့နေ

ပခုက္ကူ မေ ၂၉

ဧရာဝတီမြစ်ကူး(ပခုက္ကူ)တံတားကြီးအောက် ပခုက္ကူမြို့ဘက်ကမ်း၌ တည်ရှိသည့် ပခုက္ကူနှင့် နှစ်မိုင်ခန့်အကွာ ကျွန်းညိုကြီးကျေးရွာအုပ်စု အိမ်ခြေ ၇၅အိမ်ခန့်ရှိသော ကြက်တန်းကုန်းရွာ (စပယ်ကုန်း)လေးတွင် ဧရာဝတီမြစ်ရေ ဦးတိုက်မှုကြောင့် ကဆုန်လပြည့်ကျော် ၃ ရက်က အိမ် ၁၀လုံးမြေနေရာ မြစ်ကမ်းပါးပြိုမှုထဲ ပါသွားကြောင်း လူအသေအပျောက်မရှိကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုမှုကို သတင်းရလျှင်ရချင်း ပခုက္ကူမြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သံဃာတော်များက သွားရောက်၍ နေအိမ်များကို ကူညီဖျက်သိမ်း ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ ဗောဓိမဏ္ဍိုင်ဆရာတော်နှင့် သံဃာတော်များက ရေဘေးဒုက္ခသည် အိမ်ထောင်စု ၁၀ စုကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀နှုန်းနှင့် အဝတ်အထည်များ လှူဒါန်းကူညီခဲ့သည်။

"အခုရက်ပိုင်းတွေက ရေဦးမတိုက်တဲ့ရက်တွေပါ။ နယုန်လဆန်း ၁၃၊ ၁၄ ရက်ကစပြီး ဝါခေါင်၊ တော်သလင်းအထိ မြစ်ရေတက်လာတော့မှာပါ၊ ရေဦးလည်း တိုက်လာတော့မှာပါ၊ အဲဒီအချိန်ကျရင် ကျွန်တော်တို့ရွာကလေး မြစ်ရေထဲပါသွားမှာ စိုးရိမ်ရပါတယ်"ဟု ကြက်တန်းကုန်း ရွာသားတစ်ဦးက ပြောသည်။

ကြက်တန်းကုန်းရွာကလေးသည် တောင်ယာလုပ်ငန်း လုပ်ကိုင်စားသောက်မှုနည်းပါးပြီး နေထိုင်သော ခြံဝင်းထဲတွင်သာ ဥယျာဉ်ခြံလုပ်ငန်းနှင့် အာဆီယံသပြေများ စိုက်ပျိုး၍ ရပ်တည်နေရသည့် ရွာကလေးဖြစ်သည်။ လူငယ်လူရွယ်များကမူ မြို့တက်၍ဖိနပ်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ကြုံရာကျပန်းလုပ်ကိုင်ကြရသည်။ ဘုန်းတော်ကြီးကျောင်း မရှိ၊ မူလတန်းစာသင်ကျောင်း မရှိ၊ တစ်နေ့လုပ်မှတစ်နေ့စားရသည့် ရွာကလေးဖြစ်သည်။

"တာဝန်ရှိသူတွေကတော့ ပခုက္ကူကွန်ပျူတာတက္ကသိုလ်နဲ့ ငါးဖောင်ကန်ရွာကြား နေရာပေးမယ်လို့ပြောတယ်။ အဲဒါကလည်း ရေဘေးကြုံနေရတဲ့ ၁၀ အိမ်ကိုပဲ ပေးမယ်လို့ ပြောတယ်။ ဧရာဝတီမြစ်ရေ ကျွန်တော်တို့ရွာဘက်ကို ဦးတိုက်နေသမျှ ကျွန်တော်တို့တစ်ရွာလုံး ရေဘေးကြုံရမှာပါ၊ အခုလို ရေဘေးကြုံတွေ့တာဟာ ဒုတိယအကြိမ်ပါ၊ ပထမ မူလရွာက ဧရာဝတီမြစ်အလယ်ကောင်မှာ ကျန်ခဲ့ပါပြီ။ ရက်ပိုင်းအတွင်း ပေ ၆၀၀ ခန့် ကမ်းပါးပြိုပြီး နေအိမ် ၁၀ လုံးမြေနေရာပါသွားတာ အဲဒီတော့ တစ်ရွာလုံးကို ပြောင်းရွှေ့ဖို့လိုပါတယ်။ ဝယ်စရာငွေလည်းမရှိတော့ အချို့အိမ်တွေ ကမ်းပါးပြိုတာကို သိလျက်နဲ့ နေနေကြရတယ်"ဟု ကြက်တန်းကုန်းရွာသား ဆရာတော် ဦးဝိသုတက မိန့်ကြားသည်။

မြေပိုင်ယာပိုင်မရှိသလောက် ရှားပါး၍ မြစ်ကမ်းပါးပြိုမှုကြောင့် လုပ်ကိုင်စားသောက်မှုနှင့် နေရေးအခက်အခဲများ ကြုံတွေ့နေရသော ကြက်တန်းကုန်းရွာကလေးသို့ ကူညီလှူဒါန်းမည်ဆိုပါက ဆရာတော် ဦးဝိသုတ ဖုန်း ၀၉-၄၂၅၂၇၂၈၈၆၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လင်း ၀၉-၄၀၁၅၀၉၁၅၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သမီးအိမ့်**

မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ရောင်းစားခဲ့သူနှစ်ဦးအား အရေးယူ

လားရှိုး မေ ၂၉

မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့သူနှစ်ဦးကို အမှုဖွင့်လိုက်ပြီဖြစ်ကြောင်း လားရှိုးမြို့ရှိ အမှတ်(၁၆)လူကုန်ကူးတားမြစ်ရေး ရဲတပ်ဖွဲ့စုထံမှ သိရသည်။

အမှုဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် သိန်းနီမြို့နေ မ--- (၂၁နှစ်)ကို ၎င်း၏ခင်ပွန်းနှင့် ဆွေမျိုးတော်စပ်သည့် မအားလင်(၃၉ နှစ်)က အလုပ်ရမည်ဟုဆိုကာ ယုံကြည်အောင်ပြောဆိုပြီး မူဆယ်စက်လှေဆိပ်ခိုးပေါက်မှတစ်ဆင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ခေါ်ဆောင်သွားကြောင်း၊ တရုတ်နိုင်ငံပေါက်ရှန်းမြို့ အနီးကျေးရွာတစ်ရွာမှ တရုတ်အမျိုးသားထံယွမ်ငွေ ၂၂၀၀၀ ဖြင့် ရောင်းစားလိုက်ရာ တရုတ်မယားအဖြစ် ၁၁ လကြာ ပေါင်းသင်းခဲ့ရကြောင်း၊ ထိုမှထွက်ပြေးလာစဉ် တရုတ်နိုင်ငံအတွင်း အမည်မသိရွာတွင် မြန်မာအမျိုးသမီး လင်းလင်းဆိုသူနှင့်တွေ့ပြီး အကူအညီတောင်းခံရာ မလင်းလင်းက တရုတ်နိုင်ငံ ဟယ်နန်ပြည်နယ် ကျူမာတင်မြို့သို့ ခေါ်ဆောင်ခဲ့ပြီး ကျေးရွာတစ်ရွာမှ ကျန်ဟဲဆိုသူ တရုတ်အမျိုးသားထံ ယွမ် ၃၃၅၀၀ ဖြင့် ထပ်မံရောင်းစားခဲ့ရာ ခြောက်လကြာပေါင်းသင်းပြီးနောက် ထွက်ပြေးလာခဲ့စဉ် ကျူမာတင်မြို့တွင် တရုတ်ရဲများက ဖမ်းဆီးလိုက်ကြောင်း၊ နှစ်နိုင်ငံ လူကုန်ကူးတားရဲတပ်ဖွဲ့ချင်းချိတ်ဆက်ကာ မေ ၁၈ ရက်က မူဆယ်မြို့နန်းတော်ဝင်/ထွက်ပေါက်တွင် မ---အား မူဆယ်မြို့ရှိ လူကုန်ကူးတားမြစ်ရေးအဖွဲ့ထံ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

မ----အား တရုတ်မယားအဖြစ် အဓမ္မ လက်ထပ်ထိမ်းမြားစေခဲ့သူ မအားလင်(၃၉ နှစ်)နှင့် မလင်းလင်းတို့နှစ်ဦးအပေါ် အမှတ်(၁၆)လူကုန်ကူးတားမြစ်ရေးရဲတပ်ဖွဲ့စုက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မမ(လားရှိုး)

မှုခင်းသတင်းတိုများ

ဆီသိုလှောင်ရုံစစ်ဆေးရာ ရေအပြည့်ထည့်ထားသော ဆီတိုင်ကီများဖြစ်နေခြင်းကြောင့် အရေးယူ

အိမ်မဲမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန မြို့မဆီသိုလှောင်ရုံတွင် ထားရှိသော ဆီတိုင်ကီများကို သက်ဆိုင်ရာက စစ်ဆေးရာ ရေတိုင်ကီများဖြစ်နေ၍ တာဝန်ရှိသူများကို အရေးယူထားကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြောင်းမြခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန ဦးစီးမှူး ဦးဌေးကြိုင် (၄၈နှစ်)သည် တာဝန်ရှိသူများနှင့် အတူ အိမ်မဲမြို့နယ် မြို့မဆီသိုလှောင်ရုံ၌ ထားရှိသော ဒီဇယ်ဆီ ၁၁၈၅၄ ဒသမ ၂၆ ဂါလန်ကို စစ်ဆေးကြည့်ရှုရန် သွားရောက်ခဲ့ကြရာ အိမ်မဲမြို့နယ် စက်သုံးဆီသိုလှောင်ရုံတာဝန်ခံ စောဝင်းထိန်(၅၁ နှစ်) ဒုလက်ထောက်ဦးစီးမှူး ထိန်ငူကျေးရွာ အိမ်မဲမြို့နယ်နေသူသည် ကြိုတင်အသိပေးထားရှိသော်လည်း ရောက်ရှိလာခြင်းမရှိသဖြင့် ခရိုင်ဦးစီးမှူး ဦးဌေးကြိုင်နှင့် တာဝန်ရှိသူများက အသိသက်သေများနှင့်အတူ သိုလှောင်ရုံအတွင်းရှိ ဆီတိုင်ကီများကိုဖွင့်ဖောက်စစ်ဆေးကြရာ အပေါ်ယံဒီဇယ်ဆီ တစ်လက်မခန့်သာရှိသော ရေတိုင်ကီများဖြစ်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် မေ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် ခရိုင်ဦးစီးမှူးဦးဌေးကြိုင်က ဌာနဆိုင်ရာ ဒီဇယ်ဆီများကို အလွဲသုံးစားပြုလုပ်သော သိုလှောင်ရုံ တာဝန်ခံစောဝင်းထိန်နှင့် ထိန်းသိမ်းကွပ်ကဲရန် တာဝန်ရှိသူ မြို့နယ်ဦးစီးမှူး ဦးမြင့်ဆွေ (၅၈ နှစ်) စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အိမ်မဲမြို့နေသူတို့ကို အရေးယူပေးပါရန် တိုင်တန်းချက်အရ အိမ်မဲမြို့မရဲစခန်းက အမှုဖွင့်၍ ဦးမြင့်ဆွေကို ဖမ်းဆီး စစ်ဆေးလျက်ရှိပြီး ဂိုဒေါင်တာဝန်ခံစောဝင်းထိန်ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်-လုကြည်

ယာဉ်နောက်လိုက်တစ်ဦး စပါးခွံအိတ်နှင့်အတူ ပြုတ်ကျခဲ့ရာမှ သေဆုံး

မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာအုပ်စု ကံကုန်းကျေးရွာနေ ယာဉ်မောင်းဇော်ဇော် (၃၀ နှစ်) မောင်းနှင်သော 7G/---- အီစူးဇူးအဖြူရောင်ကားဖြင့် စပါးခွံအိတ်များ တင်ဆောင်၍ ယာဉ်နောက်လိုက် ကျော်ကျော် (၃၉ နှစ်)နှင့်အတူ ပုသိမ်-မြောင်းမြကားလမ်းအတိုင်းမောင်းနှင်လာကြရာ ပုသိမ်-မြောင်းမြကားလမ်း မိုင်တိုင်အမှတ် (၁၇/၅) နှင့် (၁၇/၆) အကြား၌ စပါးခွံအိတ်ပေါ်လိုက်ပါလာသူ ယာဉ်နောက်လိုက် ကျော်ကျော်သည် စပါးခွံအိတ်နှင့်အတူပြုတ်ကျသွားရာ ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။ ထို့ကြောင့် မေ ၂၅ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ရဲအုပ်စိုးမင်း၏တိုင်တန်းချက်အရ ကျိုက်လတ်နယ်မြေရဲစခန်းက ယာဉ်မောင်းဇော်ဇော်ကို ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ပုသိမ်-လုကြည်

အမည်ပြောင်းလဲခြင်း

ဦးကျော်စိုးမိုး ၁၀/မလမ(နိုင်)၀၀၀၃၀၀- ဒေါ်ရီရီလွင် ၁၀/ခစန(နိုင်)၀၅၈၇၅၃တို့၏သား ဇမ္ဗူသီရိမြို့ အထက(၇)၊ပဥ္စမတန်း(က)မှ မောင်ဘုန်းပြည့်ဟိန်းအား မောင်ကောင်းဆက်လွင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဆက်လွင်**

အမည်ပြောင်းလဲခြင်း

ဦးထက်လဝင်း ၁၄/ပသန(နိုင်)၁၅၃၀၄၈၊ ဒေါ်သန္တာဇော်ဝင်း ၅/ကလထ (နိုင်)၁၂၃၄၂၅ ၏သား ဇမ္ဗူသီရိမြို့၊ အထက(၅) ပထမတန်း(က)မှ မောင်ချမ်းကိုကိုအား မောင်ကျော်နေမျိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်နေမျိုးထက်**

တစ်ဦးတည်းဖြစ်ပါကြောင်း

သံတောင်ကြီးမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးစောအက်ကော့၏သမီး နော်ဂျူးအယ်လ် (ခ) နော်သင်းသင်းထွေး ၃/သတန(နိုင်)၀၀၇၅၄၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **နော်ဂျူးအယ်လ်(ခ)နော်သင်းသင်းထွေး**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဟံသာဝတီ ၂၁ လမ်း၊ မြေကွက်အမှတ်(၁၀၈/က)၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးရွှေစောအောင် ၇/မလမ(နိုင်)၀၄၀၉၃၁ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွဋ် ၁၂/ဥကတ(နိုင်)၀၅၅၄၉၈မှ မိမိပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော 5 SPEED Co.,Ltd. ထံသို့ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ 5 SPEED Co.,Ltd. မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

5 SPEED Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ်(၈၆၅)၊ သရေခေတ္တရာ ၂၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄
၀၉-၅၄၀၂၀၂၀၊ ၀၉-၇၃၀၁၄၈၀၀၊ ၀၁-၅၆၄၀၇၅၊ ၀၉-၄၂၁၁၀၀၂၀၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောင်းမြခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅

ဗိုလ်မှူးထွန်းရှင်(ငြိမ်း) **နှင့်** ဦးဝင်းလှိုင်(ဘ)ဦးသောင်းကြည်
လ/ထအထွေထွေမန်နေဂျာ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမျိုးအောင်)
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
တရားလို **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးဒေါင့်မြို့နယ်၊ ကျီးတောကျေးရွာအုပ်စု၊ လှည်းကျိုးကျေးရွာနေသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းမှ လယ်ယာသုံးဓာတ်မြေဩဇာအိတ် ၆၅၈အိတ်၊ ထုတ်ယူတန်ဖိုးငွေကျပ် ၁၃၄၈၉၇၅၀/-နှင့် ဝန်ဆောင်စရိတ်ငွေကျပ် ၆၆၀၉၉၇၇/- နှင့် စုစုပေါင်းငွေကျပ် ၂၀၀၉၉၇၂၇/- (ကျပ်သိန်းနှစ်ရာကိုးသောင်းကိုးထောင်ခုနစ်ရာ နှစ်ဆယ့်ခုနစ်)တိတိ ရလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၁၁ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်မောင်)
ဒုတိယခရိုင်တရားသူကြီး
မြောင်းမြခရိုင်တရားရုံး

အမည်ပြောင်း

ဦးအောင်ကြည်ထွန်း၏သမီး နေပြည်တော်ဇေယျာသီရိမြို့နယ် အလက(၁)မှ သူငယ်တန်း အောင်မြင်ထားသော မဝင့်ဝါကြည်ထွန်းအား မယွန်းပြည့်ရတီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းပြည့်ရတီ**

အမည်ပြောင်း

ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၃) လမ်းနေ ဦးကိုကိုမောင် ၁၄/အမန(နိုင်)၀၉၂၈၀၅၏ သမီးကြီး မရွှန်းကာရံကိုအား မဂျူးကြယ်စင်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဂျူးကြယ်စင်ကို**

အမည်ပြောင်း

ဦးဇော်လတ်၏သား နေပြည်တော် ပန်းခင်း(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ မင်္ဂလာဇေယျာ၊ သူငယ်တန်း အောင်မြင်ထားသော မောင်သန့်စွမ်းအား မောင်ဇော်ဇော်စွမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇော်ဇော်စွမ်း**

အမည်ပြောင်း

ဦးတင်ထွန်းအောင်၏ သား၊ မြောင်းမြမြို့ အထက (၁)၊ စတုတ္ထတန်း (က)မှ မောင်စွမ်းအင်လင်းအား မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စည်သူအောင်**

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြေတိုင်းရပ်ကွက် ၁၄၊ မြေကွက်အမှတ်(၄၁၉/၄၂၀)၊ နှစ်ကွက်အကျယ်အဝန်းပေ(၈၀×၆၀) ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရှုပ်အရှင်းမရှိ တစ်ဦးတည်းပိုင်ဆိုင်သည်ဟုဝန်ခံပြောဆိုရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်လတ် (ဘ) ဦးတင်အေး ၁၄/ဒဂန(နိုင်)၀၀၄၁၁၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းနီ
အထက်တန်းရှေ့နေ (၇၇၂၆)
အမှတ် ၄၃၉၊ ဘုရင့်နောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၅၀၀၃၃၇၁၊ ၀၉-၄၂၀၁၁၉၄၀

၁၆ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဦးမောင်ထွန်း + ဒေါ်ခင်ကျော့ကျော့လှိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်း၊ လူနေရပ်ကွက်အမှတ် ၁၂၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၂၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေအမျိုးအစား နှစ်၆၀ဂရန်မြေဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြရှိန် ၁၂/ဥကတ(နိုင်)၀၀၄၈၃၂အမည်ပေါက်ပြီး ဦးမြရှိန်နှင့် ၎င်း၏ဇနီးဒေါ်အေးကြည်တို့မှအသီးသီး ကွယ်လွန်သွားကြပြီးဖြစ်၍ ၎င်းတို့၏ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်ခင်တင့်၊ ဒေါ်စန်းစန်းနွယ်၊ ဦးကျော်ရှိန် (ကွယ်လွန်) ၎င်း၏ဇနီး ဒေါ်ချိုချိုဝင်း၊ ဦးတင့်ဝေ၊ ဦးအောင်ငွေး၊ ဒေါ်ခင်မေစီနှင့် ဦးသန်းထွန်းအောင်တို့က အမွေဆက်ခံပိုင်ဆိုင်လာသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ့အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတို့ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B — တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်မာနွယ် LL.B, D.B.L — **ဒေါ်ငွေးငွေးဝင်း LL.B, D.I.L, LCCI(UK)** — အထက်တန်းရှေ့နေများ

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၀၈၁၄၊ ၀၉-၇၃၀၇၁၇၉၂၊ ၀၉-၂၅၀၆၄၉၇၉၉

အိမ်ငှားရန်ရှိသည်

အမှတ် ၃၅၊ မြလမ်း၊ (၂၀×၄၀)၊ သုံးထပ်တိုက်၊
(ရေ၊ မီးစနစ်ကောင်းသည်)
တစ်လ ၁၅ သိန်း။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၆၂၆၇၆၇၊ ၀၉-၅၀၃၂၈၁၉၊ ၀၉-၄၅၀၀၀၁၄၀၉

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
အရောင်းဆိုင်ခန်းများချထားရေးကော်မတီ
အရောင်းဆိုင်ခန်းများနှင့် စားသောက်ဆိုင်ခန်းများလျှောက်ထားရန်

အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် မေ ၂၈ရက်

၁။ ၂၀၁၄ ခုနှစ် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၄-၆-၂၀၁၄ရက်မှ ၆-၇-၂၀၁၄ရက်အထိ ကျင်းပပြုလုပ် ပါမည်။

၂။ ဖော်ပြပါ ပြပွဲတွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်ခန်း များ၊ အခြားကြော်ငြာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ ပြပွဲခန်းမ ပြင်ပဝင်းဧရိယာအတွင်း ရေသန့်နှင့်အအေးဆိုင်ဖွင့်လှစ်ရောင်းချလိုသူများသည် ဆိုင်ခန်းနေရာရရှိရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(ရန်ကုန်)နှင့် နေပြည်တော်မြို့များတွင် လျှောက်ထားနိုင်ပါသည်။

၃။ ဆိုင်အမျိုးအစားအလိုက် ပေးသွင်းရမည့်ဆိုင်ခန်းခမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသောက်ဆိုင်ကြီးများ	ကျပ် ၁၀ သိန်းနှုန်း
(ခ) အခြားကြော်ငြာအရောင်းဆိုင်ကြီးများ	ကျပ် ၁၀ သိန်းနှုန်း
(ဂ) ထူးထရေးဒင်း/မေအင်န်မတ်/ မိုးကုတ်အိပ်ဆဲလင့်ဂရဆိုင်ကြီးများ	ကျပ် ၅ သိန်းနှုန်း
(ဃ) ဘဏ်ကောင်တာများ	ကျပ် ၅ သိန်းနှုန်း
(င) လက်ဝတ်ရတနာအရောင်းဆိုင်(ကျွန်း)	ကျပ် ၃ သိန်းနှုန်း
(စ) ခွင့်ပြုဆိုင်ကောင်တာနှင့်ဆက်စပ်ပြီး (Site Table)ထပ်တိုးစားပွဲတစ်လုံး	ကျပ် ၁ သိန်းနှုန်း
(ဆ) ရေသန့်နှင့်အအေးဆိုင်နေရာ	ကျပ် ၁ သိန်းနှုန်း
(ဇ) စားသောက်ဆိုင်ငယ်များ(Basement)	ကျပ် ၃ သိန်းနှုန်း
(ဈ) သံစင်	ကျပ် ၃ သောင်းနှုန်း

၄။ ဆိုင်းခန်းနေရာများကို မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)၌ (မဲစနစ်) ဖြင့် ချထားပေးပါမည်။ မဲနှိုက်ချထားပေးမည့်ရက်ကို ထပ်မံအသိပေးကြေညာပေးပါမည်။

၅။ လက်ဝတ်ရတနာအရောင်းဆိုင်များမှ ဝင်ခွင့်လျှောက်ထားမည့်သူများစာရင်းကို ၁၂-၆-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ အုပ်ချုပ်ရေးမှူး(မဏိရတနာခန်းမ)သို့ ပေးပို့ကြရပါမည်။

အရောင်းဆိုင်ခန်းများချထားရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်/ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀ဒသမ၀၆၈ဧကရှိ ဦးအီယာ(ခ) ဦးကေအီယာ(ပါ)၃ အမည် ဖြင့်ပိုင်ဆိုင်သော ဘိုဘေပိုင်မြေကွက်အား ဦးရွှေလှ(ပါ)၄ ၉/ပမန(နိုင်)၀၀၈၀၂၈၊ ဦးအိကျိန်း(ခ) ဦးကေအိကျိန်းက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဇ)၊ မြေကွက်အမှတ် (၆၆၉ 3/2)၊ မြေကွက်တည်နေရာအမှတ် (၆၆၉ 3/2)၊ သုခမ္မာလမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်မြသွေး(အန်/အိုကေအေ-၀၄၆၉၇၅)နှင့် ဦးမောင်ညို အိုင်အက်စ်အန်-၅၂၁၄၆၁၊ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် အစ်ကိုဖြစ်သူ ဦးမောင်ညို ကွယ်လွန်သဖြင့် ဒေါ်မြသွေး ၁၂/ဥကမ(နိုင်)၁၁၀၃၀၉၊ ဒေါ်ချို ၁၂/ဥကမ(နိုင်)၁၁၈၀၀၄ တို့က အစ်ကိုတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်မျိုး ၉/မမန(နိုင်)၀၁၃၀၂၇ မိုင်းဆတ်မြို့တွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးက ဦးစိုးငွေ ၁၃/လရန(နိုင်)၀၂၉၂၈၆၊ ရပ်ကွက်(၇)၊ လားရှိုးမြို့နေသူအား ၅-၇-၂၀၀၂ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် ဦးစိုးငွေသည် ဦးအောင်မျိုး၏ကိုယ်စား ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြန်လည်တင်ပြခြင်းမရှိသဖြင့် ဦးအောင်မျိုးက အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ ဦးစိုးငွေ၏ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ကျွန်ုပ်၏မိတ်ဆွေဦးအောင်မျိုးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသီဟကျော် တရားလွှတ်တော်ရှေ့နေ LL.B(စဉ်-၈၇၄၀/၂၀၁၃)

ဖုန်း-၀၉-၅၂၃၂၀၆၁၊ ၀၉-၄၀၁၆၂၂၆၅၀

National Survey on Prevalence of Diabetes and Non-Communicable Diseases in Myanmar အတွက်

လျှောက်လွှာခေါ်ယူခြင်း

လိုအပ်ချက်များ

၁။ ဆရာဝန်ဖြစ်ရမည်။

၂။ ကွင်းဆင်းလေ့လာခြင်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ (သို့) ကွင်းဆင်းလေ့လာခြင်း အတွေ့အကြုံရလိုသူဖြစ်ရမည်။

၃။ စေလွှတ်ရာ တိုင်း/ဒေသ/မြို့နယ်/ကျေးရွာများသို့ သွားလာနိုင်သူဖြစ်ရမည်။

၄။ ညအိပ်ခရီးသွားလာနိုင်သူဖြစ်ရမည်။

အကျိုးခံစားခွင့်များ

၁။ ကွင်းဆင်းစစ်တမ်းကောက်ရာတွင် ကုန်ကျမည့်စားစရိတ်၊ ခရီးစရိတ်၊ နေထိုင်စရိတ်များ အလုံအလောက်ထောက်ပံ့မည်။

၂။ ကွင်းဆင်းလေ့လာခြင်းဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများ မြောက်မြားစွာရရှိမည်။

၃။ မြန်မာနိုင်ငံ Project မှအသိအမှတ်ပြုသော လက်မှတ်ရရှိမည်။

၄။ ကူးစက်မဟုတ်သောရောဂါများကို ကာကွယ်ထိန်းသိမ်းရန် အသုံးဝင်သော တစ်နိုင်ငံလုံးဆိုင်ရာ စစ်တမ်းကောက်ယူမှုကြီးတွင် ပါဝင်ကြောင်း အသိအမှတ်ပြုခြင်းခံရမည်။

သင်တန်းကာလ - 25-29 June

ကွင်းဆင်းကာလ -၂လ-၃လ

ဆက်သွယ်ရန်ဖုန်းနံပါတ်

ဒေါက်တာကျော်မြင့်မြတ်သိန်း

ဖုန်း-၀၉-၄၃၀၆၈၀၅၀၊ ၀၁-၉၆၉၉၈၅၃

လျှောက်လွှာဖောင်ထုတ်ယူရန်နေရာ

ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်၊

ဆီးချိုသွေးချိုစီမံချက်ဌာန

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်မြို့နယ်၊ (၁၄/၈)ရပ်ကွက်၊ နေသဟာယလမ်း၊ အမှတ် (၁၄/၁၁၈၀)၊ မြေအကျယ်ပေ(၄၀×၆၀)သည် ဒေါ်ငွေရီ CF-၀၅၈၄၁၁ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားပြီး မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်နုနုအေး ၁၂/ မဂတ(နိုင်)၀၀၄၅၇၄ထံမှ မြေအကျယ်ပေ (၂၀×၆၀)(ဘယ်ဘက်ခြမ်း)အား ဝယ်ယူရန် ကျွန်ုပ်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်ကြောင်းအထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မြင့်

တိုက်(၁)၊ အခန်း (၆)၊ ဇီဝကအိမ်ရာ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊

ဖုန်း-၀၉-၄၂၁၀၃၄၃၄၉၊ ၀၉-၄၄၈၅၄၄၀၈၇

၂၄-၅-၂၀၁၄ ရက် ကြေးမုံသတင်းစာနှင့် ၂၆-၅-၂၀၁၄ရက်မြန်မာ့အလင်းသတင်းစာပါ ဒေါ်စန်းစန်းတင့်နှင့် ၎င်း၏ရှေ့နေဦးဝင်းမြင့်၊ ဒေါ်သိမ့်သိမ့်ထွန်းတို့၏ ကြေညာခြင်းနှင့်ပတ်သက်၍

ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

၂၄-၅-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၆-၅-၂၀၁၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဒေါ်စန်းစန်းတင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေများ၏ ကြေညာခြင်းမှာ မှန်ကန်မှုလုံးဝမရှိပါ။ ဒေါ်စန်းစန်းတင့်နှင့် ဦးတင်ထွန်းတို့ ၁၁-၇-၂၀၁၂ရက်စွဲပါ နှစ်ဦး သဘောတူ အခန်းပေးအခန်းယူ ကတိစာချုပ်ချုပ်ဆိုစဉ်ကပင် ကျူးကျော်မြေကွက်ကို ဂရန် ရရှိရေးမှာ အချိန်ကာလကြာမြင့်နိုင်ကြောင်း ဦးတင်ထွန်းက ဒေါ်စန်းစန်းတင့်အား အတိ အလင်းပြောကြားခဲ့ပြီး ဒေါ်စန်းစန်းတင့်ကလည်း ကျေနပ်သဘောတူလက်ခံသဖြင့် ထိုစာချုပ်၌ ဆောက်လုပ်ရေးအချိန်ကာလကို သတ်မှတ်ထားခြင်းမရှိ၊ ဦးတင်ထွန်းက အလိုက်ငွေများပေး၍ ဒေါ်စန်းစန်းတင့်က လက်ခံရယူပြီး နှစ်ဦးသဘောတူကတိစာချုပ်ကို သက်သေများရှေ့တွင် ချုပ်ဆိုထားခြင်းဖြစ်ပါသည်။

အထူးဂရန်လျှောက်ထားသည့်ကိစ္စမှာ နှစ်ဦးသဘောတူကတိစာချုပ်အရ မြေရှင်ကိုယ်တိုင် လိုက်ပါဆောင်ရွက်လက်မှတ်ရေးထိုးရမည့် တာဝန်ဖြစ်ပါသည်။ ဦးတင်ထွန်းနှင့်မည်သို့မျှ မသက်ဆိုင်ပါ။ ထိုသို့ အထူးဂရန်လျှောက်ထားဆဲကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်၍ မရသည်ကို လူတိုင်းအသိပင်ဖြစ်ပါသည်။

သို့ပါလျက် ဦးတင်ထွန်း၏အမည်၊ မှတ်ပုံတင်၊ လုပ်ငန်းအမည်၊ လိုင်စင်အမှတ်များဖြင့် ခေါင်းစဉ်တပ်ထည့်သွင်း၍ ကြေညာခြင်းသည် ကောင်းသတင်းဖြင့် လုပ်ကိုင်လျက်ရှိသော ဦးတင်ထွန်းအား ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ လုပ်ငန်းအရလည်းကောင်း၊ ဂုဏ်သရေသိက္ခာကို များစွာထိခိုက်ဆုံးရှုံးစေလျက်ရှိပါသည်။ နှစ်ဦးသဘောတူချုပ်ဆိုထားသော ၁၁-၇-၂၀၁၂ ရက်စွဲပါ စာချုပ်မှာလည်း ဥပဒေအရ တစ်ဖက်သတ်ဖျက်သိမ်း၍မရကြောင်း ရှေ့နေများနှင့် ဒေါ်စန်းစန်းတင့်ကိုယ်တိုင် သိရှိပြီးဖြစ်ပါလျက် တရားဝင်ဖျက်သိမ်းကြောင်း တစ်ဖက်သတ် ကြေညာခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်နေသည့်အတွက် ညွှန်ကြားသူနှင့် ကြေညာသူတို့က ဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ ဦးတင်ထွန်းက လိုက်နာရန်တာဝန်မရှိပါ။

ထို့ကြောင့် ဒေါ်စန်းစန်းတင့်သည် ဦးတင်ထွန်းထံမှ ၁၁-၇-၂၀၁၂ရက်စွဲပါ စာချုပ်ဖြင့် ငွေများလက်ခံရယူပြီး မရိုးမဖြောင့်သောသဘောဖြင့် နှစ်ဦးသဘောတူစာချုပ်ကို တစ်ဖက်သတ် ဖျက်သိမ်းရန် ကြံစည်၍ မမှန်မကန်စွပ်စွဲခြင်းကို ဦးတင်ထွန်းက ပြင်းထန်စွာ ငြင်းဆိုကန့်ကွက်ပါကြောင်းနှင့် ဒေါ်စန်းစန်းတင့်နှင့်ရှေ့နေများ၏ ၂၄-၅-၂၀၁၄ရက်စွဲပါ ကြေညာခြင်းကို ယနေ့မှစ၍ ၁၄ရက်အတွင်း ပြန်လည်ရုပ်သိမ်း၍ ဦးတင်ထွန်းကျေနပ်သည်အထိ ဖြေရှင်း ဆောင်ရွက်ပေးရန် လေးနက်စွာသတိပေးတောင်းဆိုပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လွှဲအပ်ညွှန်ကြားသူဒေါ်စန်းစန်းတင့်နှင့်ကြေညာသူများ၊ မမှန်မကန်စွပ်စွဲပြောဆိုသူများအပေါ် ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဇောထက် LL.B, DBL, WIPO (Switzerland) — အထက်တန်းရှေ့နေ (စဉ်-၃၀၃၈၃)

ဦးရဲမြင့် B.A (Law), LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၄)

အမှတ် (၃၃)၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၉၄၈၄၄၊ ၀၉-၄၂၀၂၈၈၈၁၂

ကန့်ကွက်နိုင်ပါကြောင်း

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]	[illegible]

[illegible]

[illegible]	[illegible]

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ မေ ၃၀ရက်၊ သောကြာနေ့။

ပြည်တွင်းသတင်း

ညောင်ဦးမြို့နယ် ကျေးလက်တောရွာများတွင် နိုင်ငံတော်အထူးသီးသန့်ရန်ပုံငွေနှင့် စက်ရေတွင်းတူးဖော်

စာ - ၃

ခရီးသွား

ချင်းပြည်နယ်၌ စိုက်ပျိုးမြေဖော်ထုတ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး စီမံချက်ချလုပ်ဆောင်

စာ - ၆

ချယ်လ်ဆီး၊ ပီအက်စ်ဂျီ နဲ့ လူးဝစ်ဇ်တို့ကို တွက်ဆကြည့်ခြင်း

စာ - ၇

ဘောလုံးအားကစား နှင့် စနအင်အား

စာ - ၇

ဒေးဗစ်လူးဝစ်ဇ်

ကမ္ဘာ့ဖလားမိတ်ဆက် [၈]

ကိုလံဘီယာ၊ ဂရိ၊ အိုင်ဗရီကို့စ် နှင့် ဂျပန်တို့၏ အနေအထားများ

စာ - ၂

ကမ္ဘာ့ဖလားမိတ်ဆက် - ၈

ကိုလံဘီယာ၊ ဂရိ၊ အိုင်ဗရီကို့စ်နှင့် ဂျပန်တို့၏ အနေအထားများ

သစ်မင်းအိမ်

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းပေါင်း ၃၂ သင်းကို ပရိသတ်ကြိုတင်လေ့လာနိုင်ရန်အတွက် သုံးသပ်ဖော်ပြရန် ရည်ရွယ်ခဲ့ပြီး အဆိုပါရည်ရွယ်မှုအရ အုပ်စု (A) နှင့် (B) အသင်းများအကြောင်းကို သုံးသပ်ဖော်ပြပေးပြီးဖြစ်ရာ ယခုတစ်ပတ်တွင် အုပ်စု (C) မှ ပြိုင်ပွဲဝင်အသင်းများအကြောင်းကို တင်ပြပေးလိုက်ရပါသည်။

ကိုလံဘီယာကစားသမား ဖယ်ကာအို



ဂရိကစားသမား တိုလိုစီဒစ်

ကိုလံဘီယာ၏ လားရာ

ကိုလံဘီယာသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ကြီးမားသည့်အစဉ်အလာကို ရယူထားနိုင်ခြင်းမရှိပေ။ စုစုပေါင်းခြေစစ်ပွဲအောင်မြင်မှုမှာ ယခုတစ်ကြိမ်နှင့်ပေါင်းမှ ငါးကြိမ်သာရှိခဲ့ဖူးသည်။ ကိုလံဘီယာသည် ပြီးခဲ့သည့် လေးကြိမ်က အုပ်စုမှ သုံးကြိမ်ထွက်ခွာခဲ့ရပြီး တစ်ကြိမ်သာ အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ခဲ့သည်။ သို့သော်ကိုလံဘီယာသည် ယခုတစ်ကြိမ်တွင် အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ရန် အလားအလာကောင်းလျက်ရှိသည်။ အထူးသဖြင့် ကိုလံဘီယာသည် ယနေ့အချိန်၌ ကစားသမားကောင်းများစွာ ပေါ်ထွက်လျက်ရှိသည်။ အဓိက တိုက်စစ်မှူးဖြစ်သည့် ဖယ်ကာအို အပါအဝင် ဂူတီရက်စ်၊ ရိုဒရီဂွေးဇ် စသည့်ကစားသမားများမှာ ကစားသမားကောင်းများဖြစ်သည့်အလျောက် ကိုလံဘီယာသည် တောင်အမေရိကဇုန်ခြေစစ်ပွဲ၌ ဒုတိယနေရာဖြင့် တိုက်ရိုက်ခြေစစ် ပွဲအောင်မြင်ခဲ့သည်အထိ ခြေစွမ်းပြသနိုင်ခဲ့သည်။

ထို့အတူ နည်းပြပီကာမန်းလ်သည်လည်း ယခုကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့်အသင်းအား ကားလို့စ် ဘာကာ၊ ဂျက်ဆန်မာတီနက်ဇ်၊ အက်ဒရီယန်ရာမို့စ်၊ ဂျိမ်းရိုဒရီဂွေးဇ်၊ ကူရာဒါဒို၊ ကားလို့စ်ဆန်းချက်ဇ်၊ ဇာပါတာ၊ ဇူနီဂါ စသည့် ဥရောပအခြေစိုက် ကစားသမားကောင်းများကို ရွေးချယ်ထားခဲ့ပြီး ဂူဒီရက်စ်၊ ဗဲဒက်စ်၊ ဘာလန်တာတို့ကဲ့သို့သော တောင်အမေရိက အခြေစိုက် ကစားသမားများနှင့်လည်း ပေါင်းဖက်ဖွဲ့စည်းထားပေရာ ကိုလံဘီယာ၏ စုဖွဲ့မှုသည် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။ သို့သော်ကိုလံဘီယာတွင် အဓိကတိုက်စစ်မှူး ဖယ်ကာအို ဒဏ်ရာရရှိနေခြင်းက မထင်မှတ်သော အခက်အခဲ ဖြစ်လာနိုင်ပေသည်။ ဖယ်ကာအိုသည်အသင်း၏ အမာခံတိုက်စစ်မှူးဖြစ်ပြီး လက်ရှိအချိန်တွင် အသင်း၏ လူစာရင်း၌ ပါဝင်နေသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုနောက်ဆုံးပွဲစဉ်မှသာ ပါဝင်နိုင်ဖွယ်ရှိနေသည်။ ထို့ကြောင့် ကိုလံဘီယာ၏ တိုက်စစ်ပိုင်းမှာ အနည်းငယ်ရှုန်းကန်ရမည့်အနေအထားတွင်ရှိနေပြီး နည်းပြပီကာမန်းလ်၏ အတွေ့အကြုံနှနယ်ခြင်းကလည်း အားနည်းမှုရှိနိုင်သည်။

သို့သော်ကိုလံဘီယာ၏ လူစာရင်းတောင့်တင်းမှုကြောင့် အုပ်စုအဆင့်ကို ကျော်ဖြတ်ရန် မခက်ခဲနိုင်သကဲ့သို့ အကယ်၍ ဖယ်ကာအိုသာ အုပ်စုအဖွင့်ပွဲမှစ၍ကစားနိုင်ခဲ့ပါမူ ကိုလံဘီယာ၏ အနေအထားသည် အုပ်စုတွင်းပြိုင်ဘက်များ အားလုံးထက် သာလွန်နေသည်မှာ သံသယ ဖြစ်စရာလိုအပ်မည်မဟုတ်ဟုသာ ဆိုရပေလိမ့်မည်။

မာကျောမှုနှင့်အခြေခံလာမည့် ဂရိ

ထိုနည်းတူ အုပ်စု (C) ၏ ပြိုင်ပွဲဝင် အသင်းတစ်သင်းဖြစ်သော ဂရိသည်လည်း လျှော့တွက်၍မရသော အသင်းဖြစ်သည်။ လက်ရှိဂရိကစားသမားအများစုဖြစ်သော ဆယ်ပီဂီဒစ်၊ ဆာမာရက်စ်၊ ဂီကက်စ်၊ ကက်ဆိုရာနှင့် ကာရာ ဂူးနက်စ်၊ မိုရာ၊ ဗန်ကျူရာ စသည့်ကစားသမားများမှာ သက်ကြီးကစားသမားများ ဖြစ်နေသော်လည်း ဂရိသည်အသင်းလိုက် ကစားပုံ အထူးမာကျောသောအသင်း ဖြစ်သည်။ ထို့အပြင် ဂရိသည်လက်ရှိအချိန်၌ ပါပါစတာသို ပူးလော့စ်၊ အိုလီဘာ့စ်၊

> ဂရိသည်လက်ရှိအချိန်၌ ပါပါစတာသို ပူးလော့စ်၊ အိုလီဘာ့စ်၊ တိုလိုစီဒစ်စသည့် ခံစစ်မှူးကောင်းများကို ပိုင်ဆိုင်ထားလျက်ရှိပြီး ခံစစ်ပိုင်းကျစ်လျစ်မှုရှိသော အသင်းဖြစ်သည်။ ခြေစစ်ပွဲများကစားခဲ့ရာ ဂရိသည် ၄ ဂိုးသာပေးခဲ့ရပြီး ၁၀ ပွဲတွင် ဂိုးပေးရသည့်ပွဲ ၂ ပွဲသာရှိခဲ့သည်။ ထို့ကြောင့် ဂရိ၏ မာကျောမှုနှင့် ခံစစ်ပိုင်း ကျစ်လျစ်မှုသည် ပြိုင်ဘက် တိုင်းအတွက် ...

တိုလိုစီဒစ်စသည့် ခံစစ်မှူးကောင်းများကို ပိုင်ဆိုင်ထားလျက်ရှိပြီး ခံစစ်ပိုင်းကျစ်လျစ်မှုရှိသော အသင်းဖြစ်သည်။ ခြေစစ်ပွဲများကစားခဲ့ရာ ဂရိသည် လေးဂိုးသာပေးခဲ့ရပြီး ၁၀ ပွဲတွင် ဂိုးပေးရသည့်ပွဲ နှစ်ပွဲသာရှိခဲ့သည်။ ထို့ကြောင့် ဂရိ၏ မာကျောမှုနှင့် ခံစစ်ပိုင်းကျစ်လျစ်မှုသည် ပြိုင်ဘက်တိုင်းအတွက် သတိထားရပေမည်။

သို့သော်ဂရိသည် တိုက်စစ်ပိုင်း အထူးအားနည်းလျက်ရှိသည်။ ဂရိ၏ တိုက်စစ်မှူးများဖြစ်သော ဆယ်ပီဂီဒစ်၊ ဆာမာရက်စ်၊ ဂီကက်စ်နှင့် မီထရိုဂလူးတို့သည် အဆုံးသတ်ပိုင်းအားနည်းသူများဖြစ်ပြီး ခြေစစ်ပွဲအတွင်း ၁၀ ပွဲ၌ ၁၂ ဂိုးသာသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ဂရိသည် ယခုအုပ်စု၌ အမြင့်ဆုံးအနေဖြင့် အုပ်စုဒုတိယနေရာကိုသာ မျှော်လင့်နိုင်မည်ဟု ယူဆနေကြသည်။

ဖျက်မြင်းဖြစ်လာနိုင်သည့်အိုင်ဗရီကို့စ်

အုပ်စုတက်မည့် အသင်းများအနက် အိုင်ဗရီကို့စ်ကိုလည်း ချန်လှပ်၍မရပေ။ အိုင်ဗရီကို့စ်သည် ဒရော့ဘာ၊ ကိုနန်၊ ကိုလိုတိုရေး၊ ဘိုကာ၊ ဇိုကိုရာစသော သက်ကြီးကစားသမားများအား အခြေပြုတည်ဆောက်ထားသော်လည်း ထရာအိုရေး၊ ဝီလ်ဖရက်ဘိုနီ၊ ကာလူး၊ ဂျာဗင်ညို၊ တီအိုတီ၊ ယာယာတိုရေးတို့ကဲ့သို့သော ကစားသမားကောင်းများလည်း ရှိနေသေးသည်။ ထို့အပြင် ယခုကမ္ဘာ့ဖလားသည် ဒရော့ဘာအပါအဝင် သက်ကြီးကစားသမားများအတွက် နောက်ဆုံးကမ္ဘာ့ဖလားဖြစ်နိုင်ပေရာ အဆိုပါ ကစားသမားများသည် သူတို့၏နောက်ဆုံးအခွင့်အရေး၌ ခြေကုန်ထုတ်ယှဉ်ပြိုင်လာမည့် သဘောရှိသည်။

ဆိုရသော် အိုင်ဗရီကို့စ်သည် စုဖွဲ့မှုအရ အကောင်းဆုံးအချိန်ရောက်ကစားသမားများနှင့် သမ္မာရင့်ကစားသမားများကို တွဲဖက်ပေးထားသည့်အပြင် ထိုကဲ့သို့သော ပြင်းထန်သည့်အားစိုက်မှုများ ရှိလာနိုင်ပေရာ အုပ်စုဒုတိယနေရာအတွက် ဂရိကို အကောင်းဆုံးယှဉ်ပြိုင်နိုင်သည့်အသင်းအဖြစ် အိုင်ဗရီကို့စ်ကို သတ်မှတ်လျက်ရှိကြသည်။

ဂျပန်ကစားသမား ကာဂါဝါ

အိုင်ဗရီကို့စ်ကစားသမား ယာယာတိုရေး

အုပ်စုကျော်ဖို့ခက်မည့်ဂျပန်

အဆိုပါ အုပ်စု (C) တွင်ပါဝင်လျက်ရှိသော ဂျပန်မှာမူ အသင်းလိုက်စုဖွဲ့မှုအားကောင်းသည်ကအမှန်ပင်။ ယခုကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့်အသင်းကို ဖွဲ့စည်းရာတွင်လည်း အိုဆာကာ၊ ကီယိုတာကီ၊ ဟွန်ဒါ၊ ကာဂါဝါ၊ အိုကာဇာကီ၊ ဟာစီဘီ၊ ဂိုတိုကူ ဆာကိုင်း၊ ဟီရိုကီဆာကိုင်း၊ ယိုရှီဒါ၊ အူချီဒါ၊ နာဂါတိုမိုစသည့် ဥရောပအခြေစိုက် ကစားသမားများနှင့် အခြေတည်ထားသည်။ ထို့အပြင် နည်းပြဇက်ချီအိုနီမှာလည်း အတွေ့အကြုံပြည့်ဝသောနည်းပြတစ်ဦးဖြစ်သည်။ ခြေစွမ်းပွဲများ၌ ဂျပန်သည် အကောင်းဆုံး ခြေစွမ်းများကိုလည်း ထုတ်ပြထားနိုင်ခဲ့သည်ကို တွေ့ရသည်။

ဂျပန်အနေဖြင့် ခြေစမ်းပွဲများ၌ ဘယ်လ်ဂျီယံကို အနိုင်ကစားနိုင်ခဲ့ပြီး၊ ဟော်လန်ကိုပင် သရေကစားနိုင်ခဲ့သည်ကိုတွေ့ရသည်။ ထို့အပြင် ဂျပန်သည် ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း အီတလီ၊ မက္ကဆီကိုတို့ကဲ့သို့သော အသင်းကောင်းများကို ခြေရည်တူယှဉ်ကစားနိုင်ခဲ့သည်။ ထို့ကြောင့် ဂျပန်သည် လျှော့တွက်၍မရသောအသင်းဖြစ်သည်က မှန်သည်။ သို့သော်အာဖရိက အသင်းဖြစ်သော အိုင်ဗရီကို့စ်၊ ဥရောပ၏ အမာကျောဆုံးဖြစ်သည့် ဂရိ၊ တောင်အမေရိက၏ အသင်းကောင်းဖြစ်သော ကိုလံဘီယာတို့နှင့်ယှဉ်လျှင်မူ မာကျောမှုအပိုင်း၌ အားနည်းလျက်ရှိပေသည်။ ထို့ကြောင့် ယခုတစ်ကြိမ်တွင် ဂျပန်အနေဖြင့် အုပ်စုကျော်ဖြတ်နိုင်ရေး ခက်ခက်ခဲခဲကြိုးစားရနိုင်သည်ဟု သုံးသပ်လျက်ရှိကြသည်။

ကိုလံဘီယာ၏ ကမ္ဘာ့ဖလားမှတ်တမ်း	
၁၉၆၂	- အုပ်စုအဆင့်
၁၉၉၀	- ၁၆သင်းအဆင့်
၁၉၉၄	- အုပ်စုအဆင့်
၁၉၉၈	- အုပ်စုအဆင့်

ဂရိ၏ ကမ္ဘာ့ဖလားမှတ်တမ်း	
၁၉၉၄	- အုပ်စုအဆင့်
၂၀၁၀	- အုပ်စုအဆင့်

အိုင်ဗရီကို့စ်၏ ကမ္ဘာ့ဖလားမှတ်တမ်း	
၂၀၀၆	- အုပ်စုအဆင့်
၂၀၁၀	- အုပ်စုအဆင့်

ဂျပန်၏ ကမ္ဘာ့ဖလားမှတ်တမ်း	
၁၉၉၈	- အုပ်စုအဆင့်
၂၀၀၂	- ၁၆သင်းအဆင့်
၂၀၀၆	- အုပ်စုအဆင့်
၂၀၁၀	- ၁၆သင်းအဆင့်

ဘောလုံးအားကစားနှင့် ဓနအင်အား

ဘောလုံးအားကစားသမားရဲ့ ငွေကြေးနဲ့ အောင်မြင်မှု။ ဒါက ဒီဘက်ခေတ် ဘောလုံးအားကစားနည်းမှာ ဝိရောဓိဖြစ်စရာ အကောင်းဆုံး ပုစ္ဆာတစ်ပုဒ်လိုဖြစ်လာတယ်။ အထူးသဖြင့် ဒီနှစ်ဥရောပဘောလုံးရာသီမှာ စပိန်ကလပ် အက်သလက်တီကိုက လာလီဂါချန်ပီယံဖြစ်တယ်။ ရီးရဲနဲ့ ဘာစီလိုနာတို့ရဲ့ လွှမ်းမိုးမှုကို ဆယ်နှစ်အတွင်း ပထမဆုံးအကြိမ် အဆုံးသတ်နိုင်တဲ့ ကလပ်ဖြစ်လာတယ်။ ဒါပေမယ့် အဲဒီ အက်သလက်တီကိုကပဲ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲရဲ့ အချိန်ပိုမှာ ရီးရဲကို ဂိုးပြတ်ရှုံးပြီး ဒုတိယနေရာနဲ့ပဲ ကျေနပ်ရပြန်တယ်ဆိုတော့။ ဘောလုံးအားကစားမှာ ငွေကြေးဟာ နိုင်ပွဲရပြီး အောင်ပွဲခံနိုင်ဖို့အတွက် အဓိကကျမကျဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။ တွေးစရာတွက်စရာ ဖြစ်လာတယ်။

ပြောချင်တဲ့အဓိပ္ပာယ်က အက်သလက်တီကိုဟာ ငွေအသုံးအတော်နည်းတယ်။ အထူးသဖြင့် လာလီဂါမှာ အက်သလက်တီကိုရဲ့ ချန်ပီယံဖြစ်မှုဟာ ဘောလုံးလောကကို ငွေကြေးနဲ့လွှမ်းခြုံနိုင်အားနဲ့ ငွေခေတ်မှာ လုပ်ရည်ကိုင်ရည်ရှိရင် ဖြစ်ချင်တာကို လုပ်ယူလို့ရတယ်ဆိုတဲ့ သက်သေမျိုး ပြရာရောက်တယ်။ အောင်မြင်မှုတစ်ခုမှာ ငွေကြေးကျောထောက်နောက်ခံဟာ အကြောင်းအရာပေါင်းများစွာထဲက တစ်ခုထက်မပိုဘူးဆိုတဲ့ သီအိုရီကိုမှန်ကြောင်းထွက်ဆရာ ရောက်တယ်။

အရှင်းဆုံးပြောရရင် အက်သလက်တီကိုဟာ ခိုင်မာတောင့်တင်းတဲ့နောက်ခံမပါဘဲ လုပ်နိုင်ခဲ့တာဆိုတော့၊ ငွေကြေးဟာ အောင်မြင်မှုရဖို့ အဓိကအကြောင်းအခြင်းအရာလား မေးစရာ ဖြစ်ပြီး ပြောရရင် ဒီရာသီမှာ သူတို့ရဲ့အင်အားဖြည့်တင်းမှုက ပေါင်သုံးသန်းထက်မကျော်တဲ့ ကစားသမားတွေ၊ အလွတ်ခေါ်ယူနိုင်သူတွေနဲ့ အငှားခေါ်ယူခဲ့မှုတွေ။ အသင်းရဲ့ ပင်မကျောရိုးကစားသမားတွေဖြစ်တဲ့ ဗီလာ၊ ဂါဘီ၊ ဒီယေဂိုကော်စတာတို့က ပေါင်သုံးသန်းအထက်။ ဆိုဆာ၊ လော့ကွိုက်စ်တို့ကဝေ့၊ အက်ဒရီယန်၊ ရိုဒရီကွက်၊ မီရန်ဒါ၊ သီယာဂိုတို့ကအလွတ်။ အထူးသဖြင့် ဒီလိုစုစည်းမှုမျိုး ဘယ်မှာမြင်ဖူးမလဲ၊ ထပ်ပြောရရင် အက်သလက်တီကိုနဲ့ တစ်သင်းလုံးမှာရှိတဲ့ ကစားသမားတွေကို တစ်ရာသီ လစာပေးချေရမှုနှုန်းဟာ ပေါင် ၅၄ သန်းဝန်းကျင်ပဲရှိတယ်။ ဒီနှုန်းက အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် ကျူပီအာပေးနေရတဲ့ လစာထက် ပေါင် ၂၄ သန်းတောင်လျော့တယ် ဆိုတော့ အက်သလက်တီကိုရဲ့ လုပ်နိုင်အားက ဘောလုံးလောကမှာ ငွေကြေးခြံစောင်ကို ပယ်ဖျက်ရာ ရောက်တယ်။

ဒါပေမယ့် ဒီလိုအသင်းက ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲမှာ ရီးရဲကို အချိန်ပိုမှာရှုံးတဲ့အခါ ဘောလုံးမှာ ငွေကြေးက အဓိကကျတုန်းဆိုတာ ပြန်ဖြစ်သွားတယ်။ ဒီတော့ ဘယ်လိုပြောကြမလဲ၊ ငွေကြေးကျောထောက်နောက်ခံ မရှိမှုဟာ လုပ်နိုင်အားနဲ့ လုပ်နိုင်စွမ်းရည်ကို အကန့်အသတ်ဖြစ်စေသလား။ ပေါင် ငါးသန်းတန် ကစားသမားနဲ့ ပေါင် သန်း ၅၀ တန် ကစားသမားတွေကြား ဘာခြားနားသလဲ။ တွေးစရာဖြစ်သွားတယ်။

အထူးသဖြင့် အက်သလက်တီကိုဟာ အဲဒီနေ့ အဲဒီပွဲမှာ ပြိုင်ဘက်ရီးရဲကို ဒုက္ခမပေးနိုင်ခဲ့တာမျိုးမဟုတ်ဘူး။ ဒီရာသီတစ်ခုတည်းအတွက် ယူရို ၁၆၂ သန်းကျော်သုံးထားတဲ့ ရီးရဲမက်ဒရစ်ကို အနိုင်ယူနိုင်တော့ လောက်မတတ်အခက်တွေ့စေခဲ့တယ်။ မိနစ် ၉၀ ပြည့်ပြီးတဲ့အထိ သူတို့နိုင်နေတုန်း။ ဒါပေမယ့် သူတို့ရဲ့စွမ်းဆောင်အားက အဲဒါထက်လုံးဝကို မပိုခဲ့ဘူး။ နာကျင်အချိန်ပိုနောက်ဆုံးမိနစ်မှာ ချေပဂိုးပြန်ပေးရပြီးတဲ့နောက်မှာ အချိန်ပိုအတွင်း သူတို့ရဲ့စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ မဟန်နိုင်လောက်တဲ့အထိ ပြိုကွဲသွားရတာ ဘာကြောင့်လဲ၊ တကယ်ဆိုရင် မိနစ် ၉၀ အထိ တင်းခံအန်တုပြီးခါမှ အချိန်ပိုမိနစ်လောက်ကို တောင့်မခံနိုင်ခြင်းရဲ့နောက်ကွယ်မှာ အခြေခံကျကျအကြောင်းအခြင်းအရာတချို့ရှိတယ်။

အထူးသဖြင့် အက်သလက်တီကိုဟာ နဂိုကတည်းက ရီးရဲနဲ့ယှဉ်ရင် အပေါ်အသင်းမဟုတ်ဘူး။ အောက်အသင်း။ အဲဒီအတွက် နဂိုကတည်းက စိတ်ဓာတ်နဲ့ယုံကြည်မှုမှာ တစ်ပန်းနိမ့်တယ်။ အဲဒီလိုအချိန်မှာ ပွဲပြီးခါနီးမှ နိုင်ပြီလို့တွက်ထားပြီးသားပွဲဟာ သရေကျသွားတော့ ယုံကြည်မှု လုံးဝပျောက်သွားတယ်။ ပေါင် ငါးသန်းတန် ကစားသမားနဲ့ ပေါင်သန်း ၅၀ တန် ကစားသမားတွေအကြား အကြီးမားဆုံးခြားနားမှုကလည်း အဲဒီအချက်ပဲ။ ကြိုးစားအားထုတ်မှုမကွာရင်တောင် ပွဲရဲ့ဖိအားကို ပြန်လည်တုံ့ပြန်နိုင်မှု။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုနဲ့ အကျဉ်းအကျပ်ထဲကနေ နောက်ဆုံးအချိန်အထိ ရုန်းထွက်နိုင်မှုတွေမှာ သိသိသာသာကို ကွာတယ်။ အမှန်တော့ ဒီဒဏ်ကို အက်သလက်တီကို ခံရတာပဲ။

အရှင်းဆုံးပြောရရင် အက်သလက်တီကိုရဲ့ စုဖွဲ့မှုကောင်းကောင်းနဲ့ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်နိုင်ခဲ့ပေမယ့် အဲဒီလိုလုပ်ဆောင်ခဲ့မှုမှာတင် သူတို့ဟာ ခြေကုန်လက်ပန်းကျခဲ့ပြီး ဓနအင်အား မပြည့်ဝမှုနဲ့အတူ အရန်အင်အားပိုင်း မပြည့်ဝမှုကိုပါ မဖာထေးနိုင်တော့ ပြိုင်ပွဲနှစ်ရပ်မှာ အောင်ပွဲရဖို့ သူတို့မှာ စိတ်ပိုင်းရော ရုပ်ပိုင်းပါ အဆင်သင့်မဖြစ်ခဲ့ဘူး။ ပြီးတော့ ရော်နယ်ဒိုနဲ့ ဘေးလ်တို့ဟာ နာမည်နဲ့တင် ပြိုင်ဘက်ကို လွှမ်းမိုးထားနိုင်သူတွေ။ ကစားသမားတွေ နဂိုကတည်းက စိုးရိမ်ကြောက်လန့်မှုရှိတဲ့ကြားက ပွဲအဖြေရှတ်ချည်းပြောင်းသွားတဲ့အခါ မိမိကိုယ်မိမိ ယုံကြည်စိတ်ပါပျောက်ပြီး ၁၅ မိနစ်အတွင်း သုံးဂိုးထပ်ပေးလိုက်ရတာပဲ။

ဒီမှာတင်ပြောစရာရှိတာက အက်သလက်တီကိုဟာ ဒီရာသီမှာ ဘောလုံးလောကရဲ့ ခြံစောင်ဖြစ်တဲ့ ဓနအင်အားကို အန်တုပြနိုင်ခဲ့တာမှန်ပေမယ့် ငွေကြေးနဲ့ အဓိကကျမှုကို အလုံးစုံတွန်းဖယ်လိုက်မှုမျိုးမဟုတ်ဘူး။ ငွေမရှိလို့ အသင်းကို အားမဖြည့်နိုင်တာနဲ့အမျှ အင်အားထပ်မံတိုးတက်လာဖို့မရှိသလို နောက်နှစ်ဒီလိုအန်တုနိုင်ဖို့လည်း မသေချာဘူး။ တခြားမကြည့်နဲ့ ဓနအင်အားကောင်းကောင်းနဲ့ ကစားသမားတွေစုထားနိုင်တဲ့ မန်စီးတီးနဲ့ ငွေသိပ်မသုံးနိုင်တဲ့ လီဗာပူးတို့ရဲ့ အဆုံးအဖြတ်ကာလမှာ အတိမ်းအစောင်းဖြစ်မှုနဲ့တင် မရုန်းထွက်နိုင်မှုကြောင့် ခြားနားသွားတဲ့ချန်ပီယံအဖြေကိုပဲကြည့်၊ ဓနအင်အားရဲ့ စေစားနိုင်မှုပမာဏက မြင်သာတယ် . . . .

▮ဝေမိုးဆက်

ဒေးဗစ်ဗီလာ

ချယ်လ်ဆီး၊ ပီအက်စ်ဂျီနဲ့လူးဝစ်ဇ်တို့ကို တွက်ဆကြည့်ခြင်း

ပြီးခဲ့တဲ့ရက်ပိုင်းက ချယ်လ်ဆီးခံစစ်မှူး ဒေးဗစ်လူးဝစ်ဇ်ဟာ ပြင်သစ်ရဲ့ငွေကြေးအင်အားအတောင့်တင်းဆုံး အသင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းကို ပေါင်သန်း ၄၀ကျော် (အချို့မီဒီယာတွေမှာတော့ ပေါင်သန်း ၅၀လို့ဖော်ပြ) နဲ့ ပြောင်းရွှေ့ကစားဖို့သဘောတူညီသွားခဲ့ပါတယ်။ ဒါဟာယခုအပြောင်းအရွှေ့ရာသီအစအတွက်တော့ကြီးမားတဲ့ရိုက်ခတ်မှု အရှိဆုံးလို့ ဆိုနိုင်တဲ့ အပြောင်းအရွှေ့ပါ။ ပြောင်းရွှေ့ကြေးကလည်း ပေါင်သန်း ၄၀ကျော်။ ဒါဟာကမ္ဘာ့ကလပ်ဘောလုံးသမိုင်းမှာတော့ ကြေးအကြီးဆုံး နောက်တန်းကစားသမား ပြောင်းရွှေ့ဈေးလည်းဖြစ်ပါတယ်။

တကယ်တော့ ဒေးဗစ်လူးဝစ်ဇ်ဟာ ချယ်လ်ဆီးအသင်းကို အန်ဆယ်လော့တီ ကိုင်တွယ်နေခဲ့တဲ့ ၂၀၁၁ ခုနှစ်က ဘင်ဖီကာအသင်းကနေ ယူရို ၂၅ သန်းနဲ့ပြောင်းရွှေ့လာခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ကနဦးကတည်းက ထိပ်တန်းအဆင့်ရှိ ကစားသမားအနေနဲ့ ရပ်တည်နိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာအရှိန်အဟုန်ပြင်းပြင်းနဲ့ဘောလုံးဖျက် ထုတ်နိုင်စွမ်းရှိသလို ရှေ့တန်းအထိလည်းပြေးပြီး ဂိုးတွေသွင်းယူနိုင်စွမ်းရှိတဲ့သူပါ။ သူဟာအန်ဆယ်လော့တီရဲ့လက်အောက်မှာခြောက်လကြာသာ ကစားခဲ့ရပေမယ့် အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကို မန်နေဂျာ မော်ရင်ညို ပြန်လည်ရောက်ရှိလာခဲ့ချိန်မှာတော့ သူ့ရဲ့ခြေစွမ်းဟာ ကျနေပြီး အမှားတွေ ပြုလုပ်နေတဲ့အတွက် မော်ရင်ညိုရဲ့ ယုံကြည်မှုကိုမရဘဲ ရှိနေခဲ့ပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုအသင်းမှာ အသင်းရဲ့ပွဲတိုင်းနီးပါး ကာဟေးလ်နဲ့တယ်ရီတို့ကိုသာအဓိကပွဲ ထွက်စေပြီး သူတို့ပြီးမှသာ လူးဝစ်ဇ်ကိုပွဲထွက်စေခဲ့ပါတယ်။

တကယ်တော့ ဒေးဗစ်လူးဝစ်ဇ်ကို လူတိုင်းကအသင်းရဲ့ အနာဂတ်နဲ့အတူ ရှိနေနိုင်တဲ့ ကစားသမားအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ လူးဝစ်ဇ်ကိုယ်တိုင်ကလည်း အသင်းမှာ အမြဲတမ်းရှိနေဖို့ကို ဆန္ဒရှိနေခဲ့ပါတယ်။ လူးဝစ်ဇ်ဟာ လက်ရှိအချိန်အထိ ကမ္ဘာ့အကောင်းဆုံးခံစစ်မှူးအဖြစ် ရပ်တည်နိုင်နေခဲ့ပေမယ့် ၂၀၁၂-၁၃ရာသီက နေစပြီးသူ့ရဲ့ခြေစွမ်းတွေဟာ ကျဆင်းနေခဲ့ ပါတယ်။ အဲဒီရာသီမှာဆိုရင် သူ့ရဲ့ ဘောလုံးပေးပို့ရာမှာ တိကျမှုဟာ ၈၂ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာလည်း သူ့ရဲ့ ဘောလုံးပေးပို့ရာမှာတိကျမှုက ၈၁ ရာခိုင်နှုန်းအထိ လျော့ကျတာကို တွေ့ရပါတယ်။ သူအခုလိုခြေစွမ်းတွေကျဆင်းချိန်မှာ ကာဟေးလ်နဲ့ တယ်ရီတို့ရဲ့ ခြေစွမ်းကတော့ အကောင်းဆုံးရှိနေခဲ့ပြီး ဘောလုံးပေးပို့ရာမှာတိကျမှုက ၉၀ ရာခိုင်နှုန်းရှိတာကြောင့် သူနဲ့ယှဉ်ရင်တော့ အပြတ်အသတ်ကြီးရှိနေတာကို တွေ့ရပါတယ်။

ဒါတွေကိုကြည့်မယ်ဆိုရင် မော်ရင်ညိုအနေနဲ့ ဘာကြောင့် လူးဝစ်ဇ်ထက် ကာဟေးလ်နဲ့တယ်ရီတို့ကို ပိုမိုနှစ်သက်တယ်ဆိုတာကို သိနိုင်ပါတယ်။ ဒါ့အပြင်လူးဝစ်ဇ်ဟာ အဝေးဘောတွေပေးပို့ရာမှာ တိကျမှုမရှိဘဲ လိုရာပစ်မှတ်ကိုလည်း မရောက်တာကို တွေ့ရပါတယ်။ ဘောလုံးပိုင်ဆိုင်နိုင်မှုပိုင်းကို ကြည့်မယ်ဆိုရင်လည်း အများကြီး လျော့ကျသွားတာကိုလည်း တွေ့နိုင်ပါတယ်။ အဲဒါဟာဂိုးသွင်းယူနိုင်မှုစွမ်းရည်ကို သွားရောက်ထိခိုက်မှုရှိတာကို တွေ့ရပါတယ်။ လူးဝစ်ဇ်အနေနဲ့ ချယ်လ်ဆီးအသင်းအတွက် အရေးကြီးတဲ့ ဂိုးတွေကို သွင်းယူပေးနိုင်တဲ့ မှတ်တမ်းတွေရှိနေခဲ့ပေမယ့် ဒီနှစ်ရာသီအသင်းမှာ ဂိုးလုံးဝသွင်းယူနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါတွေကြောင့်လည်း ဒီနှစ်ရာသီမှာ မန်နေဂျာမော်ရင်ညိုဟာ လူးဝစ်ဇ်ရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီး လုံးဝယုံကြည်မှုမရှိတာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မော်ရင်ညိုဟာ ပရီမီယာလိဂ် ၃၈ပွဲမှာလူးဝစ်ဇ်ကို ပွဲထွက်ကစားသမားအဖြစ် ၁၅ပွဲသာ ကစားစေခဲ့ပါတယ်။ အဲဒီ၁၅ပွဲဟာလည်း အသင်းအတွက် အဓိကပြိုင်ဘက်အသင်းကြီးတွေနဲ့ပွဲတွေမဟုတ်တာကိုလည်း တွေ့ရပါတယ်။ ဒီနှစ်ရာသီကိုကြည့်မယ်ဆိုရင်လည်း လူးဝစ်ဇ်ဟာအမြင့်ဘောတွေကို ကောင်းမွန်စွာ ဖျက်ထုတ်နိုင်စွမ်းမရှိသလို အလျင်စလိုကစားလေ့ရှိပြီး သူ့ရဲ့အဓိကနေရာ မရှိတာကြောင့် အသင်းရဲ့နောက်တန်းဟာ ကာဟေးလ်ကိုသာအဓိကအားထားပြီး ကစားနေရတာကိုတွေ့ရပါတယ်။ အဲဒီပြစ်ချက်တွေကြောင့် မန်နေဂျာမော်ရင်ညို အနေနဲ့ သူ့ကိုရောင်းထုတ်ရခြင်းရဲ့ အဓိကအကြောင်းတွေလို့လည်းဆိုနိုင်ပါတယ်။

အမှန်တကယ်တော့ ချယ်လ်ဆီးအသင်းအနေနဲ့ လူးဝစ်ဇ်ကိုရောင်းထုတ်လိုက်ခြင်းရဲ့နောက်အကြောင်းတစ်ချက်က ပြောင်းရွှေ့ကြေးများများရရှိလို့လည်း ဖြစ်ပါတယ်။ မန်နေဂျာနှစ်သက်မှုမရှိတဲ့အပယ်ခံ ကစားသမားလို့ပြောလို့ရတဲ့ လူးဝစ်ဇ်ကို ပေါင်သန်း ၄၀-၅၀ရရှိတာဟာ ချယ်လ်ဆီးအသင်းအတွက် အံ့သြဖွယ်ရာ အခွင့်ထူးလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အပယ်ခံကစားသမားဖြစ်တဲ့ ကွင်းလယ်ကစားသမားမာတာကို မန်ယူအသင်းဆီ ရောင်းထုတ်ခဲ့တုန်းကလည်း ပေါင် ၃၇ သန်းရရှိခဲ့ပါသေးတယ်။ အခုဟာက အဲဒီထက် ပိုမိုကောင်းမွန်တယ်လို့ ပြောရမှာပါ။ လူးဝစ်ဇ်သာ အပြီးသတ်ပြောင်း ရွှေ့ပြီးပြီဆိုပါက ပီအက်စ်ဂျီအသင်းဟာ ကမ္ဘာ့ကြေးအကြီးဆုံး နောက်တန်းခံစစ်မှူးသုံးဦး ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်သွားမှာပါ။ လူးဝစ်ဇ်အနေနဲ့ ချယ်လ်ဆီးအသင်းရဲ့မန်နေဂျာမော်ရင်ညိုရဲ့ ကစားကွက်နဲ့ အံ့ဝင်ခွင်ကျအောင် ကစားနိုင်ခြင်းမရှိပေမယ့် ပီအက်စ်ဂျီအသင်းရဲ့ ကစားကွက်နဲ့ အံ့ဝင်ပြီး ခြေစွမ်းပြကစား နိုင်ဖို့လည်း ရှိလာနိုင်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကတော့အသင်းရဲ့ အရန်ကစားသမားတွေကို ရောင်းထုတ်ပြီး လူငယ်ကစားသမားကောင်းတွေနဲ့ အကောင်းဆုံးအစားထိုးသွားမှာလည်း ဖြစ်တာကြောင့် လူးဝစ်ဇ်အနေနဲ့ ပီအက်စ်ဂျီအသင်းမှာ အစွမ်းပြကစားနိုင်မယ်ဆိုရင်တောင် နောင်တရဖို့အကြောင်းတရားတော့ မရှိပါဘူး။

ဒါပေမယ့်မော်ရင်ညိုရဲ့ အပယ်ခံကစားသမားဖြစ်တဲ့ လူးဝစ်ဇ်အနေနဲ့ ချယ်လ်ဆီး အသင်းရဲ့အဖိခံ အနှိမ်ခံတွေကိုအားအဖြစ် အသုံးချပြီးနေရာသစ်၊ အသင်းသစ်ဖြစ်တဲ့ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်ပါစေလို့ ဆုတောင်းရင်း. . . . . ။

▮အောင်က

မန္တလေးတိုင်းဒေသကြီး

ညောင်ဦးမြို့နယ် ကျေးလက်တောရွာများတွင် နိုင်ငံတော်အထူးသီးသန့်ရန်ပုံငွေဖြင့်စက်ရေတွင်းတူးဖော်

ညောင်ဦးမြို့နယ် ကျေးလက်တောရွာများဖြစ်သော သနပ်ပင်ကျေးရွာနှင့် ခလန်းကန်ကျေးရွာများ၌ နိုင်ငံတော်အထူးသီးသန့်ရန်ပုံငွေဖြင့် ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးလက်မစက်ရေတွင်းနှစ်တွင်းကို တူးဖော်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ သနပ်ပင်ရွာနှင့် ခလန်းကန်ကျေးရွာသည် ဧရာဝတီမြစ်နှင့် အလွန်ဝေးကွာပြီး ရေရှားပါး သော ကျေးရွာများဖြစ်သည့်အတွက် စက် ရေတွင်းတူးဖော်ပေးပြီး ကျန်ရေရှားသော ကျေးရွာများကိုလည်း ဆက်လက်တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပေးသွားမည်

အထူးသီးသန့်ရန်ပုံငွေမှ တူးဖော်ပေးလျက်ရှိသော စက်ရေတွင်းများသည် တွင်းနက်အမျိုးအစားဖြစ်၍ သနပ်ပင်ကျေးရွာတွင် အနက် ပေ ၅၆၀၊ အချင်း လေးလက်မတွင်းနှင့် ခလန်းကန်ကျေးရွာ၌လည်း တူးဖော်နေဆဲဖြစ်သည့်အတွက် အနက်ပေ မသိရသေးပေ။ အဆိုပါ ခလန်းကန်ကျေးရွာတွင် အချင်းလေးလက်မတွင်းတစ်တွင်း တူးဖော်ပေးလျက်ရှိသည်။ ခလန်းကန်ရွာနှင့် သနပ်ပင်ရွာ၌စက်ရေတွင်းများ တူးဖော်ပေးပြီးလျှင် ရေဂါလန် ၂၀၀၀ ဆံ့ အုတ်ကန် တစ်ကန်စီကိုလည်း တည်ဆောက်ပေးသွားမည် ဖြစ်သည်။

"အခု စက်ရေတွင်းတူးဖော်ပေးမှာက သန့်ရှင်းတဲ့သောက်သုံးရေ ရာနှုန်းပြည့် လွှမ်းခြုံဖို့လိုအပ်နေသေးလို့ တူးဖော်ပေးခဲ့တာပါ။ သနပ်ပင်ကျေးရွာတွင် အရင်မြေသားကန် ရှိပါတယ်။ မြေသားကန်ကနေသောက်သုံးရေအဖြစ်သောက်သုံးခဲ့ရတဲ့အတွက် နှစ်စဉ်ကျန်းမာရေးထိခိုက်မှု အနည်းနဲ့အများရှိခဲ့ပါတယ်။ ကျန်းမာရေးထိခိုက်လို့ ကျေးရွာသူကျေးရွာသားတွေ ငွေကုန်ကြေးကျများပါတယ်။ ဒါကြောင့် အခုကျေးရွာတွေကို သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်အောင် ကျေးလက်ဒေသနဲ့ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်တောရွာဒေသများသို့ စက်ရေတွင်းများတူးဖော်ပေးသည့်အပြင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသော ကျေးရွာများမှ ရေတွင်း၊ ရေကန်များကိုလည်း ဆက်လက်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ကျော်ငြေး

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ချက်များ

- ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ကိုင်ခွင့်အစား လုပ်ပိုင်ခွင့်လက်မှတ်များထုတ်ပေးပြီးဖြစ်ပါသည်။ လယ်ယာမြေဥပဒေ အခန်း (၃) ပုဒ်မ ၉ (ခ)တွင် "**လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်လက်မှတ်၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်များပြုထားပြီး**" ဖြစ်ပါသည်။ ထို့အတူ လယ်ယာမြေ ဥပဒေပုဒ်မ (၁၂) (င)တွင် စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ (၁၈)တွင် "ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်များအတွက် နှစ်ဦးသဘောတူစာချုပ်ကို ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင်ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး၌ မှတ်ပုံတင်ရာတွင် လယ်ယာမြေတန်ဖိုးကို ဒေသန္တရ အခြေအနေအရ ဆီလျော်သော နှုန်းထားဖြင့် သင့်လျော်သည့်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်" ဟု ပြဋ္ဌာန်းထားရှိပါသည်။ ထို့ကြောင့် လယ်ယာမြေများ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

မြန်အောင်မြို့နယ်တွင် စံပြလက်မှုလယ်ယာဖော်ထုတ်ရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ရေအရင်းအမြစ်ဦးစီးဌာနတို့မှ ဆောင်ရွက်ချက်များ

- စံပြစက်မှုလယ်ယာဖော်ထုတ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်မြို့နယ်လျှင် ဧက ၁၀၀ စီ ဖော်ထုတ်ပေးရန် အစီအစဉ်ရှိပြီး မြန်အောင်မြို့နယ်အနေဖြင့် ဧက ၁၀၀ ကို စိုက်တိုးမြင့်အဖွဲ့မှရွေးသည့် နေရာ/ဆည်ရေသောက်ဧရိယာကို စံပြလယ်ယာဖော်ထုတ်ပေးရန် အစီအစဉ်ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာနှင့်ပတ်သက်၍ မြန်အောင်မြို့နယ်၌ စက်မှုလယ်ယာစခန်း အသေးစားရှိပါသည်။ ထွန်စက်ကြီး၊ ဖွဲထွန်စက်၊ လက်တွန်းထွန်စက်တို့ကို ဌာနမှ အရစ်ကျရောင်းပေးပြီး တန်ဖိုးမှာ ဆိုနာလီကာထွန်စက် (Hp 75/90) သိန်း ၂၀၀ ခန့်၊ ဖွဲထွန်စက် သိန်း ၄၀ ခန့်၊ လက်တွန်းထွန်စက် ၁၀ သိန်းခန့် ရှိပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာသုံးစက်ကိရိယာများ၏ ဈေးနှုန်းသည် နိုင်ငံတကာ၏ လယ်ယာသုံးစက်ကိရိယာဈေးနှုန်းနှင့် ယှဉ်လျှင် ဈေးနှုန်းမှန်ကန်ပါသည်။ စက်တစ်စီးဝယ်၍ ထွန်ယက်ရေးအငှားလိုက်လျှင် သုံးနှစ်ကြာသောအခါ ဈေးနှုန်းကျေသွားပြီး စက်ပိုင်တောင်သူဘဝသို့ ရောက်ရှိသွားမည်ဖြစ်ပြီး လယ်သမားများလည်း ဝင်ငွေနှစ်ဆတိုးနိုင်ပါသည်။ လယ်ယာသုံးစက်ကိရိယာများကို နှစ်နှစ်သုံးရစ်နှင့် ဌာနမှအရစ်ကျရောင်းပေးနိုင်သည်။ မဟိန္ဒာကုမ္ပဏီကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီများကလည်း ရောင်းပေးနေပါသည်။ Backhoe၊ Dozer တို့ကဲ့သို့ စွယ်စုံသုံး၍ရသည့် လယ်ယာသုံးစက်ကိရိယာများလည်းရှိပါ၍ စက်မှုလယ်ယာကူးပြောင်းရေးတွင် စက်ယန္တရားပိုင်ဆိုင်ရန် အခွင့်အလမ်းများရှိပါသည်။ မိတ္ထီလာ၌ စက်မှုလယ်ယာသင်တန်းကျောင်းရှိ၍ ဒေသခံတောင်သူလယ်သမားများ၊ တောင်သူလယ်သမား၏ သားသမီးများကို အဓိကသင်ကြားပေးနေပါသည်။

(ဆက်လက်ဖော်ပြပါမည်)

အပူပိုင်းဒေသစိမ်းစိုဖို့
သစ်တောသစ်ပင်တွေထိန်းသိမ်းစို့

AIR KBZ

မြန်မာ့အလင်း
၃၀-၅-၂၀၁၄ (သောကြာနေ့)

မန္တလေးတိုင်းဒေသကြီး

အခွန်အကောက်ဥပဒေရှင်းလင်း

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက မန္တလေးပြည်ကြီးတံခွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်မြင့်က ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူများ ၉၀ ကျော်တက်ရောက်ကြပြီး တက်ရောက်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားကာ အခွန်ဆိုင်ရာလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

တင်မောင် - မန္တလေး

မကွေးတိုင်းဒေသကြီး

ရှစ်အိမ်တန်းကျေးရွာမှ ရွာနေရာသစ်ကို ပြောင်းရွှေ့လိုသူများနေရာချထား

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ညောင်တုန်းကျေးရွာအုပ်စု ရှစ်အိမ်တန်းကျေးရွာတွင် ၁၉၉၇ခုနှစ်ကစတင်၍ ချင်းတွင်းမြစ်ရေတက်တိုင်းကမ်းပါးပြိုကျခဲ့သဖြင့် ယခုအချိန်တွင်ရှစ်အိမ်တန်းကျေးရွာပိုင်မြေမရှိတော့သဖြင့် နိုင်ငံတော်အစိုးရထံမှရွာတည်ရန်မြေနေရာကို အောင်မြင့်မိုရ်သမဝါယမအသင်းပိုင်မြေ ၃၂ ဒသမ ၇၆ဧကကို တောင်းခံခဲ့ကြသည်ဟုသိရသည်။ အောင်မြင့်မိုရ်သမအသင်းပိုင်မြေမှာ ၃၂ဒသမ၇၆ဧကနှင့် ၉ ဒသမ ၀၉ ဧကဟူ၍မြေကွက်နှစ်ခုရှိရာ တွင် ၉ ဒသမ ၀၉ဧကရှိ ကွင်းအမှတ် (၁၁၂-က) မြေကွက်အားအောင်မြင့်မိုရ်သမအသင်းသားများ၏ ဆန္ဒနှင့်သဘော

တူညီမှုတို့ဖြင့် ရှစ်အိမ်တန်းကျေးရွာပိုင်မြေအဖြစ် သမဝါယမပြည်ထောင်စုဝန်ကြီး၏ အကြောင်းပြန်ကြားချက်ဖြင့် သတ်မှတ်ပေးခဲ့သည်ဟုသိရသည်။ အဆိုပါ ၉ ဒသမ ၀၉ဧကရှိ မြေကွက်ကို အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ အိမ်ဝိုင်း ၉၂ဝိုင်းကိုနေရာချထားပေးနိုင်မည်ဖြစ်သည်ဟုသိရသည်။ ထိုအိမ်ဝိုင်းများနေရာသို့ ပြောင်းရွှေ့လိုသော အိမ်ထောင်စု ၁၁ စုအား မေ ၂၇ရက် နံနက် ၈နာရီက နေအိမ်များရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းကို နယ်မြေခံတပ်နယ်မှူး ဒုဗိုလ်မှူးကြီးကျော်စွာထွန်း ဦးဆောင်သည့်တပ်ရင်းသုံးရင်းမှ စစ်သည် အင်အား ၆၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းနှင့်အဖွဲ့က ထော်လာဂျီ ခုနစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်ဟုသိရသည်။

ထို့နောက် ပြောင်းရွှေ့အိမ်ထောင်စု ၁၁ စုကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် နှစ်ရက်စာစားသောက်ရေးစီစဉ်ပေးခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်းနှင့် အိမ်ထောင်စု ၁၁ စုအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀တန်ဖိုးရှိ ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ် ၁၁ အိတ်တို့ကို ခွဲဝေပေးခြင်းတို့ဆောင်ရွက်ပေးကြသည်။

ရှစ်အိမ်တန်းကျေးရွာတွင် အိမ်ခြေ ၁၆၉ အိမ်၊ အိမ်ထောင်စု ၂၁၀ ရှိ၍လူဦးရေအားဖြင့် ၇၉၆ ဦးရှိရာ ယခုရွာနေရာသစ်သို့ပြောင်းရွှေ့သော အိမ်ထောင်စုဝင်များမှာ အိမ်ခြေ ၁၁ အိမ်၊ အိမ်ထောင်စု ၁၁ စုရှိပြီး ကျန်အိမ်ထောင်စုဝင်များမှာ ပြောင်းရွှေ့ကြခြင်းမရှိသေးဟုသိရသည်။

အိမ့်နှင်းဆွေ(ရေစကြို)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

အပြုံးပန်းတို့ဖြင့် ဝေဆာလျက်ရှိနေသော ခေးနင်းကျေးရွာ အဆင့်မြှင့်တင် အခြေခံပညာအလယ်တန်းကျောင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တည်ရှိပြီး မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး နံဘေးတွင်တည်ရှိကာ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးလာသော ကျေးရွာဖြစ်သည်။ ခေးနင်းကျေးရွာသည် အိမ်ခြေပေါင်း ၁၄၀ ကျော်၊ လူဦးရေ ၅၀၀ ကျော်နေထိုင်ကာ ဟိုခို၊ မန်ပျဉ်၊ လွယ်လမ့်အစရှိသော အနီးအနားကျေးရွာ အုပ်စု ၁၁ ရွာ၊ အမျိုးသား အမျိုးသမီး လူဦးရေပေါင်း ၂၄၈၂ဦး၊ အိမ်ခြေပေါင်း ၄၃၈ အိမ်ဖြင့် ခေးနင်းကျေးရွာ အုပ်စုကို ယခင်ကတည်းက စုစည်းနေထိုင်ခဲ့ကြသည်။

ပလောင်လူမျိုးများ အများဆုံးနေထိုင်လျက်ရှိပြီး ဂေါ်ရခါး၊ ကချင်၊ ကိုးကန့်၊ ရှမ်း၊ ဗမာ၊ ဝ လူမျိုးများနေထိုင်လျက်ရှိကြသည်။ ယခင်နှစ်များစွာအချိန်က ခေးနင်းကျေးရွာကလေးသည် မူလတန်းကျောင်းအနေဖြင့် ဖွင့်လှစ်ထားရှိကာ ယခု ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်အမီ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

မေ ၂၈ ရက် နံနက် ၉ နာရီက ကျောင်းရှေ့မှုခ်ဦး ဆိုင်းဘုတ်ရှေ့တွင် အခြေခံပညာအလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်ပညာရေးမှူး(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ ခရိုင်ပညာရေးမှူး ဦးအယ်လ်ဇန်တွဲနှင့် ခေးနင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ခေးနင်းကျေးရွာရှိ အဆင့်တိုးမြှင့် အခြေခံပညာအလယ်တန်းကျောင်းတွင် ယခုလက်ရှိကျောင်းသား ကျောင်းသူ ၂၆၈ ဦး ပညာသင်ကြားလျက်ရှိသည်။ ကျောင်းတွင်းအဆောက်အအုံများအနေဖြင့် အလျား ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၁ပေရှိ စာသင်ဆောင်၊ အလျား ပေ ၉၀၊ အနံ ၂၆ပေ၊အမြင့် ၁၀ပေရှိစာသင်ဆောင်နှင့် အလျား ပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၀ပေရှိ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများအသုံးပြု ယင်လုံရေလောင်းအိမ်သာ ခုနစ်လုံး၊ ရေအတွက် စိမ့်စမ်းရေကို ပိုက်ဖြင့်သွယ်တန်းအသုံးပြုကာ လျှပ်စစ်မီးကလည်း မကြာသေးမီ ကာလကပင် ရရှိသုံးစွဲလျက်ရှိနေသည်။

ကျောင်းအုပ်အပါအဝင် ဆရာ ဆရာမ ကိုးဦးဖြင့် ပညာသင်ကြားပေးလျက်ရှိနေကြောင်းကိုလည်းသိရှိရသည်။ ကျောင်းတွင် ဘော်လီဘောကွင်းနှင့်အတူ ၆ ဒသမ ၁၅၁ ဧကကျယ်ဝန်းသော အားကစားကွင်းတစ်ခုလည်း တည်ရှိနေသည်။ ခေးနင်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးစံပိုကလည်း မိမိတို့ရွာကျောင်းက အခုလိုအဆင့်တိုးမြှင့်လာသည့်အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ မရှိဆင်းရဲတဲ့ ကလေးများအဝေးသို့ သွားရောက်စရာမလိုတော့ဘဲ မိမိတို့ရွာမှာတင် အလယ်တန်းပညာကို သင်ကြားနိုင်ကြတော့မှာဖြစ်ကြောင်း၊ ရွာအနေနဲ့လည်း တကယ်တော်တဲ့ကျောင်းသား ကျောင်းသူများကို အဘက်ဘက်ကတတ်နိုင်သမျှ ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

လားရှိုးမြို့နယ် အနေဖြင့် ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် လားရှိုးမြို့ရပ်ကွက် (၉) ရှိ ထခွဲ အလက(၆)ကို အထက(၈) အဖြစ်လည်းကောင်း၊ ရပ်ကွက်(၄) အတွင်းရှိ ထခွဲ အလက(၃)ကို အထက(၉)အဖြစ်သို့လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ထို့အတူ မူလတန်းလွန်ကျောင်း ခေးနင်းကိုလည်း အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့သည်။ ပညာမြင့်မှ လူမျိုးတင့်မည်၊ စာလည်းသင် လူလည်းပြင်စသည့် ဆောင်ပုဒ်နှင့်အညီ တိုးတက်နိုင်ပါစေကြောင်း ဆန္ဒပြုဖော်ပြအပ်ပါသည်။

ဟန်ငွေး(iprd)

ပဲခူးတိုင်းဒေသကြီး

အမှတ်(၃)အဆန်၊ အမှတ်(၄) အစုန် အမြန်ရထားများ ပြွန်တန်ဆာမြို့၌ ရပ်နား၍ ဒေသခံများအဆင်ပြေ

မြန်မာ့မီးရထားအမှတ်(၃)အဆန် အမှတ်(၄) အစုန် အမြန်ရထား ပြွန်တန်ဆာမြို့၌ စတင်ရပ်နားခြင်းအခမ်းအနားကို မေ ၂၁ ရက် ည ၈ နာရီ မိနစ်၂၀ က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြွန်တန်ဆာမြို့ မီးရထားဘူတာရုံ၌ ကျင်းပသည်။

ပြွန်တန်ဆာမြို့သည် စိုက်ပျိုးရေးကိုအခြေခံကာ စီးပွားရေးကောင်းမွန်သော ဒေသတစ်ခုဖြစ်သည်။ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်ရှိပြီး ရန်ကုန်- မန္တလေးကားလမ်းမဘေးတွင်တည်ရှိကာ စပါး၊ ပဲ၊ ငါးခြောက်၊ ငါးပိ၊ ဖရဲ သီး၊ ငရုတ်၊ ပြောင်း၊ ခရမ်းချဉ်သီးများထွက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ အမြဲတင်ပို့နေရသော ဈေးကွက်မြို့တစ်ခု ဖြစ်သည်။ ယခင်က အဆိုပါရထားများ ရပ်နားခဲ့ခြင်းမရှိသောကြောင့် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတွင် ဒိုက်ဦးမြို့၊ ညောင်လေးပင်မြို့များသို့ ကား၊ ဆိုင်ကယ်များဖြင့် ကြိုသလိုစီးကာ တစ်ဆင့်သွားရောက်စီးနင်းခဲ့ရသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းကာ အခက်အခဲများတွေ့ကြုံခဲ့ရသည်။ သို့ပါ၍ ဒေသခံပြည်သူများက ၂၀၀၉ ခုနှစ်လောက်ကတည်းက အဆိုပါ ရထားများ ရပ်နားပေးရန် ဆန္ဒပြုတင်ပြလာပါသောကြောင့် ယခုအစိုးရ သစ်လက်ထက်တွင် မီးရထားဝန်ကြီးဌာနမှ လမ်းညွှန်မှု၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထားမန်နေဂျာ၊ သွားလာရေး၊ တိုင်းအမှတ်(၆) ရန်ကုန်တို့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မှ ညနေ ၅ နာရီစတင်ထွက်ခွာသော အမှတ်(၃) အဆန်ရထားနှင့် မန္တလေးမှ နံနက် ၆ နာရီ စတင်ထွက်ခွာသော အမှတ်(၄)အစုန် အမြန်ရထားနှစ်စင်း မေ ၂၁ ရက်မှ စတင်ကာ ရပ်နားပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ အစုန်၊ အဆန်ခရီးကို စိတ်ချမ်းမြေ့စွာ စီးနင်းခွင့်ရရှိခဲ့ပြီဖြစ်သည်။

ဒေသခံတစ်ဦးကလည်း ရထားပေါ်မှဆင်းလာပြီး "ကျွန်တော်တို့ ပြွန်တန်ဆာမြို့မှာ ရထားရပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ယခင်ကဆိုရင် ဒိုက်ဦး၊ ညောင်လေးပင်မြို့များသို့ ဆိုင်ကယ်များဖြင့် တစ်ဆင့်သွားရောက်ကာ ရထားစောင့်ပြီး စီးနင်းခဲ့ရသဖြင့် ငွေကုန်အချိန်ကုန်ကာ လူပင်ပန်းခဲ့ရတယ်။ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအနေဖြင့် ရထားတစ်တန်၊ ကားတစ်တန်အဆင့်ဆင့်ပြောင်းစီးခဲ့ကြရ၍ အခက်အခဲများတွေ့ခဲ့ပါတယ်။ အခုတော့ အဲဒီအခက်အခဲတွေမရှိတော့ဘဲ ကိုယ့်မြို့ကိုယ့်ဒေသကို တိုက်ရိုက်သွားလာခွင့်ရ၍ သက်ဆိုင်ရာမီးရထားဌာနကို အထူးကျေးဇူးတင်ရှိပါတယ်။ လက်ရှိမှာတော့ ထိုင်ခုံခွဲတမ်း ငါးခုံလောက်ပဲရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သို့ပေမယ့် ခရီးသွားများတဲ့မြို့ဖြစ်တဲ့အတွက် ထိုင်ခုံခွဲတမ်း ၁၀ ခုံ၊ ၁၅ ခုံ၊ ခုံ ၂၀ အထက် ထပ်မံတိုးမြှင့်ပေးနိုင်ပါကပို၍ အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

နေလင်း(ညောင်လေးပင်)

မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

စစ်တွေမြို့နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီက ကြီးမှူး၍ ကျေးလက်လူထုပူးပေါင်းပါဝင်မှုဖြင့် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ၌ ကျင်းပခဲ့ပြီး အဆိုပါ သရုပ်ပြလေ့ကျင့်မှုတွင် မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက

ရခိုင်ပြည်နယ်

ပူးပေါင်းပါဝင်သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ထိုသို့ သရုပ်ပြလေ့ကျင့်ရာတွင် ကျေးတောပိုက်ဆိပ်ကျေးရွာနေ ကျေးရွာသူ ကျေးရွာသားများက မုန်တိုင်းအန္တရာယ်ကျရောက်မှုအတွက် မိမိတို့၏ နေအိမ်များမှ အရေးကြီးစာရွက်စာတမ်းများ၊ အဝတ်အစားအသုံးအဆောင်ပစ္စည်းများနှင့် အလွယ်တကူစားသောက်နိုင်သည့် အစားအစာများပါဝင်သော အထုပ်အပိုးများကို ယူဆောင်၍ မုန်တိုင်းအန္တရာယ်မှ လွတ်ကင်းနိုင်မည့် သတ်မှတ်ထားသည့် ဘေးလွတ်ရာနေရာများသို့ သက်ကြီးရွယ်အို၊ ကလေးသူငယ်များအား ဖေးမကာရှောင်တိမ်းမှုများကို သရုပ်ပြလေ့ကျင့်ကြသည်။ ထို့နောက် ယာယီခိုလှုံရာနေရာများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများမှ မုန်တိုင်းအန္တရာယ်ကြောင့် ရှောင်တိမ်းရောက်ရှိလာသော အိမ်ထောင်စုမိသားစုဝင်များအား လူဦးရေစာရင်းကောက်ယူခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေနှင့် အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို လက်တွေ့ကျကျသရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ပင်လယ်နဲ့နီးတဲ့ ဒေသဖြစ်တဲ့အတွက် မမျှော်လင့်ဘဲ သဘာဝဘေး အန္တရာယ်တွေ ကျရောက်တဲ့အခါမှာ မိမိကိုယ်မိမိကာကွယ်နိုင်ဖို့အတွက် ကြိုတင်သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျေးတောပိုက်ဆိပ်ကျေးရွာက ပင်လယ်နဲ့အနီးဆုံးဖြစ်တဲ့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ပိုပြီးအန္တရာယ်ရှိနိုင်လို့ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက ပြောကြားသည်။

ဇော်နိုင်ထွန်း(iprd)

ဧရာဝတီ လမ်းညွှန် မြန်မာ့အလင်း

၃၀-၅-၂၀၁၄ (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီး

သလ္လာဝတီမှသည် . . . . (၂)

ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာ။

ဝန်းသိုကျော်သွား ကြည်စိန်

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်းနှင့်အတူ ဝန်းသို-ဗန်းမောက် ၅၇ မိုင်လမ်းပေါ်တွင် မြေသားလမ်း ၃၄ မိုင် ကျောက်ခင်းလမ်း ၁၀ မိုင် ကွန်ကရစ်တံတား ၁၁ စင်း တည်ဆောက်ဖောက်လုပ်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီးသည့်နောက် ဂျိုးတောင်ရွာ လက်ဖက်ရည်ဆိုင်၌ ခေတ္တခဏနားကြသည်။ ထိုအနီးအနားတွင် တိုက်နယ်ဆေးရုံလေးကို မြင်နေရသည်။ ဘူတာရုံကလည်း မဝေးလှ။ ထိုစဉ်ခဏ ကျွန်တော် သတိရလိုက်မိသူ နှစ်ဦးမှာ ကျွန်တော်တို့သူငယ်ချင်း ကြည်စိန်နှင့် ကောင်းစံဦး ။

လွန်ခဲ့သော နှစ်ပေါင်း ၃၆ နှစ်ခန့်က ဝန်းသိုဇာတိဖွား ဗိုလ်လောင်းကြည်စိန်၊ စစ်တက္ကသိုလ် ပထမနှစ်ခွင့်ပြန်ချိန်၌ ဗိုလ်လောင်းကောင်းစံဦးကလည်း ဝန်းသို-ကသာဘက်မှာ အမျိုးတွေရှိသဖြင့် အတူလိုက်ခဲ့သည်။ ဝန်းသိုဘူတာရှေ့တည့်တည့်မှာ ရထားကြီးရပ်သွားခိုက် ဗိုလ်လောင်းကြည်စိန်သည် အိပ်မှုန်စုံမွှားဖြင့် ပြတင်းတံခါးကို ဆွဲတင်ကြည့်သည်။ ပြီးမှ ဘာမပြောညာမပြောပြန်ချကာ ရထားထိုင်ခုံပေါ်တွင် ဆက်၍အိပ်နေသည်ဆို၏။ ဂျိုးတောင်ဘူတာအရောက် ကောင်းစံဦးက မသင်္ကာသဖြင့် ကြည်စိန်အား လှုပ်နှိုးကာ ဘူတာကျော်လာပြီဖြစ်ကြောင်း သတိပေးသည်။ ကြည်စိန်ကလည်း ငါဝန်းသိုသားပါကွဟု ပြောရင်းအတင်းခံငြင်းနေသဖြင့် ဘေးနားခုံမှ ဆရာတော်တစ်ပါးက ဟုတ်တယ် ဒကာလေး ဦးပဥ္စင်း ဝန်းသိုဘူတာက တက်လာတာဟုပြောမှ ကိစ္စပြတ်လေတော့၏။ ကောင်းစံဦး၏ဖော်ကောင်လုပ်မှုကြောင့် အနှီဗိုလ်လောင်းကြည်စိန်သည် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏မြေး ဝန်းသိုကျော်သွားကြည်စိန်ဟု နာမည်တွင်သွားပါလေတော့သည်။

ပင်လည်ဘူးမှ မံစီလေးသို့

ကျွန်တော်တို့အဖွဲ့ ဝန်းသို-ကောလင်းမှ ပင်လည်ဘူးမြို့ကို ကူးလာတော့ တော်တော်လေးနေစောင်းခဲ့ပြီ။ ပင်လည်ဘူးမြို့လေးသည် ကသာခရိုင်အတွင်း မူးမြစ်ဖျားဒေသတွင် ပါဝင်သည်။ မူးမြစ်ဖျားဟုဆိုသော်ငြား မူးမြစ်ကူးတံတား (ပင်လည်ဘူး)ကတော့ ပေ ၆၆၀ ခန့်ကျယ်ဝန်းလာပြီဖြစ်သည်။ မြို့ပေါ်ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၅၂ ခု၊ ကျေးရွာပေါင်း ၂၆၆ ရွာဖြင့် ဖွဲ့စည်းတည်ရှိပြီး ဗန်းမောက်၊ ဝန်းသို၊ ဖောင်းပြင်နှင့် ကောလင်းမြို့နယ်များက ဝန်းရံထားပါသည်။

မံစီလေးကျေးရွာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်လျက်ရှိရာ လုပ်ငန်းများအားလုံးပြီးလုနီးဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနရန်ပုံငွေဖြင့်လည်း ဆရာဝန်နေအိမ်နှင့်ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံဝင်လမ်း၊ ထွက်လမ်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အားလုံးပြီးစီးတော့မည်ဖြစ်သည်။ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏စေတနာ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုတို့ဖြင့် မံစီလေးကျေးရွာ၌ ဆေးရုံတစ်ရုံ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ရန်ပုံငွေနှစ်ရပ်ဖြင့် တစ်ပြိုင်တည်း ဆောင်ရွက်ပေးခြင်းဖြစ်၍ အဆောက်အအုံသည်လည်း အပြည့်အစုံရသွားပြီဖြစ်ကြောင်း၊ နောင်တွင် သံယာ့ဆေးရုံ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်၊ ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်မှာကြားခဲ့သည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မံစီလေးကျေးရွာအထက်တန်းကျောင်းဝင်းအတွင်း ပေ ၃၀၀ အနက်ရှိ စက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ရာ ထွက်ရှိလာသောရေကို ကျောင်းသား ကျောင်းသူလေးများ သောက်သုံးနိုင်ပြီးဖြစ်သကဲ့သို့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းအတွက်လည်း ထိုရေတွင်းက များစွာအထောက်အကူဖြစ်ခဲ့ကြောင်း တွေ့ရှိရသည်။

မံစီလေး - စာခမ်းမှ ကနန်းဒေသသို့

စာခမ်းကျေးရွာတွင် နေ့လယ်စာ စားကြသည်။ စာခမ်းသည် ကနန်းဒေသလမ်းပန်းဆက်သွယ်ရေးအတွက် အချက်အချာကျသော နေရာတစ်ခုဖြစ်သည်။ ဟော်ယောမှ စာခမ်း၊ စာခမ်းမှ ပင်လည်ဘူး၊ ဗန်းမောက်လမ်းကောင်းမွန်ရေးသည် ဒေသခံတိုင်းရင်းသားများ၏ အဓိကလိုအင်ဆန္ဒတစ်ခုဖြစ်သည်။ စာခမ်းကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်သော်ငြား လျှပ်စစ်မီးမရှိပါ။ တတ်နိုင်သူများက မီးစက်သုံးသည်။ ကျွန်တော်နေ့လယ်စာ စားခဲ့သည့်ဆိုင်တွင် ဘိလပ်မြေနှင့်လုပ်ထားသည့် ရေအိုးစင်လေးတစ်ခုရှိသည်။ ရေကလည်း အေး၊ အရိပ်အာဝါသကလည်းကောင်းသဖြင့် အတော်လေးအေးမြနေသည်။ ရေအိုးစင်အောက်ခြေကန်လေးထဲတွင် ရေထည့်ပြီး အအေးဘူးများစိမ်ထားရာ တော်တော်အေးသဖြင့် အစ်မကြီးရဲ့ ရေခဲသေတ္တာက အလွန်ကောင်းတာပဲဗျဟု ရယ်မောနောက်ပြောင်ပြောခဲ့မိသည်။ သူတို့နေသောအိမ်ကို ဝေ့ဝိုက်လေ့လာကြည့်ရာ ပြတင်းပေါက်တိုင်းသည် အပေါ်တွင်တံခါးရွက်နှစ်ခု၊ အောက်တွင်တံခါးရွက်နှစ်ခုရှိနေပြီး တံခါးချိတ်ရန် သံပေါက်ချိတ်များမသုံးဘဲ မိရိုးဖလာနည်းအတိုင်း သစ်သားချိတ်များဖြင့် စို့ရိုက်၍ တပ်ဆင်အသုံးပြုထားကြောင်း တွေ့ရသည်။

ကွန်းလှမြို့နယ်အနောက်ဘက်ခြမ်းဒေသများ

ယခု သဖန်းဆိပ်ဆည်ကြီးမှ ထွက်ရှိသောရေအားလျှပ်စစ်သည် ကွန်းလှမြို့နယ်အတွင်း၌လည်းကောင်း၊ သဖန်းဆိပ်ဆည် အနောက်ဘက်မှကျေးရွာများသို့လည်းကောင်း ရောက်ရှိသုံးစွဲနေပြီဖြစ်သည်။ ယင်းရွာများထဲက တစ်ရွာဖြစ်သော လိပ်စင်းတောင်ကျေးရွာတွင် နတလရန်ပုံငွေဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံ တည်ဆောက်ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရေးအတွက် သားဖွားသင်တန်းများ ပို့ချပေးလျက်ရှိသည်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ထဲထဲဝင်ဝင်နားလည်သဘောပေါက်စေရန် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းခိုင်က ရောက်လေရာကျေးရွာတိုင်း၌ ရှင်းလင်းဟောပြောခဲ့သည်။

နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအမံဖြင့် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်၊ လူမှုစီးပွားဘဝများ မြင့်မားလာအောင်၊ ဆင်းရဲမှုလျှော့ကျအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ဇေယျာကမ်းအလှပန်းချီနှင့် သလ္လာဝတီမှသည်........

အညာမြေတွင် ခုနစ်နှစ်ခန့် နေဖူးသည်။ အညာရနံ့ပါသော၊ တစ်နည်းအားဖြင့် တမာနံ့သင်းသော၊ လက်ပံပင်၊ ထနောင်းပင်တို့၏ အလှကို တန်ဆာဆင်ထားသော တေးသီချင်းအားလုံးကို ကျွန်တော်နှစ်သက်သည်။ ထိုအထဲတွင်မှ တေးသံရှင် ဒေါ်တင်တင်မြ၏ ဇေယျာရွှေမြေ၊ ဒေါ်ရီရီသန့်၏ ဇေယျာကမ်းအလှပန်းချီ၊ မစိမ်းစိမ်း၏ ရွှေမန်းဆီသို့ (ဦး)သန်းထွန်းလေး၏ မမေ့သောအညာနှင့် တစ်ခါကမွေးဌာနီ စသည့်သီချင်းများကို ကြားလိုက်ရသည်နှင့် စစ်ကိုင်း၊ မန္တလေးနှင့် မုံရွာအပါအဝင် အညာဒေသကြီးတစ်ခုလုံးကို ဆွတ်ပျံ့လွမ်းမောဖွယ်ရာ၊ ကြည်နူးတမ်းတဖွယ်ရာ၊ စိတ်အေးချမ်းမြေ့ဖွယ်ရာဒေသအဖြစ် ခံစားမြင်ယောင်လာမိသည်။

ထိုအချိန်အခါမျိုးတွင် ကဘော်ချိုင့်ဝှမ်းဒေသသည်လည်းကောင်း၊ ပင်လည်ဘူး၊ ဗန်းမောက် ဒေသများသည်လည်းကောင်း၊ ကွန်းလှမြို့နယ် အနောက်ခြမ်းကျေးရွာများသည်လည်းကောင်း ပျောက်ကွယ်ကောင်း ပျောက်ကွယ်နေပါလိမ့်မည်။ သို့သော် နိုင်ငံတော်၏စေတနာ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအမံဖြင့် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်၊ လူမှုစီးပွားဘဝများ မြင့်မားလာအောင်၊ ဆင်းရဲမှုလျှော့ကျအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထိုဒေသများသည်လည်း အညာလွမ်းချင်းတေးများထဲတွင် ပါဝင်လာမည်မှာမလွဲဟု ယုံကြည်မိပါကြောင်း. . . ။

မြင့်စိုး(နတလ)

ချင်းပြည်နယ်

ချင်းပြည်နယ်၌ စိုက်ပျိုးမြေပေါ်ထုတ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး စီမံချက်ချလုပ်ဆောင်

ချင်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမြေဖော်ထုတ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် စီမံချက်ချကာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ချင်းပြည်နယ်၏ တောင်ယာမြေစနစ်နှင့်ပတ်သက်၍ လှေကားထစ်မြေယာဖော်ထုတ်ပြီး တောင်ယာမြေကို ရွှေ့ပြောင်းတောင်ယာမြေစနစ်မှ အမြဲတမ်းစိုက်ကွင်းစိုက်ကွက်စနစ်သို့ ပြောင်းလဲဖော်ထုတ်ရန်၊ အဓိကအားဖြင့် တောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးရန် အဆိုပါနည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နေသည်ဟု ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဗန်ထောင်းက ပြောကြားကြောင်းသိရသည်။

ထို့အပြင် ချင်းပြည်နယ်တွင် စိုက်ပျိုးမြေအတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဖော်ထုတ်ရေးမှာ ဧက ၅၀ အောက်ဆိုလျှင် ပြည်နယ်အစိုးရသို့ လျှောက်ထားနိုင်ပြီး ဧက ၅၀ ကျော်လျှင် ပြည်ထောင်စုအစိုးရသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧက ၁၅၀ ဖော်ထုတ်ရန် စီမံချက်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဧက ၁၀၀ ဖော်ထုတ်ရန်စီမံကိန်းထားရှိကြောင်း၊ ယခုနှစ်တွင် ဟားခါးမြို့နယ်၌ ဧက ၁၀၀နှင့်ထန်တလန်မြို့နယ်၌ ဧက ၅၀ စုစုပေါင်း ဧက ၁၅၀ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ချင်းဝေါလ်မီဒီယာမှ သိရသည်။

နေစု(ချင်းရိုးမ)

လက်ရှိချန်ပီယံ ကားလ်ဖရော့ချ်ကို သုံးချီ၌ အလဲထိုးနိုင်မည်ဟု ဂျော့ဘ်ဂရိုဗ့်စ်ပြောဆို

ဗြိတိန်လက်ဝှေ့သမား ဂျော့ဘ်ဂရို့ဗ်စ်က တစ်နိုင်ငံတည်းသား ကားလ်ဖရော့ချ်နှင့် မေ ၃၁ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် စိတ်မကျေပွဲ၌ ကားလ်ဖရော့ချ်အား တတိယအချီ၌ပင် အလဲထိုး အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂရို့ဗ်စ် (၂၆နှစ်)နှင့် ကားလ်ဖရော့ချ်(၃၆နှစ်) တို့၏ စိတ်မကျေပွဲကို ဝင်ဘလေကွင်းတွင် ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပွဲ ၂၀ ထိုးသတ်ခဲ့ပြီးချိန်တွင် ကားလ်ဖရော့ချ်နှင့် ထိုးသတ်ခဲ့သော ပထမပွဲတွင်သာ ရှုံးပွဲကြုံခဲ့ရပြီး ကျန် ၁၉ ပွဲ၌ အနိုင်ရရှိကာ ၁၅ ပွဲ အလဲထိုးနိုင်ခဲ့သူ ဂရို့ဗ်စ်က "ကားလ်ဖရော့ချ်နဲ့ ထိုးသတ်မယ့် စိတ်မကျေပွဲမှာ သူ့ကို သုံးချီထက် ပိုထိုးရလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ နည်းပြ ပက်ဒီဖစ်ဇ်ပက်ထရစ်ကတော့ ကားလ်ဖရော့ချ်ဟာ အနည်းဆုံး ငါးချီမြောက်လောက်အထိ ထိုးသတ်နိုင်လိမ့်မယ်လို့ ယူဆထားတယ်။ ဒါဟာ ကားလ်ဖရော့ချ် အသုံးပြုမယ့် နည်းဗျူဟာပေါ် မူတည်ပါတယ်။ ကားလ်ဖရော့ချ်ကတော့ တတ်နိုင်သမျှပွဲကို ကြာမြင့်အောင် ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ ရည်မှန်းထားတဲ့အချိန်အတွင်းမှာတင် အလဲမထိုးနိုင်ခဲ့ရင်လည်း နောက်အချီတွေမှာ သူ့ကိုလဲကျသွားအောင် ကျွန်တော် စွမ်းဆောင်နိုင်ပါလိမ့်မယ်"ဟု ပြောသွားသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် WBA နှင့် IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခါးပတ်များပိုင်ရှင် ကားလ်ဖရော့ချ်နှင့် စိန်ခေါ်သူ ဂရို့ဗ်စ်တို့ မန်ချက်စတာ၌ ပထမအကြိမ် ထိုးသတ်ခဲ့သည်။ အဆိုပါပွဲတွင် ပထမအချီ၌ပင် ဂရိုဗ့်စ်၏ ညာလက်သီးချက်ကြောင့် ကားလ်ဖရော့ချ် လဲကျသွားခဲ့ရပြီး ဂရို့ဗ်စ်သည် ကိုးချီမတိုင်မီအထိ အမှတ်ပေးဒိုင်လူကြီးများ၏ အမှတ်ပေးမှုတွင် အသာစီးရနေခဲ့သည်။ သို့သော်လည်း ဒိုင်လူကြီးဖြစ်သူ ဟောင်းဝပ်ဖော်စတာက ကိုးချီမြောက်တွင်ပွဲကို အငြင်းပွားဖွယ်ရပ်ဆိုင်းခဲ့ပြီး ကားလ်ဖရော့ချ်ကို အနိုင်ပေးခဲ့ခြင်းကြောင့် စိတ်မကျေပွဲ ပြန်လည်ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

WBA နှင့် IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ခါးပတ်များပိုင်ရှင် ကားလ်ဖရော့ချ်သည် ၃၄ ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၂ ပွဲနိုင်၊ နှစ်ပွဲ ရှုံးနိမ့်ပြီး ၂၃ ပွဲတွင် အလဲထိုးနိုင်ခဲ့သူဖြစ်သည်။

ကားလ်ဖရော့ချ်က သူ၏ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ရေးရာ အလွန်ကောင်းမွန်နေပြီး ဂရို့ဗ်စ်နှင့် ထိုးသတ်မည့် စိတ်မကျေပွဲ၌ ၁၂ ချီပြည့်သည်အထိ ထိုးသတ်ရလိမ့်မည်မဟုတ်ကြောင်း ပြီးခဲ့သည့်ရက်အနည်းငယ်က ပြောဆိုခဲ့သည်။

ထက်အောင်

၂၀၁၄ ခုနှစ် BMW PGA Championship ဂေါက်သီးပြိုင်ပွဲ ချန်ပီယံဆု မက်အီရွိုင်း ဆွတ်ခူး

ပြီးခဲ့သည့် မေလ ၂၂ ရက်မှ ၂၅ ရက်အထိ အင်္ဂလန်နိုင်ငံရှိ **Wentworth** ဂေါက်ကလပ်တွင် ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် European Tour ပြိုင်ပွဲများအနက်မှ တစ်ပွဲ ဖြစ်သည့် BMW PGA **Championship** ဂေါက်သီးပြိုင်ပွဲတွင် မြောက်အိုင်ယာလန်နိုင်ငံသား ရိုရီမက် အီရွိုင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ မက်အီရွိုင်းသည် ၁၉၅၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် **BMW PGA Championship** ပြိုင်ပွဲ၌ ချန်ပီယံဆု ရရှိသည့် ပထမဆုံး မြောက်အိုင်ယာလန်နိုင်ငံသား ဖြစ်လာခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ မက်အီရွိုင်းသည် အဆိုပါပြိုင်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် သူနှင့် စေ့စပ်ထားသော ဒိန်းမတ်နိုင်ငံသူ ကာရိုလိုင်း ဝေါ့ဇ်နီယာကီနှင့် စေ့စပ်ထားခြင်းကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သူဖြစ်သည်။

မက်အီရွိုင်းသည် **BMW PGA Championship** ပြိုင်ပွဲ၏ ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့၊ ဒုတိယနေ့တွင် တစ်ချက်လျော့နှင့် တတိယနေ့တွင် သုံးချက် လျော့ရိုက်နိုင်ခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ ရိုက်နိုင်ခဲ့ကာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့၊ စုစုပေါင်းရိုက်ချက် ၂၇၄ ချက် ရိုက်နိုင်ခဲ့ပြီး ဒုတိယနေရာတွင် ရပ်တည်ခဲ့သည့် အိုင်ယာလန်နိုင်ငံသား ရှိန်းလော်ရီထက် လျော့ရိုက်ချက်တစ်ချက်အသာဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

BMW PGA Championship ပြိုင်ပွဲ ချန်ပီယံဆုသည် မက်အီရွိုင်း၏ **European Tour** ပြိုင်ပွဲများ၌ ရရှိခဲ့သည့် ခြောက်ခုမြောက် ချန်ပီယံဆုဖြစ်ပြီး ဥရောပတွင် **European Tour** ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။ ယခုနှစ် **BMW PGA Championship** ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့ခြင်းကြောင့် မက်အီရွိုင်းသည် ဆုကြေးငွေ ပေါင် ၇၉၁၆၆၀ ရရှိခဲ့ပြီး ပြီးခဲ့သည့် မေလ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားဂေါက်သီးသမားများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၀ နေရာမှ အဆင့် ၆ နေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။

"ဒီသီတင်းပတ်က ကျွန်တော့်အတွက် စိတ်ခံစားမှုတွေ ရောထွေးနေတဲ့ သီတင်းပတ်ပါပဲ။ အင်တာဗျူး အစီအစဉ်တစ်ခုမှာ ကျွန်တော့်ရဲ့ စိတ်ခံစားမှုက ဘယ်လိုနေလဲလို့ မေးမြန်းခြင်း ခံခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်လိုခံစားနေရသလဲဆိုတာကို ကျွန်တော် ကိုယ်တိုင်မသိပါဘူး။ **BMW PGA Championship** ပြိုင်ပွဲမှာ ချန်ပီယံဆု ရရှိခဲ့လို့ ပျော်ရွှင်မိပါတယ်။ ဒီသီတင်းပတ်က ကျွန်တော့်အတွက်တကယ့်ကို ထူးခြားတဲ့ ကာလဖြစ်ပါတယ်"ဟု မက်အီရွိုင်းက ပြောသွားသည်။

အောင်ဇ